စိတ်ကူးချိုချိုပညာ
mgyoe.com

2

# နိုင်ငံတကာဆက်ဆံရေးပညာ

# IR

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

mgyoe.com

mgyoe.com

# နိုင်ငံတကာဆက်ဆံရေးပညာ

## IR

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

mmm0024

2500.00 Ks

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အယ်အက်စ်အို
၂၀၁၄၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၅၀၀ ကျပ်

၈၀၈ · ၈၃

နိုင်ငံတကာဆက်ဆံရေးပညာ-၂
မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်) -ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၄၊
စာမျက်နှာ ၂၃၄ မျက်နှာ၊ ၁၂·၇၅ စင်တီ× ၂၀·၅ စင်တီ
(၁) နိုင်ငံတကာဆက်ဆံရေးပညာ-၂

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

mgyoe.com

# နိုင်ငံတကာ
# ဆက်ဆံရေးပညာ-၂

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

ပထမအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ အမေရိကန်နှင့် အာရှ၏ စီးပွားရေး
အနာဂတ်မဟာမိတ်အခြေအနေ ၁

၂။ အမေရိကန်နှင့် အာရှ၏ စီးပွားရေး
မဟာမိတ်ဖော်ဆောင်ခြင်း ၉

၃။ အမေရိကန်ပြည်ထောင်စုနှင့်
အာရှ–ပစိဖိတ်ဒေသ တည်ငြိမ်မှုအလားအလာ ၁၆

၄။ အမေရိကန်ပြည်ထောင်စုနှင့်
အာရှ–ပစိဖိတ်ဒေသ တည်ငြိမ်မှုအလားအလာမြင်ကွင်း ၂၁

၅။ အမေရိကန်ပါဝါကို တရုတ်နိုင်ငံ၏ အကဲဖြတ်ချက်များ ၂၆

၆။ အမေရိကန်ပြည်ထောင်စု၏ ကျဆင်းမှုနှင့်
ပတ်သက်၍ လုံခြုံရေးကျွမ်းကျင်ပညာရှင်များ၏ အမြင် ၃၁

၇။ တရုတ် နိုင်ငံခြားရေးမူဝါဒနှင့်
ပညာရှင်များ၏ သုံးသပ်ချက် ၃၆

၈။ တရုတ်နိုင်ငံ၏ ပဓာနအကျိုးစီးပွားနှင့်
နိုင်ငံတကာသို့ တုံ့ပြန်မှု ၄၁

၉။ အမေရိကန်၏ တုံ့ပြန်မှုကို ဆန်းစစ်ခြင်း ၄၆

၁၀။ အမေရိကန်မူဝါဒချမှတ်ရေး ၅၀


mgyoe.com

mgyoe.com


၁၁။ တရုတ်နိုင်ငံ၏ စီးပွားရေးပုံစံကို
စီးပွားရေးပညာရှင်များဖြင့် သုံးသပ်ခြင်း ၅၄
၁၂။ တရုတ်–အမေရိကန် ဆက်ဆံရေးစစ်တမ်း ၅၈
၁၃။ အမေရိကန်နိုင်ငံ၏ အာရှမဏ္ဍိုင် အလှည့်အပြောင်း ၆၂
၁၄။ လွတ်လပ်သော ကုန်သွယ်မှု၏ အဖိုးအခများ ၆၇
၁၄။ အမေရိကန်၏ ကိုယ်ကျိုးစီးပွား ကာကွယ်ရေးနှင့်
စီးပွားကပ် ၇၃
၁၅။ အရှေ့တောင်အာရှ သို့မဟုတ် ခုန်အုပ်ရန်
ဟန်ပြင်နေသော ကျားလား၊ ပုန်းကွယ်နေသည့် နဂါးလား ၈၃
၁၆။ အာရှပထဝီနိုင်ငံရေးနှင့် ၂၁ ရာစု
တရုတ်–အမေရိကန် ဆက်ဆံရေး ၉၁
၁၇။ သမိုင်း၏ပုံစံများ၊ တရုတ်နှင့်
အရှေ့အာရှ ဒီမိုကရေစီ ၉၉
၁၈။ အရှေ့အာရှ၏ အာဏာပိုင်အစိုးရ ၁၀၅
၁၉။ အမေရိကန်နိုင်ငံ၏ အင်အားကို ကိုရီးယားနိုင်ငံ၏
အကဲဖြတ်ဆန်းစစ်ခြင်း ၁၁၀
၂၀။ တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးစွမ်းဆောင်ရည်များ ၁၁၆
၂၁။ အမေရိကန်အင်အားကို အကဲဖြတ်ခြင်းများ ၁၂၀
၂၂။ အမေရိကန်အင်အားကို ဂျပန်နိုင်ငံ၏ အကဲဖြတ်ချက် ၁၃၀
၂၃။ သမားရိုးကျ ရှေ့တန်းစစ်အင်အား ၁၃၆
၂၄။ အိုဘားမား၏ နိုင်ငံခြားရေးမူဝါဒကို ဆန်းစစ်ခြင်း
(သို့မဟုတ်) သမိုင်းကို ကွေးညွှတ်ရန် ကြိုးစားသော
တိုးတက်သည့် ဓမ္မဓိဋ္ဌာန်သမား ၁၄၁
၂၅။ အိုဘားမား၏ နိုင်ငံခြားရေးမူဝါဒကို
ဆန်းစစ်ခြင်း (သို့မဟုတ်) အရှေ့အလယ်ပိုင်းနွံတော ၁၄၇
၂၆။ အမေရိကန်ခေတ်၏ နိဂုံး ၁၅၅
၂၇။ အမေရိကန်စီးပွားရေးတွင် မြုံနေသော ပြိုင်ဆိုင်မှု ၁၇၉
၂၈။ စီးပွားရေးအကာအကွယ် မဟာဗျူဟာများ ၁၈၆
၂၉။ အမေရိကန်အင်အားကို ရုရှားဆန်းစစ်ချက်များ ၁၉၁
၃၀။ ရုရှားနိုင်ငံ၏ မဟာဗျူဟာ ကျဆင်းမှု ၁၉၆


mgyoe.com

mgyoe.com

၃၁။ ကမ္ဘာ့ သမ္ဘာစဉ်တွင် အမေရိကန်၏
အခန်းကဏ္ဍကို ရုရှားရှုမြင်ပုံ ၂၀၁
၃၂။ အိုဘားမားလက်ထက်တွင် အမေရိကန်နိုင်ငံကို
ရုရှားရှုမြင်ပုံများ ၂၀၇
၃၃။ အင်ဒိုနီးရှား နိုင်ငံခြားရေးမူဝါဒ ၂၁၂
၃၄။ အင်ဒိုနီးရှားအဖွဲ့အစည်းများတွင် ကွဲပြားခြားနားမှုများ ၂၂၇
၃၅။ မူဝါဒအကောင်အထည်ဖော်ရေး ၂၃၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အမေရိကန်နှင့် အာရှ၏ စီးပွားရေး အနာဂတ်မဟာမိတ်အခြေအနေ

ဒုတိယ ကမ္ဘာစစ်ကာလ နောက်ပိုင်းမှသည် မျက်မှောက်ကာလအထိ အာရှ–ပစိဖိတ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ကြွယ်ဝချမ်းသာရေးသည် အမေရိကန်နိုင်ငံ၏ ချစ်ကြည်မှု အပေါ်တွင် တည်မှီသယောင် ရှိခဲ့သည်။ သို့သော်လည်း မျက်မှောက်ကာလတွင် အာရှဒေသ၏ စီးပွားရေးနှင့် စစ်ရေး အင်အားတို့ ဖွံ့ဖြိုးတိုးတက်လာမှုသည် ဒေသန္တရ အခြေအနေများကို ပြုပြင်ပြောင်းလဲလျက် ရှိပြီး အမေရိကန်နှင့် အာရှ၏ မဟာမိတ်အခြေအနေပေါ် လောင်းရိပ်သင့်နေသည်။ မျက်မှောက်အချိန်သည် အာရှနှင့် ပတ်သက်၍ အမေရိကန်၏ အတွေးအမြင်တို့ကို ပြန်လည်ဆန်းစစ်၍ လိုက်လျောညီထွေ ပြုပြင်ရန် အခါကာလဖြစ်သည်ဟု နိုင်ငံရေး ပညာရှင်များက ဆိုညွှန်းကြသည်။

အာရှတိုက်၏ စီးပွားရေး ဖွံ့ဖြိုးမှုသည် အာရှတိုက်၏ စစ်ရေးနှင့် နိုင်ငံရေး အင်အားကိုပါ ဒွန်တွဲတိုးမြှင့်လာစေခဲ့ပြီး အာရှ–ပစိဖိတ်ဒေသ တစ်ခွင်တွင် ဩဇာ သမ္ဘာစဉ်ကို ပြုပြင်ပြောင်းလဲလိုက်သည်။ ထိုဒေသကို နိုင်ငံက တစ်နိုင်ငံကို စစ်ရေး အရ သိမ်းပိုက်ရေးဖြင့် ခြိမ်းခြောက်သော ရိုးရိုးရှင်းရှင်း အနိုင်အရှုံး သဘောဖြင့် တွက်ဆကြည့်၍ မရတော့ချေ။ ဒေသတစ်ခွင်တွင် အပြန်အလှန် ဆက်စပ်မှုနှင့် အပြန်အလှန် တည်မှီသည့်သဘာဝ တွင်ကျယ်နေပြီး စစ်ရေးယှဉ်ပြိုင်မှုကို စီးပွားရေး အရ ယှဉ်ပြိုင်မှုက အသာစီးရယူထားပြီး ဖြစ်သည်။ စီးပွားရေးအားကောင်းပါမှ ဩဇာအာဏာကြီးမားမည်။ လွှမ်းမိုးခြယ်လှယ်နိုင်သောအနေရှိမည့် အမေရိကန်၏

mgyoe.com

mgyoe.com


စစ်အေးမဟာမိတ်များဖြစ်ခဲ့သော ဂျပန်–တောင်ကိုရီးယားနှင့် တရုတ် (တိုင်ပေ) နိုင်ငံတို့သည် အဆင့်မြင့် ဖွံ့ဖြိုးလာခဲ့ကြပြီး ကိုယ့်စွမ်းကိုယ်စ ပြည့်ဝသော စီးပွားရေး အင်အားနှင့် ဒီမိုကရေစီနိုင်ငံများအဖြစ် ရပ်တည်နေကြသည်။ အာရှတိုက်၏ တောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းရှိနိုင်ငံများ အထူးသဖြင့် အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှား နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် လတ်တလောတိုးတက်နေသည့် အဆင့်ရှိကြ သည်။

ဤသို့အာရှတိုက် ဖြစ်ထွန်းနေစဉ် ကာလတွင် အမေရိကန်နိုင်ငံ၏ ဒေသန္တရ အဆင့်က စတင်လျော့ပါးနေသည်။ အမေရိကန်နိုင်ငံ၏ ဓနအင်အားသည် အတိုင်း အဆမဲ့ မဟုတ်သလို စစ်ရေးအင်အားသည်လည်း အကန့်အသတ်မရှိ မဟုတ် ကြောင်း ၂၀၀၈ ခုနှစ် ကမ္ဘာ့ငွေကြေးကပ်ကြီးနှင့် အီရတ်နှင့် အာဖဂန်နစ္စတန်မှ စစ်ပွဲများက ဖော်ပြခဲ့ပြီးဖြစ်သည့် အမေရိကန်၏ မူဝါဒရေးဆွဲသူများနှင့် အမေရိကန် ပြည်သူလူထုသည် ၂၀၁၀ ပြည့်နှစ်သို့ ရောက်သောအခါတွင် GDP ၏ ရာခိုင်နှုန်း ၁၀၀ ကိုပင် ကျော်လွန်အောင် တစ်ရှိန်ထိုးတက်သွားနိုင်သော နိုင်ငံတော် ကြွေးမြီနှင့် အမေရိကန်လူနေမှုအဆင့်ပေါ် ထိုကြွေးမြီက သက်ရောက်စေမည့် ဂယက်ကို ကြိုတင်တွေးဆ ပူပန်နေကြသည်။ ပြည်တွင်း၌ စီးပွားရေး တိုးတက်မှု ချည့်နဲ့ နေခြင်းကြောင့် စိုးရိမ်ကြောင့်ကြမှုနှင့် အီရတ်နှင့် အာဖဂန်နစ္စတန်တွင် ဆက်လက် ဆောင်ရွက်နေသော စစ်ရေးများကို ဥပက္ခာပြုမှုတို့သည် ပင်လယ်ရပ်ခြားတွင် ကြီးကြီးကျယ်ကျယ် ဆောင်ရွက်မှုပြုလိုစိတ် ကုန်ခမ်းစေခဲ့သည်။ မကြာမီ ကာလတွင်ပြုမည့် ဘတ်ဂျက် ဖြတ်တောက်မှုသည်လည်း ပင်လယ်ရပ်ခြားတွင် အမေရိကန်စစ်စခန်းများ ဆက်လက်ထားရှိနိုင်ရေးကို ထိပါးရန် အလားအလာ များသည့် ကြွေးမြီဆန်းစစ်ရေးကော်မရှင်တစ်ခုသည် ကာကွယ်ရေးဌာန ဘတ်ဂျက် ကို အလွန်အမင်း ဖြတ်တောက်ရန် အကြံပြုထားသည်။ အမေရိကန်နိုင်ငံသည် ယင်းကို ယင်းအာရှပြင်ပမှ အင်အားဟန်ချက် ညှိပေးထားသူနှင့် လုံခြုံရေး အာမခံ သူအဖြစ် ခံယူထားရာ (ထိုသို့ ခံယူထားခြင်းဖြင့် ဂျပန်နှင့် တောင်ကိုးရီးယား၏ ကာကွယ်ရေးစရိတ်များစွာ သက်သာစေသည်) အမေရိကန်တပ်များ လျော့ချလျှင် သဘောတရားအရရော လက်တွေ့အရပါ အင်အား အပြောင်းအလဲကြီးတစ်ခု ဖြစ်ပေလိမ့်မည်။

အာရှတွင် အထင်ရှားဆုံး အင်အားမှာ တရုတ်ပြည်ပင် ဖြစ်သည်။ ယင်း သည် အမေရိကန်နိုင်ငံအား မဟာဗျူဟာအရ စိန်ခေါ်နိုင်မှု အတိုင်းအတာ တိုးပွား လာနေသည်နှင့်အမျှ လက်ရှိ ဒေသန္တရ အခြေအနေကို ဖြိုဖျက်နိုင်သော အနေ

mgyoe.com

အထား ရှိသည်။ တရုတ်နိုင်ငံသည် ဦးဆောင်ဦးရွက် စီးပွားရေးအင်အားကြီးတစ်ခု အဖြစ် ရပ်တည်နေပြီ ဖြစ်သောကြောင့် အာရှနှင့် ကမ္ဘာတစ်ဝန်းမှ အခြားနိုင်ငံများသည် တရုတ်၏ ကုန်သွယ်မှုနှင့် တရုတ်၏ ကူညီပံ့ပိုးမှုပေါ်တိုး၍ အမှီပြုနေရသည်။ တရုတ်နိုင်ငံသည် မကြာခင်ကာလကပင် ဂျပန်နိုင်ငံကို ကျော်တက်၍ ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးအင်အား ဖြစ်လာခဲ့သည်။ လက်ရှိနှုန်းအတိုင်း ဆက်လက် တိုးပွားနေပါလျှင် ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံကို သာလွန်သွားနိုင်သည်။ တရုတ်နိုင်ငံသည် အာရှဒေသတစ်ခွင်တွင် နိုင်ငံတိုင်းနီးနီးနှင့် အဓိက သွင်းကုန်ထုတ်ကုန် စီးပွားဖက် ဖြစ်နေသောကြောင့် တရုတ်နိုင်ငံ၏ စီးပွားရေး အင်အားကို အာရှသားတို့ တိုး၍ ခံစားနေရသည်။ ပြန်လည်ပြုပြင်ရေး စည်းမျဉ်း စည်းကမ်းများ နှောင်နွှယ်တွယ်လာတတ်သော အနောက်နိုင်ငံမှ ချေးငွေတို့ အစား တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပို၍ မက်လောက် စရာကောင်းသော အကူအညီများ ဖြစ်နေသည်။

တရုတ် စီးပွားရေးအင်အား၏ ဤသို့ ဖြစ်ထွန်းလာမှုများသည် ဒေသ တစ်ခွင်လုံး ဩဇာအာဏာ အနေအထားများကို ရှုပ်ထွေးလာစေခဲ့သည်။ နိုင်ငံများ သည် စီးပွားရေး ဆက်ဆံမှုများ ခြိမ်းခြောက်ခံရပါလျှင် တရုတ်နိုင်ငံနှင့် အကျယ် အကျယ် ပဋိပက္ခဖြစ်ရန် မလိုလားချေ။ တရုတ်နိုင်ငံသည် ပဋိပက္ခ ဖြစ်စရာများ ကြုံလျှင် ယင်း၏ စီးပွားရေးအင်အားကို ဖိအား အမြင့်မားဆုံးသုံးရန် ဝန်မလေး ကြောင်း ပြသခဲ့ပြီးဖြစ်သည်။ သိပ်မကြာခင်ကာလက တရုတ်နိုင်ငံသည် အငြင်း ပွားဖွယ်ရာ ဖြစ်နေသော ရေပိုင်နက်တွင် ဖမ်းဆီးခံရသော တရုတ်ငါးဖမ်းသင်္ဘော ဦးစီးမှူးတစ်ဦး လွတ်မြောက်ရေးအတွက် တရုတ်ပြည်မှနေ၍ တင်ပို့နေသော ရှားပါး သယံဇာတပစ္စည်းများ ကန့်သတ်ခြင်းဖြင့် ဂျပန်ကို ဖိအားပေးခဲ့သည်။ နိုင်ငံများစွာ သည် တရုတ်နိုင်ငံရေး ရည်မှန်းချက်ကြီးကို ဘဝင်မကျသည့် တိုင်အောင် ယင်းတို့ ၏ စီးပွားရေးဖွံ့ဖြိုးရန်အတွက် ဘေဂျင်းနှင့် ပြေပြေလည်လည် ဆက်ဆံမှုပြုနေကြ ရသည်။

တရုတ်နိုင်ငံသည် မဟာဗျူဟာရေး အကျိုးအမြတ်အတွက် ယင်း၏ စီးပွား ရေး အင်အားကို အသုံးချရန် ထက်သန်ကြောင်းကို ရေရှည်တည်တံ့ လာခဲ့သော နိုင်ငံတကာဓလေ့ထုံးများကို အလွယ်တကူ ချိုးဖောက်လာမှုများတွင် အရိပ် အယောင် တွေ့နိုင်သည်။ တရုတ်နိုင်ငံသည် ကမ္ဘာကြီးပြုပြင်ပြောင်းလဲရေး သော် လည်းကောင်း၊ ကုန်သွယ်ရေး လွတ်လပ်ခွင့်ကို သော်လည်းကောင်း ကောင်းမွန် အောင် ဆောင်ရွက်ပေးခြင်း မပြုချေ။ တရုတ်နိုင်ငံ အကျိုးရှိရေးကို အပြီးသတ်

mgyoe.com

mgyoe.com


ပုံဖော်ထားသော ခေတ်သစ်ကုန်သွယ်ရေးပုံစံဖြင့် ဈေးကွက်နှင့် စွမ်းအင် အရင်းအမြစ်များ ချုပ်ကိုင်နိုင်ရေးသာ ပဓာန ဖြစ်သည်။ နှောင်ကြိုးမဲ့လာသော တရုတ်ရင်းနှီးမြှုပ်နှံမှုများသည် အီရန်၊ မြောက်ကိုရီးယားနှင့် ဆူဒန်ကဲ့သို့သော နိုင်ငံများတွင် အဏုမြူ ဗုံးထုတ်လုပ်မှု ရပ်တန့်ရန် (သို့မဟုတ်) ဒီမိုကရေစီ အသွင်ပြောင်းမှုများ အကောင်အထည်ဖော်ရန် နိုင်ငံတကာ ဖိအားပေးမှုကို ဒေါက်ဖြုတ်ရာ ရောက်သော်လည်း တရုတ် စီးပွားရေးပံ့ပိုးမှုသည် အမေရိကန်၊ ဥရောပ (သို့မဟုတ်) နိုင်ငံတကာ ငွေကြေး ရန်ပုံငွေအဖွဲ့ကဲ့သို့သော အဖွဲ့အစည်းများ ပံ့ပိုးနိုင်သည့် အတိုင်း အတာကို အစားထိုးနိုင်သည်။ ဤသို့ဖြင့် အကျင့်ပျက်နေသော အစိုးရများကို နိုင်ငံတကာက "အညှာ" ကိုင် အပြစ်ဒဏ်ပေးနိုင်မှု အတိုင်းအတာ လျော့ပါးသွားစေသည်။ ဤ အချိုးအတိုင်းပင်လျှင် တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်ကို ယင်းတို့ အမိကဆိုင်ရာနေရာဟု ကြေညာ၍ ယင်းကို တရုတ်ပြည်၏ အထူးစီးပွားရေးဇုန် (EXCLUSIVE ECONOMIC ZONE - EEZ) နယ်မြေတစ်စိတ်တစ်ပိုင်းဟု သတ်မှတ်ခြင်းဖြင့် အပြည်ပြည်ဆိုင်ရာ ရေပြင်တွင် လွတ်လပ်စွာ ကူးသန်းသွားလာခွင့်ကို စိန်ခေါ်ထားသည်။ တရုတ်နိုင်ငံသည် ပင်လယ်ဝါနှင့် ပတ်သက်၍ အလားတူ ကြေညာချက်များ ထုတ်ပြန်ထားသည့် အမေရိကန် စစ်ရေးလေ့ကျင့်ရေး အစီအစဉ်ကို ကျယ်လောင်စွာ ကန့်ကွက်၍ ယင်း၏ ကြီးထွားလာနေသော လက်နက်အင်အားကို သရုပ်ပြရန်အတွက် ကိုယ်တိုင် အင်ပြည့်အားပြည့် စစ်ရေးပြမှု ပြုနေသည်။

တရုတ်နိုင်ငံ၏ စစ်ရေးအရ စိန်ခေါ်နိုင်မှု အတိုင်းအတာကို အမေရိကန်နိုင်ငံက အာရုံအစိုက်ဆုံးဖြစ်သည့်တိုင်အောင် အာရှနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံအမြင်တွင် တရုတ်နိုင်ငံနှင့် တရုတ်နိုင်ငံ၏ စစ်ရေးအခြေအနေသာလျှင် ပဓာန မဖြစ်သင့်ချေ။ အာရှဒေသတွင် ပေါင်းသင်းဆက်ဆံနိုင်ရေး အောင်မြင်ရန် အတွက် အာရှဒေသန္တရ ဖွံ့ဖြိုးရေးတွင် အကျိုးပြုပါဝင် ပတ်သက်မှုနှင့် ဒေသန္တရ ကုန်သွယ်ရေးတွင် အမိကကျမှုကို အသိအမှတ်ပြုနိုင်ရန် အမိကလိုအပ်သည်။ အမေရိကန်နိုင်ငံက တည်ထောင် ထိန်းသိမ်းခဲ့သော နိုင်ငံတကာစနစ်၏ ပံ့ပိုးမှုကြောင့် အာရှ တိုးတက်လာနိုင်ခဲ့သည် မှန်သော်လည်း မျက်မှောက်ကာလ အာရှနိုင်ငံများသည် အမေရိကန်နိုင်ငံက ပါဝင်ပတ်သက်မှု မရှိလှသော နိုင်ငံရေးနှင့် စီးပွားရေး အစီအစဉ်များတွင် ရောထွေးယှက်တင် ဖြစ်နေကြသည်။ အရှေ့တောင် အာရှ နိုင်ငံများ အဖွဲ့အစည်း (အာဆီယံ) (ASEAN)သည် ကုန်သွယ်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးမှု အတွက် မရှိမဖြစ်သော အနေအထားသို့ ရောက်ရှိနေသည်။ တရုတ်၊ အိန္ဒိယ၊

mgyoe.com

mgyoe.com

ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့နှင့် ရယူထားသော လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီချက်များသည် ဒေသန္တရဆိုင်ရာ စီးပွားရေးပူးပေါင်းမှုအတွက် အလားအလာကောင်းသော လမ်းကြောင်းများ ဖြစ်သည်။ ယင်းသည် ဒေသန္တရဆိုင်ရာ နိုင်ငံရေးနှင့် လုံခြုံရေးကိစ္စများ ဆွေးနွေးရန် အတွက် အဓိကစင်မြင့်များ ဖြစ်နေသည်။ ထိုသို့ ASEAN နှင့် ယင်းနှင့် ဆက်စပ်နေသော ASEAN + 3 နှင့် ASEAN ဒေသန္တရညီလာခံ (ASEAN REGIONAL FORUM (ARF) တို့ သည် နိုင်ငံများအား စီးပွားရေးအရ ပို၍ ကျစ်လျစ်လာအောင် ထိုမှ အကြောင်း အကျိုးဆက်စပ်မှုအဖြစ်ဖြင့် နိုင်ငံရေးအရ ပို၍ ကျစ်လျစ်အောင် ပေါင်းစပ်ပေးနေ သော အခြေတကျအရှိဆုံး အဖွဲ့အစည်းတစ်ခုမျှသာ ဖြစ်သည်။

ဤ ပေါ်ပေါက်လာနေသော အာရှဒေသဆိုင်ရာ ဝါဒသည် အမေရိကန်နိုင်ငံ အတွက် စိန်ခေါ်ချက်တစ်ရပ်သာဖြစ်သလို အခွင့်အလမ်းတစ်ရပ်လည်း ဖြစ်သည်။ လွန်ခဲ့သော ဆယ်စုနှစ် ကာလတစ်လျှောက်လုံး ယင်း၏ နိုင်ငံခြားရေးဝါဒကို တခြားဒေသသို့ မကြာမကြာ ဦးတည်ခဲ့သော အမေရိကန်နိုင်ငံသည် ဤလှုပ်ရှားမှု တွင် အဓိကမောင်းနှင်အားအဖြင့် ပါဝင်ပတ်သက်မှု မရှိခဲ့သောကြောင့် စီးပွားရေး အရ အရှေ့သို့ တိုးတက်နေသော အာရှတိုက်၏ နောက်ချန်ထားခြင်းကို ခံနိုင်သည့် အန္တရာယ်ရှိနေပြီး ဤအချက်ကို တရုတ်နိုင်ငံက အခွင့်အရေးယူရန် အသင့် ဖြစ်နေ သည်။ လာမည့်နှစ်များတွင် အာရှသည် ကမ္ဘာ့စီးပွားရေး အဓိက ဖွံ့ဖြိုးရာ ဒေသ ဖြစ်မည်ဆိုနိုင်သော်လည်း အမေရိကန်နိုင်ငံသည် လွတ်လပ်စွာ ကုန်သွယ်မှု ဆက်ဆံရေးအသစ်တစ်ခု တည်ထောင်ရန်သော်လည်းကောင်း၊ ဒေသတွင် ပေါ် ပေါက်လာနေသော ဘက်စုံစီးပွားရေး အစီအစဉ်များတွင် အပြည့်အဝပါဝင် ပတ်သက်ရန်သော်လည်းကောင်း မည်သို့မျှ ပြင်ဆင်ထားခြင်း မရှိချေ။ အမေရိကန် သမ္မတ ဘားရက်အိုဘားမား၏ အစိုးရသည် ဒေသဆိုင်ရာ အစည်းအဝေးများတွင် ပါဝင်ပတ်သက်ခြင်းနှင့် အမေရိကန်နိုင်ငံ၏ အာရှဒေသ ဆက်ဆံရေးနှင့် ပတ်သက် ၍ လေတစ်လုံးမိုးတစ်လုံး ကတိကဝတ်များ ပြုနေသည့်တိုင်အောင် ယင်းသည် အာရှဒေသတွင် ဝင်ရောက်စွက်ဖက်လာသူ အနေထက် အနိုင်အမာ ပစိဖိတ် အင်အားတစ်ရပ်အဖြစ် ရပ်တည်ခဲ့သော အမေရိကန်၏ အနေအထားကို တမံ ပြန်တုပ်ရန် လိုနေသေးသည်။

*

mgyoe.com

mgyoe.com


## အာရှရာစုနှစ်အတွက် အမေရိကန်၏ မဟာမိတ်အနေအထားကို တည်ဆောက်ခြင်း

အမေရိကန်နိုင်ငံသည် လက်ရှိ မဟာမိတ်အဆင့်များကို ဆင့်ပွားဖွံ့ဖြိုးအောင် ဆောင်ရွက်ရန်နှင့် ပူးပေါင်းမှုအသစ်ကို တည်ဆောက်ရန်အတွက် ကြံကြံဆဆနှင့် မြန်မြန်ဆန်ဆန် ဆောင်ရွက်ရန် လိုအပ်သည်။

ယင်း၏ ပူးပေါင်းဆောင်ရွက်မှုများသည် လုံခြုံရေး ခြိမ်းခြောက်မှုများကို အဟန့်အတားပြုရန် (သို့မဟုတ်) ကာကွယ်ရန်အတွက် သက်သက်မဟုတ်ဘဲ စစ်ပြိုင်အင်အားကြီးနိုင်ငံ ကင်းမဲ့သောခေတ်တွင် နိုင်ငံတကာစနစ်ကို ကြီးကြပ်ကွပ်ကဲသည့် ဝန်စည်ကို မျှဝေခံယူသည့် အနေအထားသာ ဖြစ်သင့်သည်။ စနစ်ကြီးကြပ်ကွပ်ကဲမှု ဆိုသည်မှာ လုပ်ကိုင်ဆောင်ရွက်နေသည့် မဟာမိတ်နှင့် ဖက်စပ်အင်အားစုကို ချဲ့ထွင်ခြင်းနှင့် နိုင်ငံတကာ အနေအထားတွင် ယင်းတို့ ကြံ့ခိုင်စွာ အောင်မြင်စွာ စွမ်းဆောင် ရပ်တည်နိုင်ရန်အတွက် လောက်လောက်လားလား ပံ့ပိုးခြင်းဖြင့် ယင်းတို့ ပါဝင်ပတ်သက်နေသော လုံခြုံရေး၊ စီးပွားရေး၊ ဂေဟအရေး သို့မဟုတ် နိုင်ငံရေးဆိုင်ရာ ဘုံပြဿနာများကို ဖြေရှင်းခြင်းပင် ဖြစ်သည်။ တရားဝင် စစ်ရေး သဘောတူညီချက်များ ပေါ်တွင် အခြေခံသော ဗဟိုယုက်ဖြာ ဆက်ဆံရေးကို ထိန်းသိမ်းသည့် အစား အမေရိကန်သည် စီးပွားရေး စပ်ယှက်မှုများနှင့် နိုင်ငံရေး ပူးပေါင်းဆောင်ရွက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်သော ပို၍ ဖြေလျှော့သော ကွန်ရက်ဖွဲ့ ဆက်သွယ်ရေးတွင် အဓိကအခန်းကဏ္ဍကို ရယူဆောင်ရွက်သင့် သည်။ အလားတူပင် စစ်ရေးဆက်ဆံမှုသည်လည်း ထွေထွေပြားပြား စိန်ခေါ်ချက် များကို ဖြေရှင်းနိုင်လောက်အောင် ပုံသေ အသွင်နည်းပါးပြီး ညွတ်ပြောင်းမှုရှိသည့် ပေါင်းစပ်မှုများစွာဖြင့် ပူးပေါင်းဆောင်ရွက်မှုပြုသော ဆက်ဆံရေး ဖြစ်သင့်သည်။

အမေရိကန် မူဝါဒရေးရာသမားများသည် အလေးထားစရာ နှစ်ချက်ရှိသည်။ တစ်ခုမှာ အရှေ့မြောက်အာရှတွင် အခြေတကျရှိသော မဟာမိတ် အခြေအနေများ အသက်ပြန်သွင်းရန် တောင်နှင့် အရှေ့တောင်အာရှတွင် အမေရိကန် ဆက်ဆံရေးများ ချဲ့ထွင်ရန်နှင့် ပို၍ နက်ရှိုင်းစေရန်ပင် ဖြစ်သည်။ အရှေ့မြောက်အာရှတွင် အမေရိကန်ခေါင်းဆောင်များသည် ဂျပန်နှင့် တောင်ကိုးရီးယားနိုင်ငံများနှင့် ယင်း၏ ဆက်ဆံရေးများ အရေးပါကြောင်း ထပ်မံအတည်ပြုရမည် ဖြစ်သလို ဖြစ်ပေါ်လာသည့် အခြေအနေသစ်နှင့် လိုက်လျောညီထွေ အသွင်ပြောင်းရန် လိုအပ်ကြောင်းလည်း သဘောပေါက်ရမည်။

ဂျပန်နိုင်ငံတွင် ကာလကြာမြင့်စွာ အုပ်ချုပ်လာခဲ့သော လစ်ဘရယ် ဒီမို

mgyoe.com

mgyoe.com

ကရက်တစ်ပါတီ ရှုံးနိမ့်ပြီး နောက်တွင် ဂျပန်နိုင်ငံသည် ကာလကြာမြင့်စွာကပင် ဆန်းစစ်မှု ပြုစရာအဖြစ် တမြည့်မြည့် တည်လာခဲ့သော အမေရိကန်–ဂျပန် မဟာမိတ် အနေအထားကို ပြည်လည်သုံးသပ်နေသည်။ ထို မဟာမိတ်အနေအထားကို ဂျပန်ပြည်သူ ၈၀ ရာခိုင်နှုန်းက ယေဘုယျ ထောက်ခံသည်ဟု စစ်တမ်းများက ဖော်ပြပါ သော်လည်း အမေရိကန်စစ်စခန်းများ ဖွင့်လှစ်ထားခြင်းကို ဒေသခံများက ဆန့်ကျင်ခြင်းဖြင့် မဟာမိတ်ဖွံ့ဖြိုးရေး အစီအစဉ်များကို ပျက်ပြားအောင် ဆောင်ရွက်နေသည်။ အစိုးရ၏ မျိုးချစ်စိတ်ဓာတ် အခြေခံပျက်ပြား အကြောသေမှုဖြင့် ပေါင်းစပ်လျက် ဤအခြေအနေသည် မဟာမိတ်ပေါင်းစည်းမှုအနေအထားကို ၂၁ ရာစု စိန်ခေါ်ချက်နှင့် လိုက်လျောညီထွေဖြစ်အောင် နှုန်းမြှင့်ရခက်နေစေသည်။ မကြာခင် ကာလက အမေရိကန်လုံခြုံရေးအသစ် ဗဟိုဌာနမှ တင်သွင်းသည့် အစီရင်ခံစာတွင် အသေးစိတ် ထောက်ပြထားသကဲ့သို့ပင် အမေရိကန်နှင့် ဂျပန်သည် တရုတ်–မြောက်ကိုးရီးယား၊ ဒေသန္တရ တည်ဆောက်မှု အနေအထား၊ ကမ္ဘာ့ဘုံရေးရာများ၊ ဂေဟာစနစ်၊ သဘာဝစွမ်းအင်ရင်းမြစ်များ၊ ဂျပန်နိုင်ငံတွင် လူထုထောက်ခံမှုနှင့် အမေရိကန်နှင့် ဂျပန်နိုင်ငံတို့၏ ငွေကြေးအခြေအနေတို့ကို တွက်ဆရန် ယင်းတို့မဟာမိတ် အခြေအနေကို လျင်မြန်စွာ အားသစ်လောင်းရန် လိုအပ်သည်။

ဂျပန်နိုင်ငံနှင့် ဆက်ဆံရေးနှင့် တစ်ဘာသာ ခြားနားစွာပင် အမေရိကန်နှင့် ကိုရီးယား၏ ဆက်ဆံရေးသည် လတ်တလောနှစ်ကာလများတွင် အထွတ်အထိပ် အဆင့်သို့ ရောက်နေဟန်ရှိသည့် တောင်ကိုးရီးယားနိုင်ငံသည် (ပြင်သစ် နိုင်ငံထက် တစ်ဆင့်သာလျက်) အမေရိကန်နိုင်ငံ၏ သတ္တမအကြီးဆုံး ကုန်သွယ်ဘက်နိုင်ငံဖြစ်သည်။ သမ္မတ လီမြောင်ဘတ်နှင့် အိုဘားမား၏ ခင်မင်မှုသည် ဒေသအတွင်း၌ အင်အားအကောင်းဆုံး ဖြစ်နေသည်။ အမေရိကန်နှင့် တောင်ကိုးရီးယားနိုင်ငံသည် နိုင်ငံတကာအရေးများ ဖြေရှင်းရာတွင် နှစ်ဦးပူးပေါင်းဆောင်ရွက်ကြရန် အထိပင် စဉ်းစားနေကြသည်။ သို့တိုင်အောင် အမေရိကန်–တောင်ကိုးရီးယား မဟာမိတ်မှုသည် အထောက်အထား ပြင်းထန်သော စိန်ခေါ်မှုများကို ရင်ဆိုင်နေရသည်။ မြောက်ကိုရီးယားနိုင်ငံမှ ကျူးကျော် တိုက်ခိုက်လာမည့် ခြိမ်းခြောက်မှုများမှသည် ယင်း နိုင်ငံပြိုပျက်နိုင်သည်အထိမှသည် နိုးထလာသော တရုတ်နိုင်ငံ၏ ရေရှည်စိန်ခေါ်ချက်ကို ရင်ဆိုင်ရေးအထိ ပြဿနာ ပေါင်းစုံရှိသည့် အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံသည် စစ်ကာလ စစ်ဆင်ရေးဆောင်ရွက်မှု OPERATIONAL CONTROL တာဝန်ကို ၂၀၀၅ ခုနှစ်တွင် အမေရိကန် တပ်မတော်မှနေ၍ တောင်

mgyoe.com

mgyoe.com

ကိုရီးယားတပ်မတော်မှ လွှဲပြောင်းပေးရန် စီစဉ်ထားပြီး **"မဟာဗျူဟာ ပေါင်းစည်းမှု ၂၀၁၀"** ဟု အမည်ပေးထားသော ငြမ်းထိုး အစီအစဉ်များကို အသင့်ပြုနေသည်။

မဟာမိတ်ပြုမှုနှင့် ဖက်စပ် ပူးပေါင်းဆောင်ရွက်မှုတို့ကို အမေရိကန် ချဉ်းကပ်ဆောင်ရွက်ပုံများသည် မြင့်မားလာသော တောင်နှင့် အရှေ့တောင်အာရှ၏ အရေးပါမှုကို လိုက်မီရန် လိုသေးသည်။ အရှေ့နှင့် အရှေ့တောင် အာရှ ကမ်းရိုးတန်းတစ်ကျော့ ဂျပန်ပင်လယ်မှသည် ဘင်္ဂလားပင်လယ်အော်အထိ ဒေသတစ်ခွင်သည် ကမ္ဘာကြီး၏ နိုင်ငံရေး၊ စီးပွားရေးနှင့် မဟာဗျူဟာရေး အရ အရေးပါဆုံးနေရာဒေသ အဖြစ် ထွက်ပေါ်နေသည်။ မျက်မှောက်ကာလတွင် ဒေသန္တရ စီးပွားရေးအခြေအနေများ လျင်မြန်စွာတိုးချဲ့လာခဲ့ပြီးသည့် ၂၀၁၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံသည် ယင်းဒေသတွင် ဒေါ်လာ ၁၇၃ ဘီလီယံကို ရင်းနှီးမြှုပ်နှံခဲ့သည့် ထိုပမာဏသည် တရုတ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံခဲ့သည့် ပမာဏ၏ သုံးဆမကသလို အိန္ဒိယနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု၏ ဆယ်ဆနီးပါးရှိသည်။ အများစုက တရုတ်နိုင်ငံ၏ ကာကွယ်ရေးစရိတ်တွင် ကိန်းဂဏန်း နှစ်လုံးကျ ဆယ်စုနှစ်များစွာ တစိုက်မတ်မတ် တိုးတက်လာမှုကို ကြည့်ရှု ရင်ထိတ်နေစဉ် ကာလတွင် အရှေ့ တောင်အာရှတွင် လတ်တလောကာလအတွင်း၌ ကာကွယ်ရေးစရိတ် တစ်ရှိန်ထိုး မြင့်မားလာသည်ကို တွေ့ရသည်။ ၂၀၀၅ ခုနှစ်နှင့် ၂၀၀၉ ခုနှစ် ကြားကာလတွင် အရှေ့တောင် အာရှဒေသမှ လက်နက်ဝယ်ယူမှု ပမာဏသည် နှစ်ဆယ်နီးပါးပင် တိုးတက်လာခဲ့သည်ဟု စတော့ဟုမ်းမြို့ရှိ နိုင်ငံတကာ ငြိမ်းချမ်းရေး သုတေသနသိပ္ပံက ဆိုသည်။ ထိုကာလတွင် အိန္ဒိယနိုင်ငံသည် နိုင်ငံတော် ကာကွယ်ရေးစရိတ်ကို နှစ်ဆ တိုးမြှင့်ခဲ့သည်။ အမေရိကန်နိုင်ငံအတွက် အခြေခံအရ အရေးပါသော အချက်ကား တောင်နှင့် အရှေ့တောင်အာရှနိုင်ငံ အများစုသည် အမေရိကန်နိုင်ငံအား ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာရင်းမြစ်တစ်ရပ်အဖြစ် မြင်၍ ယင်းနှင့် ဆက်ဆံလိုခြင်းပင်ဖြစ်သည့် အမေရိကန်နိုင်ငံအား ထုတ်ကုန်များအတွက် ဈေးကွက်တစ်ခုနှင့် တရုတ်နိုင်ငံ၏ အကြမ်းဖက်မှု (သို့မဟုတ်) စိုးမိုးမှုကို အဟန့်အတားတစ်ရပ်အဖြစ် မြင်၍ မဟာမိတ်ပြုလိုသည်ပင် ဖြစ်သည်။

*(Ref : The Future of US Alliances in Asia by Abraham M. Den. Mark & Brain M. Buton)*

mgyoe.com

mgyoe.com

# အမေရိကန်နှင့် အာရှ၏ စီးပွားရေးမဟာမိတ် ဖော်ဆောင်ခြင်း

အာရှတစ်ခွင် ယင်း၏ ပတ်သက်မှုများကို တိုးမြှင့်ရန်အတွက် အမေရိကန်သည် အောက်တွင် ဖော်ပြထားသော နည်းလမ်းငါးရပ်အတိုင်း ဆောင်ရွက်မှု ပြုသင့်သည်။

*

## မဟာဗျူဟာဆန်သော ကုန်သွယ်ရေးကို ဆောင်ရွက်ပါ

အာရှ ပစိဖိတ်ဒေသ စီးပွားရေးများ အပြန်အလှန် တည်မှီသည့် သဘာဝဖြင့် တိုးချဲ့ကြီးပွားနေသည်နှင့်အမျှ စီးပွားရေးကဏ္ဍတွင် အမေရိကန်နိုင်ငံ ပါဝင်ပတ်သက်မှုသည် ယင်းဒေသတွင် နိုင်ငံရေး ဩဇာဆက်လက်ရှိရေးနှင့် ဆက်လက်တည်ရှိရေးကို အာမခံသည့်အနေဖြင့် အရေးပါပေမည်။ ကံမကောင်း အကြောင်းမသင့်သော အချက်တစ်ရပ်ကား အမေရိကန်နိုင်ငံ၏ လက်ရှိ ပြည်တွင်း နိုင်ငံရေးအခြေအနေသည် လွတ်လပ်စွာ ကုန်သွယ်ရေးကို ထောက်ခံမှုမပြုသလို လက်ရှိအမေရိကန်အစိုးရသည်လည်း တိကျမှတ်သားသော ကုန်သွယ်ရေးမူဝါဒ မရှိသေးချေ။ လွတ်လပ်စွာ ကုန်သွယ်မှုကို ထောက်ခံသည်ဟု ဟစ်ကြွေးသည့်တိုင်အောင် အပြီးသတ် သဘောတူညီချက်များဖြင့် ပွဲသိမ်းရေးကို ဆောင်ရွက်မှု မရှိချေ။ လွန်ခဲ့သော ဆယ်စုနှစ်တွင် လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက် (Free Trade Agreement - FTA) သိသိသာသာ ချဲ့ထွင်ခဲ့ပြီး ၂၀၀၈ ခုနှစ် ရောက်သောအခါတွင် ASEAN နိုင်ငံ တစ်နိုင်ငံမှအပ အခြားနိုင်ငံအားလုံး၏ ကုန်သွယ်မှုငါးဆယ်ရာခိုင်နှုန်းမှာ ထိုသဘောတူညီချက်အရ ဖြစ်ခဲ့သည်။ တရုတ်နိုင်ငံသည် ယင်း၏ ဩဇာကို ချဲ့ထွင်ရန်အတွက် FTA များနှင့် တရုတ်အာဆီယံ လွတ်လပ်

mgyoe.com

mgyoe.com

စွာ ကုန်သွယ်ခွင့် သဘောတူညီချက် (China ASEAN Free Trade Agreement - CAFTA) ကဲ့သို့သော အခြားစီးပွားရေး သဘောတူညီချက်များကို အသုံးပြုနေပြီ ဖြစ်သည်။ အမေရိကန်တို့ သဘောထားသည့် FTA မျိုးလောက် အင်ပြည့်အားပြည့် မရှိသည့်တိုင်အောင် CAFTA သည် စားသုံးသူ ၁.၉ ဘီလီယံ၊ ဒေသဆိုင်ရာ GDP ဒေါ်လာ ၆ ထရီလီယံခန့်နှင့် စုစုပေါင်း ကုန်သွယ်ရေး ပမာဏ ခန့်မှန်းခြေ ဒေါ်လာ ၄.၅ ထရီလီယံရှိသော စတုရန်း ကီလိုမီတာ ၁၃ သန်း ရှိသည့် စီးပွားရေးနယ်မြေတစ်ခုကို ဖန်တီးပေးသည်။ ယင်းသည် လူဦးရေ အတိုင်းအတာဖြင့် တွက်ဆရလျှင် ကမ္ဘာ့အကြီးဆုံး FTA ဇုန် ဖြစ်ပြီး စီးပွားရေး အတိုင်းအတာဖြင့် တွက်ဆရလျှင် CEU နှင့် NAFTA ဥရောပသမဂ္ဂနှင့် မြောက်အမေရိကပြီးလျှင် တတိယအကြီးဆုံးဖြစ်သည့် CAFTA သည် အားလုံးပေါင်းစပ် ပါဝင်မှုမရှိသည့်တိုင်အောင် ယင်း၏ သက်ရောက်အားမှာ လက်တွေ့ကျပြီး တရုတ်နိုင်ငံ၊ အာဆီယံနိုင်ငံများနှင့် အရှေ့အာရှနိုင်ငံများ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုပေါ် ဂယက် ပြင်းထန်သည်။

ဤသည်မှာ စီးပွားရေး မူဝါဒသက်သက် မဟုတ်ချေ။ နိုင်ငံများ စီးပွားရေး ပြိုင်ဆိုင်မှုပြုသော ကမ္ဘာ့ လောကတွင် စီးပွားရေး အင်အားသည် စစ်ရေး အင်အားနှင့် တန်းတူ အရေးပါသည်။ ပို၍ နီးစပ်သော စီးပွားရေး အနှောင်အတွယ်များတွင် နိုင်ငံရေး လုပ်ငန်းသည် စီးပွားရေး လုပ်ငန်းပင် ဖြစ်သည်။ ပို၍ ပြင်းထန်သော ကုန်သွယ်ရေး ဆောင်ရွက်မှုများ မရှိလျှင် သံတမန်ရေးရာ အားထုတ်မှုသည် ပြောင်းလဲနေသော အာရှတွင် အမေရိကန်၏ ရပ်တည်မှုကို လုံခြုံအောင် ဆောင်ရွက်နိုင်မည် မဟုတ်ချေ၊ အမေရိကန်နိုင်ငံတွင် တိကျပြတ်သားသော ကုန်သွယ်ရေးမူဝါဒ မရှိဟု မြင်ခြင်းကြောင့်ပင်လျှင် အခြားနိုင်ငံများသည် တရုတ်နိုင်ငံကလည်း ယင်း၏ နိုင်ငံရေးအကျိုးအတွက် စီးပွားရေးနှင့် ကုန်သွယ်ရေးမူဝါဒများကို လိုသလို ကုလားဖန်ထိုး ကစားရန် အသင့်ရှိကြောင်း ပြသခဲ့ပြီး ဖြစ်သည်။

သို့ဖြင့် အာရှဒေသတွင် ချဉ်းကပ်ရာတွင် အမေရိကန်နိုင်ငံသည် ကုန်သွယ်ရေးကို အဓိက အရေးတစ်ခုအဖြစ် ရှုမြင်ရန် လိုအပ်သည့် FTA များအား နိုင်ငံအချင်းချင်း အကျိုးတူ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအတွက် ထူးခြားစွာ စီရင်ထားချက်များအဖြစ် ဆက်လက်မြင်ခြင်းမရှိဘဲ အာရှတွင် ၂၁ ရာစုနှစ် မဟာမိတ်ပြုမှုအတွက် မရှိမဖြစ် လိုအပ်ချက်များအဖြစ် သဘောထားရန် လိုသည်။ တောင်ကိုရီးယား ဩစတြေးလျနှင့် ဂျပန်နိုင်ငံအပြင် ပစိဖိတ်တစ်ခွင် ဖက်စပ်ဆောင်ရွက်ရေး (Trans - Pacific Partnership)(TPP) FTA သဘောတူညီ

mgyoe.com

ချက်များပြုခြင်းသည် အာရှပစိဖိတ်ဒေသတွင် အမေရိကန် ဆက်ဆံရေး ဖွံ့ဖြိုးရန် အတွက် ပန္နက်ချသည့် သဘာဝ ရှိနိုင်သည်။

*

## ဒေသပြင်ပတွင် ပူးပေါင်းဆောင်ရွက်ရေးကို အားပေးပါ

အာရှ အင်အားကြီးများ ကြီးထွားလာသည်နှင့်အမျှ အမေရိကန်နိုင်ငံသည် ယင်း၏ မဟာမိတ်နှင့် ဖက်စပ်ဆောင်ရွက်မှုပြုနေသူများအား တစ်ယောက် ပို၍ စည်းစည်းလုံးလုံး လုပ်ကြပါရန် တိုက်တွန်းအားပေးသင့်သည်။ လတ်တလော နှစ်များ တစ်လျှောက်တွင် ပူးပေါင်းဆောင်ရွက်မှု မသိသာစွာ ကျယ်ပြန့်လာခဲ့ပြီး ယင်းကြောင့် ဒေသန္တရတွင်း တင်းမာမှုနှင့် သံသယလျော့ပါးသွားပြီး ဒေသန္တရ တည်ငြိမ်အေးချမ်းမှု ဖြစ်ထွန်းလာခဲ့သည်။ ဥပမာ မလေးရှား၊ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံတို့နှင့် ပူးပေါင်း၍ မလက္ကာ ရေလက်ကြားကို ပူးတွဲကင်းလှည့်သော ကြောင့် ထိုအခါက ရေလမ်းကြောင်းတွင် ပင်လယ်ဓားပြတိုက်မှုများ သိသာစွာ လျော့နည်းသွားခဲ့သည်။

ရှေ့တိုး ဆောင်ရွက်မှုပြုရာတွင် အမေရိကန်နိုင်ငံသည် နယ်မြေဒေသတွင် ထက်သန် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်မှုကို အားပေးရန်အတွက် ASEAN နှင့် မလက္ကာ ကမ်းရိုးတန်းတစ်လျှောက် နိုင်ငံများကဲ့သို့သော ဒေသဆိုင်ရာ အစိုးရ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြင့် နီးနီးကပ်ကပ် ဆောင် ရွက်မှုပြုရန် လိုအပ်သည်။ ထို့အပြင် အမေရိကန်နိုင်ငံသည် စစ်ရေးလေ့ကျင့်မှု များကို နှစ်နိုင်ငံလေ့ကျင့်မှုမှသည် နိုင်ငံစုံ လေ့ကျင့်မှုသို့တိုးမြှင့်ခြင်းဖြင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးအတွက် ကွန်းပေါင် အဖြစ် ဆောင်ရွက်သင့်သည်။ အမေရိကန်နှင့် တောင်ကိုးရီးယား စစ်ရေးလေ့ကျင့်မှုကို ဂျပန်တပ်မတော် အရာရှိ များက တက်ရောက်ကြည့်ရှုခြင်း၊ အမေရိကန်နှင့် ဂျပန်စစ်ဆင်ရေး လေ့ကျင့်မှုကို တောင်ကိုရီးယား တပ်မတော်အရာရှိများက တက်ရောက် ကြည့်ရှုခြင်းသည် ထို ပူးပေါင်းဆောင်ရွက်ရေးအတွက် ရှေ့ပြေးအလားအလာကောင်းပင် ဖြစ်သည်။ အလားတူပင် ဂျပန်နှင့် အိန္ဒိယနိုင်ငံကြား မဟာဗျူဟာမြောက် ပူးပေါင်း ဆောင်ရွက် မှုသည်လည်း အားရစရာတစ်ရပ်ပင် ဖြစ်သည်။ အမေရိကန်နိုင်ငံက ယင်း၏ မဟာမိတ်များကြား ပူးပေါင်းဆောင်ရွက်ရေးကို အားပေးလေလေ အင်အားကြီးမား လာလေလေပင် ဖြစ်သည်။

*

mgyoe.com

mgyoe.com


## စိမ်းလန်းစိုပြည်ရေး မဟာမိတ်များပြုပါ

အမေရိကန် ပြည်ထောင်စုသည် အာရှတွင် ယင်း၏ မဟာမိတ် အနေအထားကို ပိုမိုကျယ်ပြန့်စေရန် ကြိုးပမ်းသည်နှင့်အမျှ ယင်းသည် ကုန်သွယ်ရေးနှင့် သမားရိုးကျ လုံခြုံရေးကိစ္စများတွင် တွဲဖက်ဆောင်ရွက်မှုပြုရုံသာမက ထွက်ပေါ်လာသော သမားရိုးကျ မဟုတ်သော စိန်ခေါ်ချက်များတွင်လည်း ပူးပေါင်း ဆောင်ရွက်ရန် အဓိကလိုသည့် နယ်ပယ်တစ်ခုမှာ "သဘာဝလုံခြုံရေး" တစ်နည်း ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ လုံခြုံရေးဗေဟာ စနစ်ဆိုင်ရာ ကျဆင်းမှုကာကွယ်ရေးနှင့် သဘာဝရင်းမြစ်များ မှီခိုအားထုတ်မှု စည်းကြပ်ရေး စသည့် ကဏ္ဍတို့တွင် ဖြစ်သည်။ ဤကဏ္ဍတို့သည် ဒေသတွင်းရှိ မဟာမိတ်ဟောင်းများနှင့် မဟာမိတ်အဖြစ် ပျိုးထောင်ရန် ရည်ရွယ်သော နိုင်ငံများအတွက် အရေးပါမည်။ ဥပမာ ဂျပန်နှင့် အမေရိကန်သည် စွမ်းအင် ရိက္ခာတင်သွင်းမှုပေါ် လွန်လွန်ကဲကဲ အမှီသဟဲ ပြုရသည်။ ထိုစွမ်းအင်ရိက္ခာများသည် ပိုမို၍ ဈေးကြီးမားလာနေသည်သာမက ဇာတိဒေသတွင် ရိက္ခာ ကသောင်းကနင်းဖြစ်ရန် အလားအလာလည်း များပြားပေသည်။ နောင်စီးပွားရေး သမဝါယမ စနစ်ပုံစံကို မြှင့်တင်ရန်အတွက် တစ်ကျော့ပြန် စွမ်းအားတည်ခြင်းနှင့် အခြေခံအဆောက်အအုံ ပြင်ဆင်သည့် စီမံကိန်းများက အသုံးဝင်နိုင်သည်။ ထို့အပြင် စီးပွားရေးတိုးတက်မှုကို ဟန်ချက်ညီရန်အတွက် သဘာဝရင်းမြစ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လွန်ကျူးစွာ တောခုတ်မှုကို ဟန့်တားအောင် ဖွံ့ဖြိုးဆဲ အင်ဒိုနီးရှားနိုင်ငံအား အမေရိကန် စိုက်ပျိုးရေးနှင့် ပြည်တွင်းရေးဌာနများက သင်တန်းပို့ချ ထောက်ပံ့ခြင်းက များစွာအကျိုးရှိနိုင်သည်။ ပေါ်ပေါက်လာသော ကိစ္စများနှင့် ပတ်သက်၍ ဤသို့သော နှစ်ဦးနှစ်ဖက် ဆောင်ရွက်မှုများသည် မဟာမိတ်ပြုချက်နှင့် ဖက်စပ်ဆောင်ရွက်မှုများကို လတ်ဆတ်စေရန် အထောက်အကူပြုမည့် တိုင်းပြည်များအနေဖြင့် အမေရိကန်နိုင်ငံနှင့် ယင်းတို့ ဆက်ဆံရေးကို အခြေခံစရာ အကြောင်းအရပ်များ တိုးပွားလာစေမည်။

*

## (ဒေသခံ) နယ်ခံလူဦးရေကို အသုံးပြုပါ

အာရှတစ်ခွင်တွင် ဒီမိုကရေစီ ကျယ်ပြန့်လာခြင်းနှင့် အင်တာနက်မှတစ်ဆင့် သတင်းအချက်အလက်နှင့် လျှပ်တစ်ပြက် ဆက်သွယ်ရေးသို့ လမ်းကြောင်းသင့်မှုသည် ဒေသတစ်ဝန်းတွင် အမေရိကန်တို့၏ မဟာမိတ် အနေအထားနှင့် ဖက်စပ်အနေအထားပေါ် သိသိသာသာ ဂယက်သက်မှုရှိသည့် စစ်စခန်း

mgyoe.com

များရှိမှုနှင့် ပတ်သက်၍ တပ်မတော်သဘောတူညီချက်များနှင့် ဒေသခံတို့ သဘော မတူညီမှုတို့သည် မူဝါဒချမှတ်သည့် ခေါင်းဆောင်များနှင့် အမေရိကန်စစ်စခန်းများ အနီးတွင် နေထိုင်သော အရပ်သားလူဦးရေ၏ အရေးများသက်သက် ဖြစ်မည် မဟုတ်တော့ချေ။ အထူးသဖြင့် အခြေအတင်ကိစ္စများနှင့် သဘောမတူညီမှုများ ပေါ်ပေါက် လာသောအခါတွင် အိမ်ရှင်အစိုးရများသည် အမေရိကန်နှင့် အမေရိကန် တပ်မတော်ကို နိုင်ငံတစ်ဝန်းလုံးက မြင်သည့်အနေကို ဖြေရှင်းရကိန်း ဆိုက်ပေ သည်။

အစိုးရများသည် ခေတ်သစ် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာတို့ကြောင့် ပို၍ အသိအမြင် ကြွယ်ဝအကဲခတ်နေသော ပြည်သူလူထုကို ပွင့်လင်းလင်း ဆက်စပ်ရကိန်းဆိုက်ပေသည်။ ၂၀၀၇ ခုနှစ်တွင် အာရှပစိဖိတ် ဒေသတွင် အင်တာနက်သုံးစွဲသူ လူဦးရေ ၅၅၀ သန်း ရှိသောကြောင့် ယင်းသည် ကမ္ဘာပေါ်တွင် အင်တာနက် အသုံးအများဆုံး ဖြစ်သည်ဟု နိုင်ငံတကာ တယ်လီ ကွန်မြူနီကေးရှင်း သမဂ္ဂက ဆိုသည်။ ဖော်ရက်စတာ သုတေသနအဖွဲ့ကနေမူ ၂၀၁၃ ခုနှစ်တွင် အင်တာနက်သုံးစွဲသည့် ကမ္ဘာ့လူဦးရေ ၂.၂ ဘီလီယံ၏ ၄၃ ရာခိုင်နှုန်းသည် အာရှအခြေစိုက်များဖြစ်မည်ဖြစ်ပြီး တရုတ်နိုင်ငံ သက်သက်သည် ၁၇ ရာခိုင်နှုန်းဖြစ်မည်ဟု ဆိုသည်။ သုတေသနပြုချက်ကပင်လျှင် ၂၀၁၃ ခုနှစ်တွင် တရုတ်နိုင်ငံတွင် အင်တာနက် သုံးစွဲသူအများဆုံးရှိမည် ဖြစ်ပြီး ယင်းနောက်မှ နေ၍ အမေရိကန်၊ အိန္ဒိယ၊ ဂျပန်နှင့် ဘရာဇီးတို့ နံပါတ်စဉ် လိုက်သည်။

အမေရိကန်နိုင်ငံ၏ မဟာမိတ်များနှင့် လုပ်ဖော်ကိုင်ဖက်များထံ အလည် အပတ် ရောက်ခိုက်တွင် အိုဘားမားသည် ဒေသခံလူထုနှင့် တိုက်ရိုက်တွေ့ဆုံ စကားပြောဆိုသည့် ဓလေ့ကျင့်သုံးလာခဲ့သည်။ မဟာမိတ်ပြုမှုကို ပြည်သူလူထုက လိုလားခြင်းသည် အိမ်ရှင် အမျိုးသားအစိုးရအား အမေရိကန်နိုင်ငံနှင့် ဒွန်တွဲ အလုပ်လုပ်ကိုင်ရန်အတွက် အခွင့်အလမ်းပို၍ ရစေသောကြောင့် ရေရှည်မက စိတ်နိုင်ရေးအတွက် အမေရိကန်အနေဖြင့် ထိုလူထုကို စည်းရုံး သိမ်းသွင်းမှု ပြုရ မည်။

သို့တိုင်အောင် အမေရိကန်အစိုးရသည် မဟာမိတ် လုပ်ငန်းစဉ် အကောင် အထည်ဖော်ရာတွင် ဖက်စပ်ဆောင်ရွက်မှု ပြုရန် သဘောတူညီမှုတွင် နယ်ခံသား တို့၏ သဘောထားကို အရိပ်အယောင် သက်သက်သာသာမဟုတ် ထဲထဲဝင်ဝင် သတိချပ်သင့်သည်။ အနီးကပ်နှင့် ထင်သာမြင်သာ ခြိမ်းခြောက်မှု မရှိလျှင် အိမ်ရှင် နိုင်ငံများသည် ကြီးမားသလို ဝန်ထုပ်ဝန်ပိုးကြီးဖြစ်သော အမေရိကန် အုပ်ချုပ်ရေးနှင့်

mgyoe.com

mgyoe.com

အမျိုးသားမာနတို့ ပါဝင်ပတ်သက်လာသောအခါတွင် ဤ ကိစ္စအထူးတလှယ် မှန်ကန်သည်။ ဤအချက်များကြောင့်ပင် ၂၀၀၄ ခုနှစ် ဆူနာမီ မုန်တိုင်းနောက်ပိုင်းတွင် တိုင်းတစ်ပါးနိုင်ငံများ၏ လူမှုရေး ကူညီစောင့်ရှောက်မှုနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အင်ဒိုနီးရှားအစိုးရက တင်းကျပ်စွာ ပိတ်ပင်တားဆီးခဲ့သည်။ ထို့ကြောင့် အမေရိကန်တပ်မတော်သည် မဟာမိတ်နှင့် လုပ်ဖော်ကိုင်ဖက် အိမ်ရှင်နိုင်ငံများတွင် ယင်း၏ ခြေရာကိုနည်းနိုင်သမျှ နည်းပါးစွာ ထင်စေသင့်ပြီး အချို့ကို ကမ်းလွန်လုပ်ငန်းများအတွက် ရိက္ခာဖြည့်ဆည်းမှုလမ်းကြောင်းတစ်ရပ်အဖြစ်သာ မြင်ရပေသည်။

*

## တပ်မတော်အင်အားများကို ပြန်ညှိခြင်း

အမေရိကန်အစိုးရသည် ဒေသတွင်း၌ စစ်အင်အားပြသရန်နှင့် ပံ့ပိုးရန်အတွက် စစ်စခန်းများကို အသုံးချပုံကို အခြေခံကျကျပြန်လည် ဆန်းစစ်သင့်သည်။ ယင်းလုပ်ငန်းစဉ်ကို "နေရာနှင့် စခန်းများ" ဟုခေါ်ဆိုသည်။ အာရှတွင် အခြေစိုက်စခန်းများတည်ရေးကို အမြင်သစ်တစ်ရပ်ဖြင့် ထောက်ရှုနေပြီးဟု ဆိုရမည်။ ယင်းအခြေသစ်သည် သမုဒ္ဒရာနှင့် တောင်နှင့် အရှေ့တောင်အာရှ အား တရုတ်တို့၏ တိုက်ချင်းပစ် ဒုံးကျည်၏ တာအလွန်တွင် အမေရိကန် စစ်စခန်းများ တည်နိုင်သည့် ပျံ့နှံ့နေသောနေရာများအဖြစ် မြင်သည်။ ဤအမြင်သည် ဂျပန်နှင့် တောင်ကိုးရီးယားတွင် လက်ရှိတည်ရှိနေသော အမေရိကန်စစ်စခန်းများ၏ အရေးပါမှုကို လျော့နည်းသွားစေသည်။ ယင်းအစား လုပ်ဖော်ကိုင်ဖက်အသစ်များဖြင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုနှင့် စွမ်းရည်တည်မှု လုပ်ငန်းစဉ်များ လုပ်ကိုင်ရန် အမေရိကန်၏ ခြေရာကို တောင်နှင့် အရှေ့တောင်အာရှ တစ်ခွင်တွင် ဖြန့်ကြက်လိုက်သည်။

တရုတ်တို့၏ လမ်းကြောင်းဆန့်ကျင်ရေး နည်းဗျူဟာ ခြိမ်းခြောက်မှုကို ထည့်တွက်ပါလျှင် ဤသည်မှာ လိမ္မာသော နည်းဗျူဟာတစ်ရပ် မှန်သော်လည်း အင်အားငယ်လေးများ ပြန့်ကျဲနေသော ခေတ်ကာလတွင် စနစ်ကြီးကြပ် ကွပ်ကဲရေးအတွက် လိုအပ်သောအမှုကို ဆောင်ရွက်နိုင်အောင် မလုံလောက် သေးချေ။ ဒေသတခွင်တွင် အမေရိကန်နှင့် ယင်း၏ ဒေသန္တရ မဟာမိတ်များနှင့် လုပ်ဖော်ကိုင်ဖက်များပါဝင် ပတ်သက်ရေးအတွက် စခန်းများသည် မရှိမဖြစ် ကဏ္ဍတစ်ခု ဖြစ်သည်။ ယင်းတို့ လုံခြုံရေးအတွက် ထိုစခန်းများ တည်ရှိနေသည် ဟူသော ခံယူချက်က ထိုစခန်းများကို ထားရှိခွင့်ရစေသည်။ ထို့ကြောင့် ပို၍ ညွတ်ပြောင်းသော ရပ်တည်မှု

mgyoe.com

ပြုနိုင်ရန်အတွက် ဂျပန်နှင့် ကိုရီးယားမှ စစ်စခန်းကြီးများကို လျှော့ချနိုင်သော်လည်း အနာဂတ် ခြိမ်းခြောက်မှုများကို ရင်ဆိုင်နိုင်စွမ်း ရှိလောက်အောင် ယင်းတို့ကို ထိန်းသိမ်းထား၍ ခေတ်မီအောင် မြှင့်တင်ရန် လိုအပ်သည်။ လက်ရှိစစ်စခန်းများကို ဒုံးကျည် တိုက်ခိုက်မှု ဒဏ်ခံနိုင်အောင် အာမခံတည်ဆောက် ကာကွယ်မှုပြုရန် လိုအပ်သလို အမေရိကန် တပ်မတော်သည် ယင်းတို့အား ပို၍ ညွတ်ပြောင်းသော ရပ်တည်မှု ပြုနိုင်ရန်အတွက် ဂျပန်နှင့် ကိုရီးယားမှ စစ်စခန်းကြီးများကို လျှော့ချနိုင်သော်လည်း အနာဂတ် ခြိမ်းခြောက်မှုများကို ရင်ဆိုင်နိုင်စွမ်းရှိလောက်အောင် ယင်းတို့ကို ထိန်းသိမ်းထား၍ ခေတ်မီအောင် မြှင့်တင်ရန် လိုအပ်သည်။ လက်ရှိ စစ်စခန်းများကို ဒုံးကျည် တိုက်ခိုက်မှု ဒဏ်ခံနိုင်အောင် အမာခံတည်ဆောက် ကာကွယ်မှုပြုရန် လိုအပ်သလို အမေရိကန် တပ်မတော်သည် ယင်းတို့အား ပို၍ ကျယ်ပြန့်သော အနေအထားဖြင့် ဖြန့်ကြက် အသုံးချနိုင်ရေးလမ်းကြောင်းကို ဆန်းစစ်ရမည်။

*

## တူညီသောအနာဂတ်တစ်ခုကို အာမခံခြင်း

အမေရိကန် အနာဂတ်သည် အာရှ၏ အနာဂတ်နှင့် ချိတ်ဆက်နေသည်။ အမေရိကန်က နိုင်ငံများစွာနှင့် ထွေထွေပြားပြား နိုင်ငံရေး၊ စီးပွားရေးနှင့် လုံခြုံရေး ဆက်ဆံမှုများပြုသော ကြွယ်ဝဖွံ့ဖြိုးသော အာရှသည် ပွင့်လင်းမှုနှင့် အခွင့်အလမ်း သဘောတရားများပေါ် အခြေခံသော ကြွယ်ဝသော နိုင်ငံတကာ အစီအစဉ် တစ်ခု ဖြစ်ထွန်းအောင် အထောက်အကူ ပြုကောင်းသည်။ သို့သော် အမေရိကန် မူဝါဒ ချမှတ်သူများက ဤဒေသနှင့် အမေရိကန်၏ အချိတ်အဆက်ကို ခေတ်မီအောင် ပြုရန် ပျက်ကွက်ပါလျှင် အမေရိကန်နိုင်ငံသည် နောက်တွင် ကျန်ခဲ့ပြီး အမေရိကန် အကျိုးကို အရေးမထားတော့သော သို့မဟုတ် အမေရိကန်ကို ချစ်ကြည်မှု မရှိတော့သော အာရှကို ရင်ဆိုင်ရကိန်း ရှိသည်။ အမေရိကန်နိုင်ငံသည် ဆောင်ရွက်မှု ပြုရန် အခွင့်အလမ်းကို ယခုပင် အရယူ၍ အာရှရာစုနှစ်အတွက် မဟာမိတ် အခြေအနေနှင့် ဆက်စပ်ဆောင်ရွက်မှု ကဏ္ဍများ ခိုင်မာအောင် ပြုသင့်သည်။

*(Ref : The future of US Alliances in Asia*
*by Abraham M Den Mark & Brain M Buton)*

mgyoe.com

mgyoe.com

# အမေရိကန်ပြည်ထောင်စုနှင့် အာရှပစိဖိတ် ဒေသတည်ငြိမ်မှု အလားအလာ

**အမေရိကန်ပြည်ထောင်စုသည် အာရှပစိဖိတ်ဒေသတွင် တည်ငြိမ်မှုကို ဖြစ်စေသော အင်အားလော (သို့) မတည်ငြိမ်သော အင်အားလော ၊**

ယင်းမေးခွန်းကို ကြားသော အမေရိကန် အများစုက အာရှ ပစိဖိတ်ဒေသတွင် အမေရိကန် ပြည်ထောင်စုသည် တည်ငြိမ်မှု ဖြစ်စေသည့် အင်အားဖြစ်သည်ဟု ဆိုပေမည်။ တရုတ်နှင့် အခြားသူ အတော်များများကမူ ထိုအချက်ကို သဘောတူညီမည် မဟုတ်ချေ။ အမေရိကန်နိုင်ငံအား ယင်းဒေသကို မတည်ငြိမ်မှု ဖြစ်စေသော အင်အားဟု ယိုးစွပ်ကြမည်မှာ အမှန်ပင်။ လတ်တလော ပြည်တွင်းနှင့် ပြည်ပတွင် အမေရိကန်တို့ လုပ်ရပ်သည် ထိုအပျက်သဘောဆောင်သော အမြင်ကို ပို၍ ဖြစ်ထွန်းစေသည်။ သာဓကအဖြစ် ထောက်ပြနိုင်သော မကြာခင်က ဖြစ်ရပ် တစ်ခု ရှိသည်။

အိုဘားမား အစိုးရအနေဖြင့် အမေရိကန်နိုင်ငံက အမှန်တကယ် ဆင်နွှဲသင့်သည့် အာဖဂန်နစ္စတန် စစ်ပွဲတွင် လုံ့လစိုက်ထုတ်ခြင်း မပြုပါဘဲ လွဲမှားသော စစ်ပွဲ ဖြစ်နေသည်။ အီရတ်တွင် အကြမ်းဖက်မှု နှိပ်ကွပ်ရေး ဆောင်ရွက်နေသည်ဟု ပြောကြားပြီးနောက်တွင် အာဖဂန်နစ္စတန်တွင် စစ်သည်များကို မြှင့်တင်မည်ဟု ကြေငြာပြီး တပ်များ ရုတ်သိမ်းမည် ဖြစ်ကြောင်း တစ်ဆက်တည်းမှာပင် ကြေငြာခဲ့သည်။ အာဖဂန်နစ္စတန်၏ အိမ်နီးချင်းများသည် ဒုတိယပိုင်းကိုသာ နားဝင်ပြီး ပထမပိုင်းကို လျစ်လျူရှုလိုက်သည့် ပါကစ္စတန်နိုင်ငံပေါ် အမေရိကန် အားထားမှု ပိုလာခဲ့သော်လည်း အစ္စလာမ်ဘက်နှင့် ဆက်ဆံရေး လျင်မြန်စွာ ပျက်ယွင်းလာ

mgyoe.com

mgyoe.com


သည်။

အိုဘားမား၏ အရာရှိများက "အာရှသို့ အမေရိကန် ပြန်လာပြီ" ကြေငြာခဲ့ပြီး ထိုဒေသမှ မိတ်ဆွေဟောင်းများစွာက ဝါရှင်တန်၏ အရေးပြန်ထားမှုကို ကြိုဆိုခဲ့ပါသော်လည်း တရုတ်အများအပြားကမူ အာရှသို့ အမေရိကန် ပြန်လာခြင်းသည် တကယ်တမ်းတွင် တရုတ်ပြည်ကို ထိန်းချုပ်ရန်ကြိုးစားမှု အသွင်တစ်ရပ်သာ ဖြစ်သည်ဟု သံသယ ဖြစ်မိကြသည်။ မရင်းဂျော အာဏာရပြီးနောက်တွင် ထိုင်ဝမ် (တရုတ်–တိုင်ပေ) ရေလက်ကြားသည် ပို၍ အေးချမ်းလာခဲ့ပြီး ဖြစ်သောကြောင့် အမေရိကန်နိုင်ငံသည် တရုတ်ပြည်ကို ဟန့်တားထားရေးတွင် အညှာကိုင်ရန် အနေအဖြစ် တောင်တရုတ်ပင်လယ်ဘက်သို့ ဦးတည်နေသည်ဟုပင် တချို့က ယူဆကြသည်။

အမေရိကန် ပြည်တွင်းတွင်မူ ဥပဒေပြု လုပ်ငန်းစဉ်တို့ ပျက်ပြားဟန် ရှိနေသည်ကို အားလုံး မြင်နိုင်ကြသည်။ အမေရိကန်၏ ကြွေးမြီအမြင့်ဆုံး သတ်မှတ်ချက်မြှင့်တင်ရန် နောက်ဆုံးကြိုးပမ်းချက်မှာ အချည်းနှီးဖြစ်ပုံရပြီး ဥပဒေပြု ကိုယ်စားလှယ်တို့၏ အာရုံကို ပြုသင့်သည့်အချက်များမှ သွေဖီသွားစေခဲ့သည်သာ ရှိပုံရသည်။ ဤသည်မှာ စီးပွားရေးကာလပြီး နောက်ပိုင်းတွင် အမေရိကန်နိုင်ငံက ကျဆင်းနေပြီး တရုတ်နိုင်ငံက တိုးတက်နေသည်ဟု တွက်ဆချက်များ ဖြစ်ပေါ်စေခဲ့သည်။ နိုင်ငံများစွာကဲ့သို့ပင် အမေရိကန်နိုင်ငံသည် ရွေးကောက်ပွဲ အသစ် ရာသီသို့ ဝင်ရောက်စပြုနေရာ ယခုကာလတွင် ကသောင်းကနင်း ဖြစ်ပုံပေါက်နေသော အချက်သည် မကြာမခင်တွင် ဖြစ်ပေါ်လာမည့် အနေအထားနှင့်စာလျှင် စည်းစနစ်ရှိဟန်ပန် ပေါ်ပေါက်နေပေသည်။

ဒုတိယ ကမ္ဘာစစ်ပြီး နောက်ပိုင်းကာလ နိုင်ငံတကာ သမ္မတခရီးစဉ်နှင့် ပတ်သက်၍ အမေရိကန်နိုင်ငံ၏ အကြီးမားဆုံး ပံ့ပိုး ဖြည့်ဆည်းမှုတို့ကို နိဂုံးချုပ်လုအနေသို့ ဆိုက်ရောက်ဟန်ရှိသည်ကို တွေ့ရသည်။ ဝါရှင်တန်သည် သက်ကြီးရွယ်အိုများအတွက် ခန္ဓာကိုယ် အစိတ်အပိုင်းများ အစားထိုးပေးရန်နှင့် ကြွေးရှင်များအား အတိုးပေးရေးမှအပ အခြားကိစ္စများအတွက် ငွေကြေးပံ့ပိုးပေးနိုင်သည့် အနေအထား မရှိသည့်အဖြစ်ကို တိုး၍ ပြုနေသည်။

သို့တိုင်အောင် အထက်ပါ အခြေအနေများကို တပြောင်းတပြန် လှည့်ကြည့်နိုင်သည်။ အမေရိကန်၏ အကြီးမားဆုံး စွမ်းဆောင်ချက်များသည် နောက်ကွယ်တွင် ကျန်ကောင်းကျန်နေခဲ့မည် ဖြစ်သော်လည်း ပို၍ကြီးကျယ်သော စွမ်းဆောင်ချက်များ ရှေ့တွင် ရှိနေသည်။ တရုတ်နိုင်ငံ လေယာဉ်တင်သင်္ဘော အသစ်ကြီးကဲ့

mgyoe.com

mgyoe.com

သို့ပင် အမေရိကန်နိုင်ငံသည် တဖြည်းဖြည်းသာ လှည့်နိုင်သည်။ ရုတ်တရက် လမ်းကြောင်း ပြောင်းနိုင်လောက်အောင် မသေးငယ်ချေ။ တိုင်းပြည်ပုဂ္ဂိုလ်တို့၏ အလိုကျ ပါလီမန်စနစ်ကင်းမဲ့သော အမေရိကန်နိုင်ငံတွင် ရွေးကောက်ပွဲတစ်ခု တည်းဖြင့် အောက်ခြေသိမ်း ပြောင်းလဲမှု မပြုနိုင်ချေ။ နှစ်နှစ်တစ်ကြိမ် ရွေးကောက်ပွဲ သံသရာဖြင့် ပြောင်းလဲမှု တိုးမြင့် ဖြစ်ထွန်းလာသည်။

၂၀၀၈ ခုနှစ်တွင် ပြည်သူလူထုသည် လက်ရှိ သမ္မတ၏ ပါတီကို ပစ်ပယ်၍ "ယုံကြည်နိုင်သော ပြောင်းလဲမှု" အတွက် မဲပေးခဲ့ကြသည်။ ထို့နောက်တွင်မူ ကတိပြုထားသည့် ပြောင်းလဲမှု မဖြစ်ထွန်းကြောင်း လူထုက မြင်ခဲ့ကြပြီး ၂၀၁၀ ပြည့်နှစ်တွင် ကွန်ဂရက်လွှတ်တော် အတိုက်အခံ အမတ်အများဆုံး အပြောင်းအလဲ ဖြစ်အောင် မဲပေးခဲ့ကြသည်။ ယခု ၂၀၁၂ ခုနှစ်အတွက် စိုင်းပြင်းပြီးနောက် ၂၀၁၄ ခုနှစ်ကို ရင်ဆိုင်ရပေမည်။

အမေရိကန်၏ အနာဂတ်နှင့် ပတ်သက်၍ ယနေ့ ဆုံးဖြတ်ချက်သည် လာမည့် ရွေးကောက်ပွဲ နှစ်ခုတွင် ဖြစ်ထွန်းမည့် အခြေအနေကိုမူ တွက်ဆမှု မပြုပါလျှင် တန်ဖိုးရှိမည် မဟုတ်ချေ။ အမေရိကန်၏ အနာဂတ်နှင့် ပတ်သက်၍ ယနေ့ ဆုံးဖြတ်ချက်များသည် သန္ဓေအရ စောလွန်းလေသည်။ ယင်းသည် အနာဂတ်တွင် ဘာဖြစ်မည်ကို မသိနိုင်သောကြောင့်သာမဟုတ်၊ နောက်ရွေးကောက်ပွဲ နှစ်ခုက အစဉ်တစိုက် ဖြစ်ထွန်းမှုရှိစေသည်ထက် ပြောင်းလဲမှု ပိုဖြစ်ထွန်းစေရန် အလားအလာ ရှိ၍ ဖြစ်သည်။

အမေရိကန်နိုင်ငံသည် ကြံ့ခိုင်မှုပြုသော နိုင်ငံဖြစ်သည်။ အမေရိကန်သား အများစုမှာ နယ်မြေပြောင်း အခြေစိုက်များ၏ သားသမီးများ ဖြစ်ကြပြီး နယ်မြေ ပြောင်း အသစ်များကို ကြံ့ခိုင်သူများပင် ဖြစ်ကြသည်။ နှစ်ဆယ်ရာစု နှစ်စောပိုင်း ကာလ နိုင်ငံတကာ အဖွဲ့အစည်းများက တိုးတက်ရေးနှင့် ငြိမ်းချမ်းရေးကို မထိန်း သိမ်း နိုင်သောအခါတွင် အမေရိကန်နိုင်ငံသည် ဒုတိယ ကမ္ဘာစစ်ပြီး နောက်ပိုင်းတွင် ကုလသမဂ္ဂ၊ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့အစည်း၊ အခွန်အကောက်နှင့် ကုန်သွယ်မှု ဆိုင်ရာ အထွေထွေ သဘောတူညီမှု၊ ဘရန်ကွန်ရပ် သဘောတူညီချက်နှင့် အခြား ဌာနများကဲ့သို့ ပွင့်လင်းသော၊ ကြံ့ခိုင်သော အဖွဲ့အစည်းများ ထူထောင်ရေးကို ဦးဆောင်ဦးရွက် ပြုခဲ့သည်။

အမေရိကန်နိုင်ငံ၏ ဤဆောင်ရွက်မှုသည် လူ့သမိုင်းစဉ် တလျှောက်တွင် တည်ငြိမ်မှု အရှိစေခဲ့ဆုံး၊ မတည်ငြိမ်မှုကို ဆန့်ကျင်သော ဂယက် အရှိစေဆုံး ဆောင်ရွက်မှုပင် ဖြစ်သည်။ ယင်းသည် ပြောင်းလဲမှုအား တည်ငြိမ်မှုတွင် နဂိုပါရင်းစွဲ

mgyoe.com

လက္ခဏာတစ်ရပ်အဖြစ် လက်ခံခဲ့သည်။ ယင်းသည် ဂူဗိမာန်တစ်ခု၏ တည်ငြိမ်မှုကို ရှောင်ရှား၍ ကြီးထွားမှုနှင့် ဖွံ့ဖြိုးမှု၏ တည်ငြိမ်မှုကို လိုလားမှု ပြသည်။ သမိုင်း၏ အပြင်းထန်ဆုံး စစ်ပွဲပြီး နောက်တွင် အောင်နိုင်သူနှင့် ရှုံးနိမ့်သူတို့သည် အတူတကွ ငြိမ်းချမ်းသာယာ ကြွယ်ဝချမ်းသာစွာနေထိုင်နိုင်ကြောင်း ကမ္ဘာ လောကကြီးကို ဖော်ကျူးပြသည်။

ဟားဗတ် တက္ကသိုလ်ပါမောက္ခ ဂျိုးနရီကမူ လုံခြုံရေးသည် အောက်ဆီဂျင်နှင့် တူသည်ဟု တင်စားညွှန်းဆိုမှု ပြုခဲ့သည်။ အောက်ဆီဂျင်ကဲ့သို့ပင် မရှိတော့သည့်အခါကျမှသာလျှင် အောက်ဆီဂျင်ကို သတိချပ်မိရတတ်သည်။ နရီသည် အမေရိကန်သည် လုံခြုံရေးအင်အားစုအဖြစ် ရပ်တည်၍ တပ်များကို ချထားခြင်းဖြင့် အာရှ– ပစိဖိတ်ဒေသ တည်ငြိမ်မှု ရှိစေရန် ပံ့ပိုးထားသည်ဟု အခါခါ ဆိုညွှန်းခဲ့ဖူးသည်။

အာရှ– ပစိဖိတ်ဒေသတွင် အမေရိကန်တပ်များ ချထားခြင်းကို ဝေဖန်ပုတ်ခတ်သူတို့က ယင်းကို အံဝင်ခွင်ကျ မရှိတော့သော လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ် စစ်အေးကာလက လက်ကျန်အရေးသာ ဖြစ်သည်ဟု ခံယူကြသည်။ တစ်ခါက ဖွံ့ဖြိုးဆဲ နိုင်ငံများ ဖွံ့ဖြိုးရေးအတွက် မရှိမဖြစ် လိုအပ်ချက်အဖြစ် ရှုမြင်ခဲ့သော ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် မဟာမိတ်ပြုမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ယခုအခါတွင်မူ ခေတ်မီအောင် လိုက်ပါလာနိုင်မှု မရှိသော လူမှုအသိုက်အမြုံများ ပေါ်တွင် အမေရိကန်၏ စွမ်းအင်များ ပြန်းတီးမှုနှင့် အာရှတွင် တရုတ်နိုင်ငံ ဖြစ်ထွန်းလာမှုပင် ဖြစ်သော တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးလာနေသော အနေအထားနှင့် ကိုက်ညီမှု မရှိသော ဆန့်ကျင်သည့် လုပ်ရပ်အဖြစ်ပင် မြင်ကြသည်။

အင်ဒိုချိုင်းနား စစ်ပွဲတွင် အမေရိကန်နိုင်ငံ၏ ညံ့ဖျင်းခဲ့မှုကိုလည်း ထောက်ပြနိုင်ကြသူများ ရှိသည်။ တရုတ်နိုင်ငံ၏ ပြည်တွင်းစစ် နိဂုံးချုပ်စေရေးအတွက် ပြန်လည်ပေါင်းစည်းမှုကို တွန်းအားပေးရန် အိလေးဆွဲနေမှု၊ ကိုရီးယားနိုင်ငံ နှစ်ပိုင်း ပြန်လည်ညီညွတ်စေရန် ကူညီဆောင်ရွက်မှု မအောင်မြင်ခြင်း စသည့်တို့ကို အာရှတိုက် ရေရှည်တည်ငြိမ်ရေးအတွက် အမေရိကန်နိုင်ငံ မပြုနိုင်သောကိစ္စများအဖြစ် ထောက်ညွှန်ကြသည်။

သို့သော် အာရှဒေသ၏ လတ်တလော နိုင်ငံရေးနှင့် လုံခြုံရေး အခန်းကဏ္ဍများတွင် အမေရိကန်နိုင်ငံ ပါဝင်ပတ်သက်မှုကို ပုတ်ခတ်သော သဘောထားများ ပါရှိနေသော ဤသဘော နှစ်ခုနှင့် ပတ်သက်၍ ဆန်းစစ်စရာ ရှိသည်။ ပထမတစ်ချက်မှာ ထိုဒေသတွင်း တည်ငြိမ်မှု ရှိနေပြီဖြစ်သောကြောင့် အမေရိကန်

mgyoe.com

mgyoe.com

ပါဝင်ပတ်သက်ရန် မလိုတော့ဟူသောအချက်ပင် ဖြစ်သည်။

ဒုတိယ တစ်ချက်ကား အာရှဒေသတွင်း၌ ပူးပေါင်းဆောင်ရွက်မှုများ သဟဇာတကျကျ ရပ်တည်မှု များပြားလာသောကြောင့် အာရှတွင် မတည်ငြိမ်မှု ဖြစ်ပွားလျှင်ပင် ပြည်ပမှ ဝင်ရောက်စွက်ဖက်ခြင်း မလိုအပ်ပဲ ထိန်းသိမ်းမှုပြုနိုင်မည် ဟူသော အချက်ပင် ဖြစ်သည်။ ဤခံယူချက်များဖြင့် ထောက်ရှုလျှင် အမေရိကန် ပါဝင်ပတ်သက်မှုသည် မလိုလားဖွယ် ၊ မလိုအပ်သော ကိစ္စ ဖြစ်နေသည်။

ပထမ တစ်ချက်ပေါ် မူတည်၍ လာမည့် ဆယ်စုနှစ်တစ်စု သို့မဟုတ် နှစ်စုကာလတွင် တရုတ်နိုင်ငံ ဆက်လက် အသွင်ပြောင်းမှု အလားအလာကို သုံးသပ်နိုင်သည်။ လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ် ကာလတစ်လျှောက်တွင် တရုတ်နိုင်ငံ၏ ဖြစ်ထွန်းမှု အတိုင်းအတာကို ထောက်ရှု၍ ရှေ့ဆယ်စုနှစ်များတွင် တရုတ်နိုင်ငံ သည် စီးပွားရေး တိုးတက်မှုနှင့် လူမှုရေး တည်ငြိမ်မှု တစိုက်မတ်မတ် ကြုံဆုံသွားမည်ဖြစ်ကြောင်း စီးပွားရေး လုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များနှင့် အခြား အကဲဖြတ်ပုဂ္ဂိုလ်များက ယူဆကြသည်မှာ သဘာဝကျသည်။

*(Ref : United States : A Stubilizing or Destabilizing Factor in the Asia - pacific Region by Doreglas H - Paul)*

mgyoe.com

mgyoe.com

## အမေရိကန်ပြည်ထောင်စုနှင့် အာရှပစိဖိတ်ဒေသ တည်ငြိမ်မှု အလားအလာမြင်ကွင်း

လွန်ခဲ့သော နှစ်ပေါင်း လေးဆယ်ကျော် ကာလတစ်လျှောက် အာရှဒေသတွင် အမေရိကန်တို့ ဝင်ရောက်ပတ်သက်မှု သမိုင်းကြောင်းကို ထောက်ရှုသူများကမူ တရုတ်နိုင်ငံ၏ အနာဂတ်ကို ဤသို့ အကောင်းမြင်ခဲ့သည်။ မျက်မှောက်ကာလတွင် အမေရိကန်နှင့် တရုတ်နိုင်ငံ၏ အကြောင်းရေးသားသူတို့သည် တိုကျိုနှင့် ပါရှင်တန်သည် အာရှဒေသတွင် ကမ္ဘာ့တိုးတက်မှုကို နောက်နှစ်ပေါင်းများစွာ ရှေ့ဆောင်ရှေ့ရွက်ပြုရန် စိုင်းပြင်းနေကြပုံကိုလည်း ၁၉၈၀ ခုနှစ်များတွင် ရေးသားခဲ့ကြသည်။

နှစ်ဆယ်ရာစုနှစ် နှောင်းပိုင်း အာရှ "ကျား" တိုင်းသည် တခဏတာ စီးပွားရေး တစ်ဟုန်ထိုး တိုးတက်မှု ကြုံပြီးနောက်တွင် တိုးတက်နှုန်း နိမ့်ပါးသွားသည်ကိုလည်းကောင်း ပုံစံအသစ်များ မြှင့်တင်ထုတ်လုပ်ရမှုများကြောင့် စရိတ်တောင်းသည့် စက်မှုလုပ်ငန်း ပြုပြင်မွမ်းမံ တည်ဆောက်မှုများ ပြုရသည်ကို ကြုံခဲ့ ကြသည်ပင်။ တရုတ်နိုင်ငံသည် ထိုအောင်မြင်မှုဇာတ်လမ်းများတွင် နောက်ဆုံးနှင့် အကြီးမားဆုံး အောင်မြင်မှုဇာတ်လမ်းပင် ဖြစ်သည်။

လာမည့်နှစ်ကာလ ငါးနှစ် သို့မဟုတ် ထိုနှစ်များဝန်းကျင် ကာလတွင် ဝင်ငွေနည်းလာသည့် အခြေအနေများနှင့် ကြုံလာသောအခါတွင် ပေကျင်းခေါင်းဆောင်များသည် ထဲထဲဝင်ဝင် ပြောင်းလဲမှုများ မလွဲမသွေ ပြုရကိန်း ဆိုက်ပေမည်။ တရုတ်နိုင်ငံ၏ တစ်ဆယ့်နှစ်ကြိမ်မြောက် ငါးနှစ် စီမံကိန်းသည် ဤအသွင်ကူးပြောင်းမှုအတွက် စိုင်းပြင်းရန် ကြိုးစားနေပြီ ဖြစ်သော်လည်း မလွဲမသွေ ကြုံရ

mgyoe.com

mgyoe.com
မည့် အပြောင်းအလဲကို ဆန့်ကျင်သော စနစ်အတွင်းမှ အဟန့်အတားကို ကြုံနေပြီး ဖြစ်သောကြောင့် ထင်ရှားသည်။

အာရှကျားတို့၏ စီးပွားရေးများသည် ယင်းတို့ ကြုံတွေ့ရသော စီးပွားရေး အသွင် ကူးပြောင်းမှုများကို ကိုင်တွယ် ဖြေရှင်းနိုင်သော နိုင်ငံရေး အဖွဲ့အစည်းများနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးစေရန် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အသီးသီး အသားကုန် ကြိုးစားခဲ့ရသည်။ ထိုကြိုးပမ်းမှု၏ အသားတင်ရလဒ်ကား တသီးတခြား နိုင်ငံများတွင် တသီးတခြားနှုန်း ၊ တသီးတခြားနည်းလမ်းတို့ဖြင့် ဖြစ်ထွန်းလာခဲ့သော နိုင်ငံရေးနည်းစနစ်များ ဖွံ့ဖြိုးလာခဲ့သော်လည်း ထိုစနစ် အားလုံးသည် ကာလကြာသောအခါတွင် အသီးသီးအသက ပြုလုပ်သူတို့၏ လိုလားချက်များကို ဖြည့်ဆည်းနိုင်မှုပင် ဖြစ်သည်။ ဤကဏ္ဍမှ ထောက်ရှုပါလျှင် မည်သည့် တိုင်းပြည်ကမှ ကြုံဖူးခဲ့ခြင်း မရှိသော ပမာဏထက် ဆပြန်များစွာ ပိုသာသော ပမာဏဖြင့် ဤစိန်ခေါ်ချက်ကို ရင်ဆိုင်ရမည့် တရုတ်နိုင်ငံသည် အထက်တွင် ဖော်ပြခဲ့သော လိုအပ်သည့် နိုင်ငံရေး ဖွံ့ဖြိုးမှုနှင့် ပြုပြင်ပြောင်းလဲမှုနှင့် များစွာ လှမ်းနေသေးသည်။

ဤ ပြောင်းလဲမှု စရိတ် ၊ ပြောင်းလဲမှုဒဏ်ကို ပို၍ ရှုပ်ထွေးစေမည့် အချက်ကား တရုတ်လူမျိုးတို့၏ ထိရှလွယ်သော အမျိုးသားရေး စိတ်ဓာတ်နှင့် အိမ်နီးချင်းနိုင်ငံများနှင့် ပြီးပြတ်မှု မရှိသေးသော နိုင်ငံရေး ပဋိပက္ခများပင် ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်များမှသည် ၂၀၀၇ ခုနှစ် ကာလအထိ ယင်း၏ အိမ်နီးချင်းများနှင့် သံတမန်ရေးရာအရသော် လည်းကောင်း ၊ မဟာဗျူဟာအရသော် လည်းကောင်း၊ ထွန်းပြောင်စွာ ဆက်ဆံမှု ပြုပြီးနောက်တွင် တရုတ်၏ Soft Diplomacy အပေါ် အသားမာ တက်လာခဲ့ပြီး ထို ခိုင်မာလာသော ဆက်ဆံရေးကို ဒေသန္တရ တုံ့ပြန်မှု ကြုံလာခဲ့သည်။ ထို့ကြောင့် အရှေ့အလယ်ပိုင်း ဒေသသို့ အာရုံရောက်နေရာမှ အမေရိကန်တို့ အာရှကို အာရုံပြန်ပြုလာမှုအား ကိုရီးယားမှသည် အင်ဒိုနီးရှားနှင့် မလေးရှားနှင့် အိန္ဒိယမှသည် ဩစတြေးလျနှင့် ကြားဒေသတို့က လိုလိုလားလား ကြိုဆိုလက်ခံခြင်းမှာ တရုတ်နိုင်ငံတွင်ရော အခြားနိုင်ငံများတွင်ပါ အံ့ဩစရာ မဟုတ်ချေ။

ဤဖြစ်ရပ်သည် တရုတ်နိုင်ငံက ယင်း၏ စွမ်းဆောင်ချက်များ အိုလံပစ်ပွဲတွင် အောင်မြင်မှု၊ ကမ္ဘာ့ငွေကြေး ကပ်ဘေးဆိုက်ပြီးနောက် စီးပွားရေး ဖွံ့ဖြိုးမှုနှင့် တည်ငြိမ်မှု၊ ရှန်ဟိုင်းပြပွဲ၊ အောင်မြင်မှုနှင့် ပတ်သက်၍ ဂုဏ်ယူနေချိန်တွင် ဖြစ်ပွားခြင်းက လတ်တလော ခံစားချက်များကို အားဖြည့်သည်သာ ရှိမည်။

တရုတ်နိုင်ငံ၏ မျှော်လင့်ထားသော ခက်ခဲသော စီးပွားရေး အသွင် ကူး
mgyoe.com

mgyoe.com


ပြောင်းကာလ ဆိုက်ရောက်လာသည်နှင့်အမျှ တရုတ်နိုင်ငံနှင့် စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်ထားသော နိုင်ငံများက အခွင့်အရေးဟု လတ်တလော ယူဆစရာ ဖြစ်နေသော အချက်များသည် ပြန်လည် ဆန်းစစ်စရာကိစ္စများ သို့မဟုတ် နစ်နာစရာ ကိစ္စများ ဖြစ်လာနိုင်သည်။ တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေးစနစ်ကို စိန်ခေါ်ချက်နှင့် တရုတ်ပြည်၏ နိုင်ငံခြားရေး မူဝါဒတွင် ယင်းတို့၏ ရောင်ပြန်ဟပ်ချက်တို့သည် စစ်အေးကာလအဆုံးတွင် နိုင်ငံတကာ ဆက်ဆံရေးတွင် နိုင်ငံများက ကျင့်သုံးလာခဲ့သော အရံအတားတည်သည့် ကျင့်ထုံးကို ပို၍ အားဖြည့်နိုင်ကောင်းသည်။ ဤပြောင်းလဲသော အခင်းအကျင်းတွင် အမေရိကန်၏ တန်ပြန်အားနှင့် အမေရိကန် ရှိနေမှုသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းများနှင့် တရုတ်နိုင်ငံအတွက်ပင် မတည်ငြိမ်မှုထက် တည်ငြိမ်မှု ဖြစ်စေသောအချက် ဖြစ်သည်။

အာရှတွင် အမေရိကန်နိုင်ငံရှိရန် မလိုတော့လောက်အောင် အာရှနိုင်ငံများ ပူးပေါင်းစည်းလုံးညီညွတ်နေကြပြီဟု ဆိုသည့်တိုင်အောင် ထိုသို့ အပြည့်အဝ ခံယူ၍ မရချေ။ အမေရိကန်ပြည်ထောင်စုကို ဝေဖန်သူအများစုသည် အမေရိကန်များသည် ဒေသအရေးများကို ဖြေရှင်းသော ဒေသန္တရလုံခြုံရေး အဆောက်အအုံတည်ရေးတွင် "အရှုပ်ထုပ်" ဖြစ်နေသည်ဟု ယူဆကြသည်။ သို့သော် ထိုယိုးစွပ်ချက်များ မမှန်ကန်ကြောင်း သမိုင်းကြောင်းက ထောက်ပြသည့် ဩစတြေးလျသားများက အာရှ–ပစိဖိတ်ဒေသ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Asia - Pacific Economic Cooperation (APEC) ကို အကောင်အထည်ဖော်သောအခါတွင် အမေရိကန်ပြည်ထောင်စုက အကြွင်းမဲ့ ထောက်ခံခဲ့သည်။ သို့သော် မဟာသီယာ မိုဟာမက်က အရှေ့အာရှအုပ်စု ဖွဲ့စည်းရန် တင်ပြလာသောအခါ ယင်းသည် အမေရိကန်နိုင်ငံအား အာရှပစိဖိတ် အရေးများမှ သဘာဝမကျစွာ ထုတ်ပယ်ပစ်ရန် ကြံစည်ချက်တစ်ရပ်ဖြစ်ကြောင်း ဝါရှင်တန်နှင့် ယင်း၏ မိတ်ဆွေများက လွယ်ကူစွာ သဘောပေါက်ခဲ့သည်။

အမေရိကန်နိုင်ငံသည် ကိုရီးယား ကျွန်းဆွယ်ဒေသတွင် အဏုမြူလက်နက် ဖျက်သိမ်းရေးအတွက် ခြောက်နိုင်ငံအစည်းအဝေးတွင် ပါဝင်ရန် တရုတ်နိုင်ငံ၏ ပန်ကြားချက်အရ ပါဝင်ခဲ့သည်။ အမေရိကန်နိုင်ငံသည် ထိုအရေးဆောင်ရွက်မှု လုပ်ငန်းစဉ်မှ အကောင်းအဆိုး သင်ခန်းစာများ ရရှိခဲ့ပါသော်လည်း ထိုလုပ်ငန်းကို ပစ်ပယ် နုတ်ထွက်လာခြင်း မရှိခဲ့သေးချေ။ တရုတ်၏ အကြံဉာဏ် စုပေါင်းဖြေရှင်းမှု လုပ်ငန်းစဉ်တွင် အမေရိကန်သည် ထိုဆွေးနွေးပွဲမှ အကျိုးရလဒ်ပေါ်ရန် မျှော်လင့်နေဆဲ ဖြစ်သည်။ အမေရိကန်နိုင်ငံသည် အာဆီယံ ဒေသန္တရအစည်းအဝေး

mgyoe.com

mgyoe.com


ASEAN Regional Forum (ARF)အပါအဝင် အာဆီယံ ဦးဆောင်သော လုပ်ငန်းစဉ်များတွင် စိတ်အားထက်သန်စွာ ပါဝင်၍ အထမြောက် အောင်မြင်ရေးကို မျှော်ရည်သည်။

အခြား အာရုံများနေခဲ့သော ဘုရှ် အစိုးရသည် အရှေ့အာရှ ဆွေးနွေးပွဲ EAST ASIA SUMMIT (EAS) သဘောတရားကို ပြတ်ပြတ်သားသား လက်ခံရန် သော်လည်းကောင်း ငြင်းပယ်ရန်သော်လည်းကောင်း အခက်အခဲ ကြုံခဲ့သည်။ သို့သော် အိုဘားမားအစိုးရက ဖမ်းကြည့်မည်ဟု လက်ခံမှုပြုခဲ့ပြီး လက်ခံမှုကို ကြိုတင်အခင်းအကျင်းပြုသည့်အနေဖြင့် Treaty of Amity and Commerceကို လက်မှတ်ရေးထိုးခဲ့သည်။ EASသည် ကနဦး ကာလတွင် ယင်းကို အဆင့်မြင့်အလေးထားမှုနှင့် ထိုက်တန်စွာ ရပ်တည်နိုင်မှုပြုမည်ဟု မျှော်လင့်ရသည်။

သို့တိုင်အောင် ဤအထွေထွေအရေးများသည် ကနဦးအစပိုင်း အဆင့်မှာသာ ရှိသောကြောင့် ယင်းတို့၏ အားနှင့် ရေရှည်တည်တံ့စွမ်းကို သက်သေထူရပေဦးမည်။ အချိန်ကြာလာသည်နှင့်အမျှ စိတ်ချယုံကြည်ရသော လောက်လောက်လားလား အကျိုးရလာဒ် ဖြစ်ထွန်းစေသော လုံခြုံရေးနှင့် စီးပွားရေးယန္တရားများ ဒေသတွင်း၌ရှိသည့် ကာလမတိုင်ခင်တွင် အာရှအား မျက်မှောက်ကာလ အောင်မြင်သည့်အဆင့်သို့ ရောက်ရှိစေခဲ့သော ဖွဲ့စည်းပုံများနှင့် အကျင့်များကို စွန့်ပစ်ခြင်းသည် အကြီးဆုံးမိုက်မဲမှု ဖြစ်ပေမည်။ ထို့အပြင် အာရှပစိဖိတ်အရေးတွင် အင်အားအကြီးမားဆုံးသူက အရေးကြီးလှသော ကူးပြောင်းရေး စိန်ခေါ်ချက်များကို ရင်ဆိုင်နေရပုံပေါက်သော အနေတွင် ဤလုံခြုံရေး အခြေအနေ အစဉ်တစိုက် ဆက်လက်တည်ရှိနေရေးသည် အလွန်ပင် လိမ္မာသောအပြု ဖြစ်မည့်ပုံ ရှိသည်။

ငွေကြေး ကပ်ဘေးနှင့် ပြည်တွင်း အကျပ်အတည်း အရေးကိစ္စများဒဏ်ကြောင့် မျက်မှောက်ကာလ အမေရိကန် "လဲ"နေသည်၊ ကွင်းပြင် ရောက်နေသည်ဟု ယူဆချက်နှင့် ပတ်သက်၍ ရှေ့တွင် ဆိုထားမှုကို ပြန်ကောက်ရပါလျှင် အမေရိကန်နှင့် ပတ်သက်၍ ဆုံးဖြတ်ချက် မစောသင့်ဟု အာရှသားတို့ သတိချပ်သင့်သည်။ ထိုအချက်နှင့် ပတ်သက်၍ အာရှသားတို့ နိုင်ငံရေးဘဝ အတွေ့အကြုံရင့်သည်ဟု ယူဆပါသည်။

အမေရိကန်နိုင်ငံသည် အလွန်တရာ ကြွယ်ဝချမ်းသာပြီး နည်းပညာပိုင်းအရ တိုးတက်သော နိုင်ငံအဖြစ် တည်ရှိနေသေးသည်ပင်။ ကဏ္ဍအများစုတွင် အမေရိကန်နိုင်ငံ၏ ဦးဆောင်ဦးရွက်ပြုမှုသည် ကျဆင်းလာမှု မရှိသည့်အပြင် အရှိန်အဟုန်

mgyoe.com

mgyoe.com


မြင့်မား ရှေ့သို့ တိုးလှမ်းနေ၍ နောက်လိုက်နိုင်ငံများထက် ပို၍ ကြောနေသည်။ အလှမ်းကွာဟနေသည်။ အမေရိကန်နိုင်ငံ၏ ကြီးမားလှသော ချမ်းသာကြွယ်ဝမှု ပမာဏကို ပြန်လည် ဖြန့်ဝေပေးနိုင်ရန် နည်းလမ်းရှာကြံရန် လိုအပ်သည်ကတော့ အမှန်ပင် ဖြစ်သည်။ သို့သော် ဤအရေးတွင် နိုင်ငံတော်က ဝင်ရောက်၍ ပုဂ္ဂလိက လူချမ်းသာများ ကိုယ်တိုင် ယင်းတို့ စနေအင်အားကို အစပ်အဟပ်ကျကျ အကျိုးပြုနည်းလမ်းဖြင့် ဖြန့်ဝေပေးရေးပြုရန် လိုအပ်သည်။ ဤ ဆောင်ရွက်မှုကို အုန်းအုန်းကျွက်ကျွက် အဖြစ်ဆုံး၊ ထိရောက်မှု အရှိဆုံး နည်းလမ်းတို့ဖြင့် ဆောင်ရွက်မှု ပြုနေသည်။ သို့သော် ထိုသို့ ပြည်တွင်းရေးတွင် ဖြစ်ပျက်နေသည့် တိုင်အောင် အာရှဒေသတွင် အမေရိကန်နိုင်ငံ ရပ်ပြ၊ ပါဝင်ပတ်သက်မှုသည် ဒေသတွင်း မတည်ငြိမ်မှု ဖြစ်စေမည်ဟု ယူဆရပေမည်။

*(Ref : United States : A Stubilizing or Destabilizing*
*Factor in the Asia - pacific Region*
*by Doreglas H - Paal)*

mgyoe.com

mgyoe.com

## အမေရိကန်ပါဝါကို တရုတ်နိုင်ငံ၏ အကဲဖြတ်ချက်များ

တရုတ်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ ဆုံးဖြတ်ရာတွင် ကမ္ဘာ့ ပါဝါ ဟန်ချက် အခင်းအကျင်းသည် လွန်စွာ ပဓာနကျသည်။ အမေရိကန်၏ အနေအထား ယာယီ လျော့ပါးနေသည့်တိုင်အောင် အမေရိကန်နိုင်ငံ၏ ရေရှည် ဩဇာညောင်းမှုကို တရုတ်ခေါင်းဆောင်တို့ ကြိုတင်ရှုမြင်နေသမျှ ကာလပတ်လုံး တရုတ် ခေါင်းဆောင်များသည် အမေရိကန်နိုင်ငံနှင့် ထိပ်တိုက် ရင်ဆိုင်ရသည့် အခြေအနေသို့ မဆိုက်ရောက်အောင် မူဝါဒများ ရှောင်လွှဲ ချမှတ်ပေမည်။ သို့သော် အမေရိကန်နှင့် တရုတ်၏ ပါဝါကွာဟမှု လျင်မြန်စွာ ကျဉ်းမြောင်းလာနေပြီး ပထဝီဝင် နိုင်ငံရေး အနေအထားဖြင့် ပို၍ မျက်နှာသာပေးလာနေသည်ကို ပေကျင်းမှ ရှုမြင်မိပါလျှင် တရုတ်ခေါင်းဆောင်များသည် သာလွန်လာသည့် အခြေအနေပေါ်တွင် ပို၍ ပြင်းပြင်းထန်ထန် စိန်ခေါ်မှု ပြုလာမည် ဖြစ်သည်။

### တရုတ်နိုင်ငံ၏ လုံခြုံရေးလွှမ်းမိုးမှု ပါရာဒိုင်းကို အမေရိကန်ပါဝါဖြင့် အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်း

တရုတ်တို့သည် နိုင်ငံတကာစနစ်ကို 'စူပါပါဝါတစ်ခု မေဂျာပါဝါများစွာ'ဟု ဆံယ်စုနှစ်ပေါင်းများစွာ ရည်ညွှန်းလာခဲ့ကြသည်။ ဤ အသုံးအနှုန်းသည် အမေရိကန်နိုင်ငံကို တစ်ခုတည်းသော အင်အားကြီးနိုင်ငံအဖြစ်နှင့် တရုတ်နိုင်ငံ

mgyoe.com

mgyoe.com
အပါအဝင် အခြားနိုင်ငံများကို အင်အားကြီး နိုင်ငံများအဖြစ် ခွဲခြားရှုမြင်ကြောင်းကို ဖော်ပြပြီး ဤ ရှုမြင်ချက်ပေါ် မူတည်၍ ပတ်ဝန်းကျင် လုံခြုံရေးကိစ္စကို ချမှတ်ကြောင်း ပေါ်လွင်စေခဲ့သည်။ အခြေခံအားဖြင့် ဤအချက်သည် မှန်ကန်နေသေးသော်လည်း နိုင်ငံတကာစနစ်တွင် အခြားအင်အားများ လျင်မြန်စွာ တိုးတက်မှု စတင်လာခြင်းနှင့် ကမ္ဘာ့ငွေကြေး ကပ်ဘေး အရှိန်အဟုန် ပြင်းလာခြင်းအပြင် အီရန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့တွင် အမေရိကန်စစ်ရေးအရ ပါဝင်ပတ်သက်ခြင်းကြောင့် အမေရိကန် အတော်အတန် ကျဆင်းမှုကိုလည်း တရုတ်နိုင်ငံက သတိပြုမိသည်။ ဘေဂျင်းအတွက် အရေးကြီးသော မေးခွန်းကား ဤကျဆင်းမှု မည်မျှ ရေရှည်ကြာမည်ဟူသောအချက်နှင့် ယင်းသည် လုံခြုံရေးပတ်ဝန်းကျင်ကို တခြားတစ်ဆင့်သို့ အခြေခံအားဖြင့် ရွေ့စေမည်လား ဟူသော အချက်ပင် ဖြစ်သည်။

တရုတ် သုတေသီများသည် အမေရိကန် ကျဆုံးခန်းကို ဆယ်စုနှစ်ပေါင်းများစွာကတည်းကပင် ကြိုတင်ဟောကိန်းထုတ်လာခဲ့ပါသော်လည်း ကမ္ဘာ့တစ်ပြေးညီ အင်အားနိုင်ငံများ ပေါ်ပေါက်ရေးအတွက် အချိန်ကာလ သတ်မှတ်ချက်ကို အခါခါ ပြန်လည်ပြုပြင်ခဲ့ကြရပြီး ဖြစ်သည်။ စစ်အေးကာလ နိဂုံးမချုပ်ခင်ကာလကတည်းကပင် ပညာရှင်များသည် ကမ္ဘာကြီးအား ဆယ်စုနှစ် ပေါင်းများစွာကြာမြင့်ဦးမည့် အသွင်ကူးပြောင်းမှုကာလ 'ခေတ်သစ်' (New Era) တွင် ရောက်ရှိနေသည်ဟု ဟောကိန်း ထုတ်ခဲ့သည်။ ဤကာလ အတွင်း၌ ကြီးမားသော ပြိုင်ဆိုင်မှုကြီးများ ဖြစ်ပွား၍ သြဇာနယ်ပယ်များ ပြန်လည်ပိုင်းဝေသော ဒေသန္တရ စစ်ပွဲများနှင့် ကမ္ဘာ့ခေါင်းဆောင်အဆင့်ကိုလုသည့် အရေးများ ဖြစ်ထွန်းမည်ဟု သူတို့ ဆိုခဲ့ကြသည်။ နောက်ဆုံး အကျိုးရလဒ်ကား အမေရိကန် နိုင်ငံအား ကမ္ဘာ့လွှမ်းမိုးမှု မပြုနိုင်အောင် ဟန့်တားမည့် တစ်ပြေးညီ အင်အားကမ္ဘာ ဖြစ်ထွန်းမှုပင် ဖြစ်မည်ဟု ဟောကိန်းထုတ်ခဲ့ကြသည်။

အရှေ့ဥရောပတွင် ဆိုဗီယက် ပြည်ထောင်စုနှင့် ကွန်မြူနစ်စနစ်တို့ ပြိုလဲသောအခါတွင် တရုတ်ကျွမ်းကျင်သူတို့သည် နိုင်ငံတကာ လုံခြုံရေး ဂတ်ဝန်းကျင်စနစ်ကို ရှိုက်ရှိုက်ချွတ်ချွတ် ပြန်လည် စူးစမ်းခဲ့သည်။ အဆင့်မြင့် နည်းဗျူဟာတွင် အမေရိကန်နိုင်ငံ၏ ပြိုင်ဘက်များအဖြစ် ဂျပန်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့ ပေါ်ပေါက်လာသောအခါတွင် သူတို့ ကြိုတင်တွက်ဆထားသော တစ်ပြေးညီ အင်အား ကမ္ဘာ့အခင်းအကျင်း အကောင်အထည် ပေါ်လာနေပြီဟု ပို၍ခိုင်မာစွာ မြင်လာခဲ့သည်။ ဤ ကမ္ဘာ့ အခင်းအကျင်း အသစ်တွင် အင်အားကြီး နိုင်ငံများကြား ဟန်ချက်ပို၍ကောင်းနေမည် ဖြစ်ပြီး အနောက်တိုင်း၏ တန်ဖိုးကို ဆန့်ကျင်မှု တိုးမြင့်လာမည့်
mgyoe.com

mgyoe.com

အပြင် ကမ္ဘာ့တစ်ဝန်းတွင် စစ်ရေးအင်အားထက် စီးပွားရေးနှင့် သံတမန် နည်းပညာများကို အသုံးပြုချဉ်းကပ်မှု ပိုပြုပေမည်ဟု တွက်ဆခဲ့ကြသည်။ သို့သော် ဤတွက်ဆမှုသည် ကိုယ်လိုရာ အကောင်းမြင်မှု သဘာဝသာ ရှိခဲ့သည်။

ပင်လယ်ကွေ့ စစ်ပွဲ ၁၉၉၁ နှင့် ဘောလ်ကန်ဒေသမှ အခြား အဆင့်မြင့် နည်းပညာစစ်ပွဲများ ၁၉၉၆ အပြင် ကိုဆိုဗို ၁၉၉၉ စစ်ပွဲတို့သည် စစ်အင်အား၏ အရေးပါမှုကို မီးမောင်းထိုးပြခဲ့ပြီး အမေရိကန်နှင့် တရုတ်တို့၏ စစ်စွမ်းရည် ကွာခြားမှုကိုလည်း ထင်ရှားစေခဲ့သည်။ ထို့အပြင် ကမ္ဘာ့စီးပွားရေးတွင် အမေရိကန်၏ အချိုးသည် ၁၉၉၀ ခုနှစ်များ စောစောပိုင်းတွင် ၂၅ ရာခိုင်နှုန်းမှသည် ဆယ်စုနှစ်အကုန် ထောင်စုနှစ် အသစ်သို့ ကူးပြောင်း ရောက်ချိန်တွင်မူ အမေရိကန် နိုင်ငံသည် ယင်းတစ်ခုတည်းသော ကမ္ဘာ့ အင်အားကြီး အဆင့်ကို အနည်းဆုံး နောက်ထပ် ၁၈ နှစ်မှ နှစ် ၂၀ ကာလအထိ ဆက်လက် ထိန်းသိမ်းသွားနိုင်မည်ဟု တရုတ်နိုင်ငံက ကောက်ချက်ချခဲ့သည်။

မျက်မှောက်ကာလတွင်လည်း တရုတ် လုံခြုံရေးအကဲဖြတ် ပုဂ္ဂိုလ်များသည် ကမ္ဘာ့အင်အား ဟန်ချက် အရွေ့အပြောင်းအနည်းအပါးမျှကိုပင် ဖော်ထုတ် သိမြင်နိုင်ရန်အတွက် နိုင်ငံတကာ အခြေအနေများကို စေ့စေ့စပ်စပ် ဆက်လက် အကဲခတ်နေပြီ ဖြစ်သည်။ ဤပညာရှင်တို့၏ အခန်းကဏ္ဍမှာ လွန်စွာအရေးပါ သည်။ ယင်းတို့ အများအပြားမှာ အစိုးရနှင့် ကွန်မြူနစ်ပါတီနှင့် ပတ်သက်သော အကြံပေးအဖွဲ့များတွင် ပါရှိကြပြီး တရုတ်ခေါင်းဆောင်များအား သုတေသန ပြုချက်များ၊ ဆန်းစစ်ချက်များနှင့် ဝါဒရေးရာ အကြံပြုချက်များ တင်ပေးရသည်။ အမေရိကန်ပြည်ထောင်စုတွင် ရှိသော နိုင်ငံရေးအရ လွတ်လပ်သော သို့မဟုတ် ဘက်လိုက်မှု ကင်းသော အကြံပေး အဖွဲ့အစည်းများနှင့် တူညီသော အဖွဲ့အစည်း များ မရှိချေ။ တရုတ်နိုင်ငံ၏ အဓိက သုတေသန ဌာနကြီးတိုင်းကို တစ်ဆင့်ဆင့် တွင် တရုတ် ကွန်မြူနစ်ပါတီ သို့မဟုတ် နိုင်ငံတော် ကောင်စီက ငွေကြေး ပံ့ပိုး ကြီးကြပ်မှု ပြုသည်။ ထို့အပြင် တရုတ် လုံခြုံရေး ပါရဂူများ၏ ပုံနှိပ်ထုတ်ဝေချက် များ၊ အမြင်များသည် အတော်အရေးပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏ အတွေးအမြင်များသည် အဆင့်မြင့်အရာရှိများအပေါ် မကြာမကြာ ဩဇာညောင်း လေ့ရှိပြီး တစ်ခါတစ်ရံတွင် သူတို့၏ သဘောထားကို ရောင်ပြန်ဟပ်ပြလေ့ ရှိသည်။ ပညာရှင်များကြား အခြေအတင် အငြင်းပွားနေမှုသည် တရုတ်၏ နိုင်ငံခြားရေး မူဝါဒလမ်းကြောင်းအသစ်များကို ကြိုတင်တွက်ဆလေ့ ရှိသည်။

သို့သော် နိုင်ငံရေး အကဲဖြတ်သူများသည် ပါတီဝင်အရာရှိများ၏ အမြင်ကို

mgyoe.com

mgyoe.com


ကြက်တူရွေးနှုတ်တိုက် ပြောနေခြင်းမျှသာ မဟုတ်ချေ။ တရုတ် ပညာရှင်များကြား တွင် အမြင်ကွဲပြားမှု အတော်ရှိပြီး အခြေအနေတစ်ရပ်နှင့် ပတ်သက်၍ ယေဘုယျ သဘောတူညီကြသူ အချင်းချင်းပင်လျှင် ယင်းကို လက်တွေ့အကောင်အထည် ဖော်ရေး သို့မဟုတ် လိုက်လျောညီထွေ တုံ့ပြန်ရေးနှင့် ပတ်သက်၍ သဘောထား ကွဲလွဲမှု ရှိနိုင်သည်။ အကြီးဟန်း ခေါင်းဆောင်များက ချမှတ်သော တရားဝင် အတွေးအမြင် ပါဝင်သဘောတရားသည် ပညာရှင်များ၏ အမြင်ကို ဘောင်ခတ် သည့် တိုင်အောင် အပြီးသတ်ဆုံးဖြတ်မှုပြုသည်ထက် အတိုင်းအတာကို ထောက် ပြမှု ပြုသည့်အနေအထား ပိုရှိသည်။ နိစ္စဓူဝ ဝါဒရေးရာကိစ္စများပေါ်တွင် ထင်ရှား သော ပညာရှင်များထက် နိုင်ငံခြားရေး ဝန်ကြီးဌာန သို့မဟုတ် နိုင်ငံတကာ ဌာန ကဲ့သို့သော ဗျူရိုကရေစီအဖွဲ့အစည်းများက ပို၍ ဩဇာညောင်းကြောင်း ဝန်ခံရမည် ဖြစ်သော်လည်း အကြီးတန်းခေါင်းဆောင်ကြီးများသည် ရေရှည် နည်းဗျူဟာ များကို ပိုပြင်စွာ အကောင်အထည် ချမှတ်နိုင်ရန်အတွက် စစ်မှန်သော အထွေထွေ အမြင်များ လိုအပ်ကြောင်း သဘောထား ပြဋ္ဌာန်းခဲ့ပြီး ဖြစ်သည်။

နိုင်ငံခြားရေး မူဝါဒရေးရာ ပညာရှင်များသည် ပြည့်စုံကျယ်ပြန့်သော အမျိုးသားအင်အားစုတစ်ရပ်လုံး (Comprehensive National Power - CNP) ၏ အရည်အသွေးနှင့် အရေအတွက် တိုင်းတာမှုပေါ် အခြေခံသော အင်အား ဟန်ချက် အကဲဖြတ်မှု ပြုကြသည်။ CNP သည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၊ စစ်ရေး၊ သိပ္ပံနှင့် နည်းပညာ၊ ပညာရေး၊ စွမ်းအားရင်းမြစ်များနှင့် ဉာဏအင်အား စသည်ဖြင့် ထွေထွေပြားပြား အင်အား အားလုံးကို စုပေါင်းသော သဘောတရား ဖြစ်သည်။

မကြာမတင် ကာလက ထွက်ပေါ်လာသော အင်အားများနှင့် အင်အားကြီး နိုင်ငံများ၏ CNP ကို ထွေထွေပြားပြား နည်းစနစ်ပေါင်းစုံဖြင့် တွက်ဆ ရာတွင် အမေရိကန်နိုင်ငံသည် အခြားနိုင်ငံတိုင်းထက် အတော်ကြီးပင် အင်အားကြီးမား နေဆဲဖြစ်ပြီး တရုတ်နိုင်ငံသည် ဆဋ္ဌမ သို့မဟုတ် သတ္တမအဆင့်သို့ ရောက်နေ သည်။ တရုတ်နိုင်ငံ၏ တစ်ဟုန်ထိုး စီးပွားရေး တိုးတက်မှုသည် ယင်း၏ ဒေသန္တရ နှင့် ကမ္ဘာ့ဩဇာကို မြှင့်တင်ခဲ့ပါသော်လည်း စစ်ရေးစွမ်းအားနှင့် ဉာဏစွမ်းအား အပါအဝင် အမျိုးသားရေး အင်အားကဏ္ဍအများစုတွင် တရုတ်နိုင်ငံသည် အမေ ရိကန်၏ နောက်တွင်များစွာ ကျန်နေသေးကြောင်း တရုတ်တို့ ကောင်းစွာ သဘော ပေါက်ကြသည်။ ထို့အပြင် တရုတ်ပြည်၏ ပြည်တွင်းရေးရာ ပြဿနာများ ကြီးမား လှလေသည်။ ဂေဟစနစ် ပျက်ယွင်းမှု၊ ရေရှားပါးမှု၊ ပြည်တွင်းဝင်ငွေ အဆင့်

mgyoe.com

mgyoe.com


ခြားနားမှုနှင့် ခြစားမှုများကဲ့သို့ ပြဿနာများကို မဖြေရှင်းပါလျှင် ယင်း ပြဿနာများသည် ဤရာစုနှစ်တွင် အင်အားကြီးနိုင်ငံတစ်နိုင်ငံအဖြစ် တရုတ်နိုင်ငံကြီး ပေါ်ပေါက်လာရေးကို ကျော်လွှား၍မရသော အခက်အခဲအဖြစ် အဟန့်အတား ပြုနေပေမည်။

*Ref : Chinese Assessments of U.S Power*
*by Bonnie S. Glaser*

mgyoe.com

mgyoe.com

# အမေရိကန်ပြည်ထောင်စု၏ ကျဆင်းမှုနှင့် ပတ်သက်၍ လုံခြုံရေးကျွမ်းကျင်ပညာရှင်များ၏ အမြင်

လွန်ခဲ့သော နှစ်ပေါင်း လေးဆယ်ကျော် ကာလတစ်လျှောက် အာရှဒေသတွင် အမေရိကန်တို့ ဝင်ရောက်ပတ်သက်မှုတွင် သမိုင်းကြောင်းကို ထောက်ရှုသူများကမူ တရုတ်နိုင်ငံ၏ အနာဂတ်ကို ဤသို့ အကောင်းမြင်ခဲ့သည်။ မျက်မှောက်ကာလတွင် အမေရိကန်နှင့် တရုတ်တို့၏ ဝါရှင်တန်သည် အာရှဒေသတွင် ကမ္ဘာတိုးတက်မှုကို နောက်နှစ်ပေါင်းများစွာ ရှေ့ဆောင်၊ ရှေ့ရှုက်ပြုရန် စိုင်းပြင်း နေကြပုံကိုလည်း ၁၉၈၀ ခုနှစ်များတွင် ရေးသားခဲ့ကြသည်။

နှစ်ဆယ်ရာစုနှစ် နောက်ပိုင်း အာရှ 'ကျား' တိုင်းသည် တစ်ခဏတာ စီးပွားရေး တစ်ဟုန်ထိုး တိုးတက်မှု ကြုံပြီးနောက်တွင် တိုးတက်နှုန်းနိမ့်ပါးသွားသည်ကို လည်းကောင်း၊ ပုံစံအသစ်များ မြှင့်တင်ထုတ်လုပ်ရမှုများကြောင့် စရိတ်ထောင့်သည့် စက်မှုလုပ်ငန်း ပြုပြင်မွမ်းမံ တည်ဆောက်မှုများ ပြုရသည်ကို ကြုံခဲ့ကြသည်ပင်။ တရုတ်နိုင်ငံသည် ထိုအောင်မြင်မှု ဇာတ်လမ်းများတွင် နောက်ဆုံးနှင့် အကြီးမားဆုံး အောင်မြင်မှု ဇာတ်လမ်းပင် ဖြစ်သည်။

လာမည့်နှစ်ကာလ ငါးနှစ် သို့မဟုတ် ထိုနှစ်များဝန်းကျင်ကာလတွင် ဝင်ငွေနည်းလာသည့် အခြေအနေများနှင့် ကြုံလာသောအခါတွင် ပေကျင်းခေါင်းဆောင်များသည် ထဲထဲဝင်ဝင် ပြောင်းလဲမှုများ မလွဲမသွေပြုရကိန်း ဆိုက်ပေမည်။ တရုတ်နိုင်ငံ၏ တစ်ဆယ့်နှစ်ကြိမ်မြောက် ငါးနှစ်စီမံကိန်းသည် ဤ အသွင်ကူးပြောင်းမှု အတွက် စိုင်းပြင်းရန် ကြိုးစားနေပြီ ဖြစ်သော်လည်း <u>မလွဲမသွေ</u>

mgyoe.com

mgyoe.com

ကြုံရမည့် အပြောင်းအလဲကို ဆန့်ကျင်သော စနစ်အတွင်းမှ အဟန့်အတားကို ကြုံနေပြီ ဖြစ်သောကြောင့် ထင်ရှားသည်။

အာရှကျားတို့၏ စီးပွားရေးများသည် ယင်းတို့ ကြုံတွေ့ရသော စီးပွားရေး အသွင်ကူးပြောင်းမှုများကို ကိုင်တွယ်ဖြေရှင်းနိုင်သော နိုင်ငံရေးအဖွဲ့အစည်းများနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးစေရန် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အသီးသီး အသားကုန်ကြိုးစားခဲ့ရသည်။ ထိုကြိုးပမ်းမှု၏ အသားတင်ရလဒ်ကား တသီးတခြား နည်းလမ်းတို့ဖြင့် ဖြစ်ထွန်းလာခဲ့သော နိုင်ငံရေးနည်းစနစ်များ ဖွံ့ဖြိုးလာခဲ့သော်လည်း ထိုစနစ်အားလုံးသည် ကာလကြာသောအခါတွင် အသီးသီး အသကပြုလုပ်သူတို့၏ လိုလားချက်များကို ဖြည့်ဆည်းနိုင်မှုပင် ဖြစ်သည်။ ဤကဏ္ဍမှ ထောက်ရှုပါလျှင် မည်သည့်တိုင်းပြည်ကမှ ကြုံဖူးခဲ့ခြင်းမရှိသော ပမာဏထက် ဆပြန်များစွာ ပိုသာသော ပမာဏဖြင့် ဤစိန်ခေါ်ချက်ကို ရင်ဆိုင်ရမည့် တရုတ်နိုင်ငံသည် အထက်တွင် ဖော်ပြခဲ့သော လိုအပ်သည့် နိုင်ငံရေး ဖွံ့ဖြိုးမှုနှင့် ပြုပြင်ပြောင်းလဲမှုနှင့်များစွာ လှမ်းနေသေးသည်။

ဤပြောင်းလဲမှု စရိတ်၊ ပြောင်းလဲမှုဒဏ်ကို ပို၍ ရှုပ်ထွေးစေမည့် အချက်ကား တရုတ်လူမျိုးတို့၏ ထိရှလွယ်သော အမျိုးသားရေး စိတ်ဓာတ်နှင့် အိမ်နီးချင်းနိုင်ငံများ ပြီးပြတ်မှုမရှိသေးသော နိုင်ငံရေး ပဋိပက္ခများပင် ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်များမှသည် ၂၀၀၇ ခုနှစ်ကာလအထိ ယင်း၏ အိမ်နီးချင်းနိုင်ငံများနှင့် သံတမန်ရေးရာအရသော်လည်းကောင်း၊ မဟာဗျူဟာအရသော်လည်းကောင်း ထွန်းပြောင်စွာ ဆက်ဆံမှုပြုပြီးနောက်တွင် တရုတ်၏ Soft Diplomacy အပေါ် အသားမာတက်လာခဲ့ပြီး ထိုခိုင်မာသော ဆက်ဆံရေးကို ဒေသန္တရ တုံ့ပြန်မှု ကြုံလာခဲ့သည်။ ထို့ကြောင့် အရှေ့အလယ်ပိုင်းဒေသသို့ အာရုံရောက်နေရာမှ အမေရိကန်တို့ အာရှကို အာရုံပြန်ပြုလာမှုအား ကိုရီးယားမှသည် အင်ဒိုနီးရှား၊ မလေးရှားနှင့် အိန္ဒိယမှသည် ဩစတြေးလျနှင့် ကြားဒေသတို့က လိုလိုလားလား လက်ခံခြင်းမှာ တရုတ်နိုင်ငံတွင်ရော အခြားနိုင်ငံများတွင်ပါ အံ့ဩစရာ မဟုတ်ချေ။

ဤဖြစ်ရပ်သည် တရုတ်နိုင်ငံက ယင်း၏ စွမ်းဆောင်ချက်များ၊ အိုလံပစ်ပွဲတွင် အောင်မြင်မှု၊ ကမ္ဘာ့ငွေကြေးကပ်ဘေးဆိုက်ပြီးနောက် စီးပွားရေး ဖွံ့ဖြိုးမှုနှင့် တည်ငြိမ်မှု၊ ရှန်ဟိုင်းပြပွဲ၊ အောင်မြင်မှုနှင့် ပတ်သက်၍ ဂုဏ်ယူနေချိန်တွင် ဖြစ်ပွားခြင်းက လတ်တလော ခံစားချက်များကို အားဖြည့်သည်သာ ရှိမည်။

တရုတ်နိုင်ငံ၏ မျှော်လင့်ထားသော ခက်ခဲသော စီးပွားရေး အသွင်ကူးပြောင်းကာလဆိုက်ရောက်လာသည်နှင့်အမျှ တရုတ်နိုင်ငံနှင့် စီးပွားရေးလုပ်ငန်း

mgyoe.com

m g 

များ လုပ်ကိုင်ထားသော နိုင်ငံများက အခွင့်အရေးဟု လတ်တလော ယူဆစရာ ဖြစ်နေသော အချက်များသည် ပြန်လည်ဆန်းစစ်စရာကိစ္စများ ဖြစ်လာနိုင်သည်။ တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေးစနစ်ကို စိန်ခေါ်ချက်နှင့် တရုတ်ပြည်၏ နိုင်ငံခြားရေးမူဝါဒတွင် ယင်းတို့၏ ရောင်ပြန်ဟပ်ချက်တို့သည် စစ်အေးကာလ အဆုံးတွင် နိုင်ငံတကာဆက်ဆံရေးတွင် နိုင်ငံများက ကျင့်သုံးလာခဲ့သော အရံ အတားသည် ကျင့်ထုံးကို ပို၍အားဖြည့်နိုင်ကောင်းသည်။ ဤပြောင်းလဲသော အခင်းအကျင်းတွင် အမေရိကန်၏ တန်ပြန်အားနှင့် အမေရိကန် ရှိနေမှုသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းများနှင့် တရုတ်နိုင်ငံအတွက် ပင်မတည်ငြိမ်မှုထက် တည်ငြိမ်မှုဖြစ်စေသော အချက်ဖြစ်သည်။

အာရှတွင် အမေရိကန်နိုင်ငံရှိရန် မလိုတော့လောက်အောင် အာရှနိုင်ငံများ ပူးပေါင်းစည်းလုံးညီညွတ်နေကြပြီဟု ဆိုသည့်တိုင်အောင် ထိုသို့ အပြည့်အဝ ခံယူ၍ မရချေ။ အမေရိကန်ပြည်ထောင်စုကို ဝေဖန်သူအများစုသည် အမေရိကန်များသည် ဒေသအရေးများကို ဖြေရှင်းသော ဒေသန္တရလုံခြုံရေး အဆောက်အအုံတည်ရေးတွင် 'အရှုပ်ထုပ်' ဖြစ်နေသည်ဟု ယူဆကြသည်။ သို့သော် ထိုယိုးစွပ်ချက်များ မမှန်ကန် ကြောင်း သမိုင်းကြောင်းက ထောက်ပြသည့် သြစတြေးလျသားများက အာရှ– ပစိဖိတ်ဒေသ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Asia-Pacific Economic Cooperation - APEC)ကို အကောင်အထည်ဖော်သောအခါတွင် အမေရိကန်ပြည်ထောင်စုက အကြွင်းမဲ့ ထောက်ခံခဲ့သည်။ သို့သော် မဟာသီယာ မိုဟာမက်က အရှေ့အာရှအုပ်စု ဖွဲ့စည်းရန် တင်ပြလာသောအခါ ယင်းသည် အမေရိကန်နိုင်ငံအား အာရှ–ပစိဖိတ်အရေးမှ သဘာဝမကျစွာ ထုတ်ပယ်ပစ်ရန် ကြံစည်ချက် တစ်ရပ်ဖြစ်ကြောင်း ဝါရှင်တန်နှင့် ယင်း၏ မိတ်ဆွေများက လွယ်ကူစွာ သဘောပေါက်ခဲ့သည်။

အမေရိကန်နိုင်ငံသည် ကိုရီးယားကျွန်းဆွယ်ဒေသတွင် အဏုမြူ လက်နက် ဖျက်သိမ်းရေးအတွက် ခြောက်နိုင်ငံအစည်းအဝေးတွင် ပါဝင်ရန် တရုတ်နိုင်ငံ၏ ပန်ကြားချက်အရ ပါဝင်ခဲ့သည်။ အမေရိကန်နိုင်ငံသည် ထိုအရေးဆောင်ရွက်မှု လုပ်ငန်းစဉ်မှ အကောင်းအဆိုးသင်ခန်းစာများ ရရှိခဲ့ပါသော်လည်း ထိုလုပ်ငန်းကို ပစ်ပယ်နုတ်ထွက်လာခြင်း မရှိခဲ့သေးချေ။ တရုတ်၏ အကြံဉာဏ် စုပေါင်းဖြေရှင်းမှု လုပ်ငန်းစဉ်တွင် အမေရိကန်သည် ထိုဆွေးနွေးပွဲမှ အကျိုးရလဒ်ပေါ်ရန် မျှော်လင့် နေဆဲ ဖြစ်သည်။ အမေရိကန်နိုင်ငံသည် အာဆီယံဒေသန္တရ အစည်းအဝေး (ASEAN Regional Forum-ARF) အပါအဝင် အာဆီယံ ဦးဆောင်သော

mgyoe.com

mgyoe.com

လုပ်ငန်းစဉ်များတွင် စိတ်အားထက်သန်စွာ ပါဝင်၍ အထမြောက် အောင်မြင်ရေးကို မျှော်ရည်သည်။

အခြားအာရုံများနေခဲ့သော ဘုရှ် အစိုးရသည် အရှေ့အာရှဆွေးနွေးပွဲ East Asia Summit (EAS) သဘောတရားကို ပြတ်ပြတ်သားသား လက်ခံရန် သော်လည်းကောင်း၊ ငြင်းပယ်ရန်သော်လည်းကောင်း အခက်အခဲကြုံခဲ့သည်။ သို့သော် အိုဘားမားအစိုးရက စမ်းကြည့်မည်ဟု လက်ခံမှုပြုခဲ့ပြီး လက်ခံမှုကို ကြိုတင်အခင်းအကျင်းပြုသည့်အနေဖြင့် Treaty of Amity and Commerce ကို လက်မှတ်ရေးထိုးခဲ့သည်။ EAS သည် ကနဦးကာလတွင် ယင်းကို အဆင့်မြင့် အလေးထားမှုနှင့် ထိုက်တန်စွာ ရပ်တည်နိုင်မှုပြုမည်ဟု မျှော်လင့်ရသည်။

သို့တိုင်အောင် ဤအထွေထွေအရေးများသည် ကနဦးအစပိုင်း အဆင့်မှာသာရှိသောကြောင့် ယင်းတို့၏ အားနှင့် ရေရှည်တည်တံ့စွမ်းကို သက်သေထူရပေဦးမည်။ အချိန်ကြာလာသည်နှင့်အမျှ စိတ်ချယုံကြည်ရသော လောက်လောက်လားလား အကျိုးရလဒ် ဖြစ်ထွန်းစေသော လုံခြုံရေးနှင့် စီးပွားရေး ယန္တရားများ ဒေသတွင်း၌ ရှိသည့်ကာလမတိုင်ခင်တွင် အာရှအား မျက်မှောက်ကာလ အောင်မြင်သည့်အဆင့်သို့ ရောက်ရှိစေခဲ့သော ဖွဲ့စည်းပုံများနှင့် အကျင့်များကို စွန့်ပစ်ခြင်းသည် အကြီးဆုံးမိုက်မဲမှုဖြစ်ပေသည်။ ထို့အပြင် အာရှ–ပစိဖိတ်အရေးတွင် အင်အားအကြီးမားဆုံးသူက အရေးကြီးလှသော ကူးပြောင်းရေးစိန်ခေါ်ချက်များကို ရင်ဆိုင်နေရပုံပေါ်သောအနေတွင် ဤလုံခြုံရေးအခြေအနေ အစဉ်တစိုက် ဆက်လက်တည်ရှိနေရေးသည် အလွန်ပင် လိမ္မာသော အပြုဖြစ်မည့်ပုံ ရှိသည်။

ငွေကြေးကပ်ဘေးနှင့် ပြည်တွင်းအကျပ်အတည်း အရေးကိစ္စများဒဏ်ကြောင့် မျက်မှောက်ကာလ အမေရိကန် 'လဲ'နေသည်။ ကွင်းပြင် ရောက်နေသည်ဟု ယူဆချက်နှင့်ပတ်သက်၍ ရှေ့တွင်ဆိုထားမှုကို ပြန်ကောက်ရပါလျှင် အမေရိကန်နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်မစောသင့်ဟု အာရှသားတို့ သတိချပ်သင့်သည်။ ထိုအချက်နှင့် ပတ်သက်၍ အာရှသားတို့ နိုင်ငံရေး ဘဝအတွေ့အကြုံ ရင့်သည်ဟု ယူဆပါသည်။

အမေရိကန်နိုင်ငံသည် အလွန်တရာ ကြွယ်ဝချမ်းသာပြီး နည်းပညာပိုင်းအရ တိုးတက်သော နိုင်ငံအဖြစ်တည်ရှိနေသေးသည်ပင်။ ကဏ္ဍအများစုတွင် အမေရိကန်နိုင်ငံ၏ ဦးဆောင်ဦးရွက်ပြုမှုသည် ကျဆင်းလာမှုမရှိသည့်အပြင် အရှိန်အဟုန်မြင့်မားပြီး ရှေ့သို့တိုးလှမ်းနေ၍ နောက်လိုက်နိုင်ငံများထက် ပို၍ကျော်နေသည်။ အလှမ်းကွာဟနေသည်။ အမေရိကန်နိုင်ငံ၏ ကြီးမားလှသော

mgyoe.com

mgyoe.com

ချမ်းသာကြွယ်ဝမှုပမာဏကို ပြန်လည်ဖြန့်ဝေပေးနိုင်ရန် နည်းလမ်းရှာကြံရန် လိုအပ်သည်ကတော့ အမှန်ပင် ဖြစ်သည်။ သို့သော် ဤအရေးတွင် နိုင်ငံတော်က ဝင်ရောက်၍ ပုဂ္ဂလိက လူချမ်းသာများကို ကိုယ်တိုင် ယင်းတို့ဓနအင်အားကို အစပ်အဟပ်ကျကျ အကျိုးပြုနည်းလမ်းဖြင့် ဖြန့်ဝေပေးရေးပြုရန် လိုအပ်သည်။ ဤဆောင်ရွက်မှုကို အုန်းအုန်းကျွက်ကျွက် အဖြစ်ဆုံး၊ ထိရောက်မှုအရှိဆုံး နည်းလမ်းတို့ဖြင့် ဆောင်ရွက်မှုပြုနေသည်။ သို့သော် ထိုသို့ ပြည်တွင်းရေးတွင် ဖြစ်ပျက်နေသည့်တိုင်အောင် အာရှဒေသတွင် အမေရိကန်နိုင်ငံ ရပ်ပြုပါဝင်ပတ်သက်မှုသည် ဒေသတွင်းမတည်ငြိမ်မှုဖြစ်စေမည်ဟု ယူဆရပေမည်။

*(Ref : United States : A Stubilizing or Destabilizing Factorin the Asia-Pacific Region by Doreglas H-Paal)*

mgyoe.com

mgyoe.com

# တရုတ်နိုင်ငံခြားရေးမူဝါဒနှင့် ပညာရှင်များ၏ သုံးသပ်ချက်

ပါတီထိပ်တန်းခေါင်းဆောင်ပိုင်းတွင် တရုတ်နိုင်ငံခြားရေးမူဝါဒ သို့မဟုတ် လုံခြုံရေးသဘောတရားများကို ဆန်းစစ်သည့် အလုပ်ကို အမာခံ အမြုတေအုပ်စုလေးက ပြုလုပ်လေ့ ရှိသည်။ မဟာဗျူဟာမြောက် နိုင်ငံခြားရေးမူဝါဒများ ဆွေးနွေးသုံးသပ်ရေးနှင့် ပတ်သက်၍ ပေါ်လစ်ဗြူရို အမြဲတမ်းကော်မတီ (Politburo Standing Committee - PBSC) အဖွဲ့ဝင် ကိုးဦးမှ သုံးလေးဦးလောက်သာ ပုံမှန်နှီးနှောဟန် ရှိသည်။ သမိုင်းအစဉ်အလာအရ မဟာဗျူဟာကျ လမ်းညွှန်မှုသည် ထိပ်တန်းခေါင်းဆောင်၏အရေးသာ အမြဲဖြစ်ခဲ့သည်။ မော်စီတုံးသည် သူ့ခေတ်ကာလ နိုင်ငံခြားရေးမူဝါဒ အပြောင်းအလဲမှန်သမျှကို ကွပ်ကဲညွှန်ကြားခဲ့သည်။ တိန့်ရှောက်ဖိန်သည်လည်း သူ့အာဏာခိုင်မာအောင် စုစည်းပြီးနောက်တွင် သူ့ခေတ်ကာလ အရောင်အသွေး သို့မဟုတ် ဦးတည်ချက်ကို သူပင် တည်လေ့ရှိခဲ့သည်။ မျက်မှောက်ကာလတွင် ဤအခန်းကဏ္ဍ လျော့ပါးသွားပြီး ဟူကျင်တောင်သည် နိုင်ငံခြားရေးမူဝါဒ ကိစ္စရပ်ကြီးများနှင့် ပတ်သက်၍ ဆွေးနွေး သုံးသပ်ထောက်ခံသဘောတူမှုရယူရန် PBSCသို့ မတင်ပြခင် လက်ရွေးစင်ပါတီ ခေါင်းဆောင်များ၊ အငြိမ်းစားကေဒါများ၊ မဟာဗျူဟာဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များနှင့် ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးရန် အလားအလာများသည်။

ပညာရှင်များ အခြေအတင်ဆွေးနွေးသည့် ပုံစံသည် ဗဟိုခေါင်းဆောင် အဆင့်တွင် သဘောထားကွဲလွဲမှုကို ဖော်ညွှန်းပြသသည်။ ကမ္ဘာ့အာဏာ ဟန်ချက်

mgyoe.com

လျင်မြန်စွာပြုပြင်ပြောင်းလဲနေသော အနေအထားတွင် တရုတ်၏ အကျိုးလုံခြုံအောင် မည်သို့ဆောင်ရွက်ရမည်နှင့် အထူးသဖြင့် အမေရိကန်နိုင်ငံနှင့် ပတ်သက်၍ တရုတ်နိုင်ငံ မည်သို့ ဆက်ဆံဆောင်ရွက်မှုပြုရမည်ဆိုသည့်ကိစ္စတွင် သဘောကွဲလွဲမှု ရှိနေခြင်းပင်ဖြစ်သည်။ တရုတ်ပညာရှင်များတွင် ၁၉၉၀ ပြည့်နှစ်များစောစောပိုင်းကာလတွင် တိန့်ရှောက်ဖိန်က ချမှတ်ခဲ့သည့် မဟာဗျူဟာလမ်းညွှန်ချက်ဖြစ်သည့် ကုပ်ကုပ်နေ (keep a low profile) နှင့် ခေါင်းဆောင်ပုံ ဘယ်တော့မှမဖမ်းရေး (never claim leadership) မူများကို တရုတ်နိုင်ငံ တင်းတင်းကျပ်ကျပ် လိုက်နာသင့်သည်ဟု ဆက်လက်ယူဆသူတို့မှာ အနည်းစုသာ ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုနှင့် ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ရှားရေးကို အထူးအလေးထားနေသည်။ ဒေသန္တရနှင့် နိုင်ငံတကာ အရေးများတွင် ရောရောထွေးထွေးပါဝင်မှုကို ရှောင်ရှားရင်း ပြည်တွင်းဖွံ့ဖြိုးရေးကို မြှင့်တင်ရန် အဓိကထား ကြိုးကုပ်ခြင်းသည် တရုတ်ကို အကျိုးကောင်းစွာ ပြုလာခဲ့သည်။ ဤအမြင်ရှိသူ အများစုမှာ အမေရိကန်နှင့် အခြားအနောက်နိုင်ငံများဆိုင်ရာ တရုတ် မျိုးဆက်ဟောင်း ပညာရှင်များနှင့် သံတမန်များဖြစ်ကြသည်။

နိုင်ငံခြားရေး မူဝါဒ ပါရဂူ အများစုသည် နိုင်ငံခြားမူဝါဒကို ဤ သဟာရိုးကျနှင့် စွန့်စားမှုကင်းသော ပုံစံဖြင့် ချဉ်းကပ်ခြင်းကို အကြွင်းမဲ့စွန့်ပစ်ရန် ဆန္ဒမရှိချေ။ ထိုအစား ယင်းတို့သည် နိုင်ငံတကာ ရင်ပြင်တွင် ပို၍ ရှေ့ဆောင်ရှေ့ရွက်လုပ်ရှားသော ရပ်တည်မှုကိုခံယူရန် တဖြည်းဖြည်း ရွေးချယ်ကြိုးကုပ်မှု ပြုနေသည်။ ဤသည် တရုတ်နိုင်ငံအား တစ်စုံတစ်ရာဖြစ်မြောက်အောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးသော တိန့်ရှောက်ဖိန်၏ ဆောင်ပုဒ် နောက်တစ်ခုကို ဖောင်းပေးနေသည့် အနေမျိုးပင်ဖြစ်သည်။ သဘောတရားတင်ပြသူအများစုသည် အမေရိကန်နိုင်ငံကို တိုက်ရိုက်ရင်ဆိုင်မှုပြုရန် ဆော်ဩနေခြင်းမရှိသလို နိုင်ငံခြားရေးမူဝါဒသည် တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကို အဓိကအကျိုးပြုသော မူဝါဒဖြစ်ရမည်ဆိုသည့် အမြင်ကိုလည်း ဖိတ်ခေါ်ခြင်း မပြုချေ။ ထိုအစား ဘေဂျင်းသည် ယင်းစွမ်းရည်နှင့် အားမာန်ပြည့်ဝသော နိုင်ငံတကာ ငွေကြေးစနစ် ပုံဖော်ရေးကဲ့သို့သော အထူးကိစ္စများတွင် ပို၍ စီးစီးပိုးပိုးရှိသော တရုတ်နိုင်ငံကို အခြားနိုင်ငံများက မည်သို့ တုံ့ပြန်သည်ကို စမ်းသပ်အကဲခတ်နိုင်ရန်အတွက် ပို၍ ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်မှု ပြုသင့်သည်ဟု ယူဆကြသည်။

ဦးဆောင်ဦးရွက်အသွင် ပိုရှိသော နိုင်ငံခြားရေးမူဝါဒကို ပို၍လိုလားသူများတွင် ထိုသို့ မူဝါဒကျင့်သုံးခြင်းဖြင့် ဖြည့်ဆည်းရမည့် ပန်းတိုင်အမြင် ကွဲပြား ခြားနား

mgyoe.com

နေသည်။ အချို့ နိုင်ငံရေးအကဲဖြတ်သူများကမူ တရုတ်နိုင်ငံသည် တရုတ်နိုင်ငံ၏ အကျိုးများကို ကာကွယ်ရာတွင် ယခုထက် ပို၍ မာကြောရမည်။ အထူးသဖြင့် တရုတ်၏ ဩဇာကိုချုပ်ထိန်းရန်နှင့် တရုတ်နိုင်ငံ၏ ကြီးထွားလာမှုကို ဟန့်တားရန် အမေရိကန်နိုင်ငံက ကြိုးပမ်းသည်ဟု ယူဆရသော ကဏ္ဍများကို တုံ့ပြန်ရာတွင် ပို၍ ခက်ထန်ရမည် ဆိုကြသည်။ အခြေအနေအသစ်သည် တရုတ်နိုင်ငံအား အမေရိကန်နိုင်ငံအပေါ် အသာစီးမှုရရှိစေပြီး ထိုအသာစီးမှုကို အသုံးပြုလျက် တရုတ်နိုင်ငံသည် တရုတ်နယ်နိမိတ်များ တစ်လုံးတစ်ဝတည်း ဖြစ်ရေးနှင့် ယင်း၏ ဩဇာအာဏာ တည်မြဲရေးနှင့် အခြား "အခရာ အကျိုးအမြတ်ဆ" များကို ပို၍ ပိုင်ပိုင်နိုင်နိုင် ကာကွယ်မှုပြုစေနိုင်မည်ဟု ဆိုသည်။ ထို့အပြင် အာဏာဟန်ချက် ရွေ့မှုသည် တရုတ်နိုင်ငံအား တရုတ်နိုင်ငံနှင့် အခြားထွက်ပေါ် အင်အားရှိနိုင်ငံများကို တရုတ်နိုင်ငံအား ပို၍ အကျိုးရှိစေမည့် နိုင်ငံတကာ သမ္မာစဉ်အဖြစ် မြင်သည်။ အခြား နိုင်ငံရေးအကဲဖြတ်သူများကမူ ဘေဂျင်းအား အမေရိကန်နိုင်ငံနှင့် အခြား နိုင်ငံများနှင့် ပို၍ ထဲထဲဝင်ဝင်ရှိသော နိုင်ငံခြားရေးမူဝါဒများ ကျင့်သုံးရန်အပြင် တရုတ်နိုင်ငံသည် တာဝန်သိနိုင်ငံတစ်နိုင်ငံအဖြစ် ထွက်ပေါ်ပြီး နိုင်ငံတကာ စနစ်ကို မတည်မငြိမ်ဖြစ်စေသော ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်မည်မဟုတ်ကြောင်း အခြား နိုင်ငံများကို အာမခံမှုပဓာနထားသော ရည်ရွယ်ချက်ဖြင့် အများသုံးကုန်ပစ္စည်းများ ထုတ်လုပ်သင့်သည်ဟု အကြံပြုတင်ပြသည်။

တိန့်ရှောက်ဖိန်၏ သမားရိုးကျရပ်တည်ရေး အကြံပြုချက်ကို ဆက်လက် လိုက်နာကျင့်သုံးလျက်ကပင် နိုင်ငံတကာ လူမှုအသိုက်အမြုံကို ပံ့ပိုးမှုပြုသော တရုတ်၏ ပဓာနအကျိုးကို ကာကွယ်ခြင်းနှင့် တရုတ်၏ နိုင်ငံတကာဆိုင်ရာ ပုံရိပ် ကို မွမ်းမံခြင်းအရေးများကို ပညာရှင်များ ထောက်ခံမှုအား Lamzhou တွင် ကျင်းပခဲ့သော ၂၀၁၀ ပြည့်နှစ်၊ နွေဦးကာလ တရုတ်နိုင်ငံတကာဆက်ဆံရေး အဖွဲ့ အစည်း၏ နှစ်ပတ်လည်အစည်းအဝေးတွင် တွေ့ရှိခဲ့သည်။ ထိုအစည်းအဝေးသည် အောက်ပါ နိဂုံးချုပ် သုံးသပ်ချက်များ ပါရှိသော ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

**" ...... အမေရိကန်နိုင်ငံကို ထိပ်တိုက်ရင်ဆိုင်မှု မပြုပါနဲ့၊ နိုင်ငံ တကာစနစ်ကို ယေဘုယျအားဖြင့် စိန်ခေါ်မှု မပြုပါနဲ့၊ နိုင်ငံခြားရေး မူဝါဒ ကို လမ်းညွှန်မှုပြုရန် သဘောတရားရေးရာကို အသုံးမပြုပါနဲ့၊ အနောက်ကို ဆန့်ကျင်သော အုပ်စုခေါင်းဆောင် အဖြစ်မခံပါနဲ့၊ နိုင်ငံအများစုနှင့် ဆန့် ကျင် ပဋိပက္ခ မဖြစ်ပါနဲ့၊ အပြန်အလှန် အကျိုးပြုသဘောတရားကို နား လည် သိတတ်ပါ။ တိုင်းပြည်ပေါင်းစည်းရေးနှင့် ပတ်သက်သော တရုတ်**

mgyoe.com

နိုင်ငံ၏ ပဓာနအရေးများနှင့် ပတ်သက်၍ အလျှော့ပေးမှု မပြုပါနဲ့၊ လိုအပ်သော နိုင်ငံတကာရေးရာ ကဏ္ဍများတွင် လူထု အသုံးအဆောင် ကုန်ပစ္စည်းများ ပံ့ပိုးပေးပါ။ အရေးကြီးသော ကမ္ဘာ့ရေးရာများကို အခွင့်ကောင်းယူ၍ တရုတ်၏ နိုင်ငံတကာပုံရိပ်ကို ပြုပြင်ပြောင်းလဲပစ်ပါ၊ ....”

*

ပို၍ ပိုင်ပိုင်နိုင်နိုင် ချဉ်းကပ်မှုကို ဗဟိုခေါင်းဆောင်ပိုင်းမှ စမ်းသပ်ခြင်း

တရုတ် ခေါင်းဆောင်များသည် ထုံးတမ်းစဉ်လာကို လိုက်နာ၍ အန္တရာယ်ကို ရှောင်ရှားလေ့ ရှိခဲ့ကြသည်။ မကြာမတင်ကာလအထိ သူတို့သည် တရုတ်အကျိုးစီးပွားကို ကာကွယ်ရန် ပို၍ စီးစီးပိုးပိုးရှိသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးရန် ပြည်တွင်းမှ ဖိအားပေးမှုကိုလည်းကောင်း၊ ဒေသန္တရနှင့် ကမ္ဘာ့ရေးရာများတွင် တာဝန်များပိုယူရန် နိုင်ငံခြားတိုင်းပြည်များ၏ ဖိအားပေးမှုကိုလည်းကောင်း ဆန့်ကျင်ခဲ့ကြသည်။ နိုင်ငံခြားရေး မူဝါဒလမ်းညွှန်ချက်များကို ဆွေးနွေးသုံးသပ်ရာ တရုတ်ကွန်မြူနစ်ပါတီ၏ အရေးပါသော အဆင့်မြင့်အစည်းအဝေးတစ်ခု ဖြစ်သော ၂၀၀၆ ခုနှစ်၊ နိုင်ငံခြားရေးရာလုပ်ငန်း ကွန်ဖရင့်တွင် ဟူကျင်တောင်းနှင့် ဝမ်ကျားပေါင်တို့သည် ပင်လယ်ရပ်ခြားကဏ္ဍများတွင် ယောင်ယောင်မှားမှား ပါဝင်ပတ်သက်သွားမှုကို ရှောင်ရှားရန် တိန့်ရှောက်ဖိန်၏ မဟာဗျူဟာမြောက် သတိပေးထားချက်ကို ကြိုးကြိုးကုပ်ကုပ် လိုက်နာခဲ့သည်။ တရုတ်နိုင်ငံ၏ အမျိုးသားအင်အားလျင်မြန်စွာ တိုးပွားလာနေသောကြောင့် နိုင်ငံခြားရေးမူဝါဒများနှင့် ပတ်သက်၍ ပို၍ စီးစီးပိုးပိုးရှိသင့်သည်ဟူသော အမြင်ကိုပစ်ပယ်လျက် ဝမ်ကျားပေါင်က တရုတ်နိုင်ငံသည် ဆိုရှယ်လစ်စနစ်၏ ကနဦးကာလအဆင့်တွင် နှောင်ကာလကြာမြင့်စွာ အထိရှိနေဦးမည်ဖြစ်ပြီး နိုင်ငံတကာကဏ္ဍတွင် တံခွန်ထူ၍ ဦးဆောင်ဦးရွက် အနေကိုမယူသည့်အဆင့်တွင်သာ ဆက်လက်ရပ်တည်နေမည်ဟု ယူဆခဲ့သည်။ အင်အားပြိုင်၊ အင်အားတူသည့်အနေသို့ ရောက်ရှိရေးမှာ ရှည်လျားထွေပြားလှသည့် လမ်းကြောင်းဟု ဟူကျင်တောင်းက ထောက်ပြသကဲ့သို့ပင် ဤကြေညာချက်သည် အမေရိကန်နိုင်ငံ၏ ဒေသန္တရနှင့် ကမ္ဘာ့အဆင့် ထွန်းပြောင်မှုသည် ကာလကြာမြင့်စွာပင် တည်တံ့ဦးမည်ဖြစ်သည်ဟူသော အကဲဖြတ်ချက်အပေါ် အခြေခံခဲ့သည်။

သို့သော် ၂၀၀၉ ခုနှစ်တွင် ခေါင်းဆောင်ပိုင်း၏ ပို့ချချက်ကို ပြန်လည်စိစစ်ခဲ့သည်။ ဖြစ်ထွန်းနေသော နိုင်ငံတကာဆိုင်ရာ အခင်းအကျင်းနှင့် တရုတ်နိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေးများနှင့် သံတမာန်ရေးရာ နည်းဗျူဟာများကို ဆွေးနွေး

mgyoe.com

သုံးသပ်ရန်အတွက် ငါးနှစ်တစ်ကြိမ်ကျ ကျင်းပလေ့ရှိသော အစည်းအဝေးတစ်ခု ဖြစ်သည့် ၁၁ ကြိမ်မြောက် သံအမတ်များဆိုင်ရာ ညီလာခံတွင် ဟူကျင်တောင်းသည် ကမ္ဘာ့အင်အားဟန်ချက်ကို ပြုပြင်တွက်ဆချက်တစ်ရပ် ထုတ်ပြန်ကြေညာခဲ့သည်။ ကမ္ဘာ့အင်အားတူ ဖြစ်ထွန်းရေးအလားအလာ ပို၍ သဲကွဲလာပြီး ကမ္ဘာတစ်ဝန်းတွင် အမေရိကန်နိုင်ငံ၏ ဂုဏ်သိက္ခာထိခိုက်မှုသည် အင်အားတူဖြစ်ထွန်းရေး အနေအထားကို အထောက်အကူပြုကြောင်း သူကဆိုခဲ့သည်။ ထို့ အပြင် ဟူကျင်တောင်းသည်နိုင်ငံရေးတွင် ပို၍သြဇာညောင်းသော အင်အား၊ စီးပွားရေးကဏ္ဍတွင် ပို၍ယှဉ်ပြိုင်စွမ်းကြွယ်ဝရေး၊ မင်း၏ပုံရိပ်တွင် ပို၍ နှစ်လိုဖွယ်ရှိရေးနှင့် ပို၍ ကောင်းသော ကိုယ်ကျင့်သိက္ခာရှိရေးကို ဝါယမပြု ကြိုးပမ်းမှုကို မြှင့်တင်သည့်အနေဖြင့် ပို၍ ထဲထဲဝင်ဝင် ထက်ထက်သန်သန်ရှိသော သံတမန်ရေးရာအသွင်ကို ခံယူရေးကို တိုက်တွန်းနှိုးဆော်ခဲ့သည်။ ထို့ထက်ပို၍ပင် အရေးပါသော အချက်ကား ဟူကျင်တောင်းသည် တရုတ်နိုင်ငံခြားရေးမူဝါဒများ ချမှတ်ရေးမူသစ်ကို ချမှတ်ခဲ့သည်။ နိုင်ငံတကာရေးရာကိစ္စများတွင် တိန့်ရှောက်ဖိန်၏ 'ကုပ်ကုပ်နေရန်' လမ်းညွှန်ချက်ကို ဆက်လက်လိုက်နာလျက်ကပင် သူသည် တရုတ်နိုင်ငံအား တစ်စုံတစ်ရာ အထမြောက်အောင် ဆောင်ရွက်ရန် ဆော်သြခဲ့သည်။ ငွေကြေး အကျပ်အတည်း ကြောင့်နှင့် အရှေ့အလယ်ပိုင်းဒေသတွင် အချိန်ဆွဲ ဖြစ်ပွားနေသော စစ်ပွဲနှစ်ခု ကြောင့် ဖွတ်ဖွတ်ကြေနေသော အမေရိကန်နိုင်ငံ၏ အင်အားကျဆင်းနေမှုကို အကြောင်းပြု၍ တရုတ်နိုင်ငံ၏ ယုံကြည်မှုမြင့်တက်လာခဲ့ပြီး ယင်းသည် ပို၍ ထက်သန်သော နိုင်ငံခြားရေးမူဝါဒချမှတ်ရန်အတွက် ထိပ်တန်းအဆင့်ထောက်ခံမှု ကို ရရှိစေခဲ့သည်။ သို့တိုင်အောင် တစ်ချိန်တည်းမှာပင် ဟူကျင်တောင်းသည် တရုတ် နိုင်ငံ၏ ထုံးတမ်းစဉ်လာ သတိထိန်းချုပ်မှုနှင့် အန္တရာယ်ရှောင်ရှားသည့် လမ်း ကြောင်းကိုလည်း အကြွင်းမဲ့ စွန့်ပယ်ခြင်း မပြုခဲ့ချေ။ ပင်လယ်ရပ်ခြားအရေးများ တွင် နှုတ်ကျို လက်လွန် နစ်မြုပ်သွားမည်ကို အထူးသတိချပ်ရန် သတိပေးခဲ့ပြီး တရုတ်နိုင်ငံ၏ နယ်နိမိတ်အတွင်း ဖွံ့ဖြိုးရေးကိုသာ ပဓာနထားရန် အလေးထား ပြောကြားခဲ့သည်။ ထို့အပြင် အမေရိကန်နိုင်ငံနှင့် ဆက်ဆံရေးတည်ငြိမ်မှုကို ဆက်လက် ထိန်းသိမ်းသွားနိုင်ရေးသည် တရုတ်နိုင်ငံ၏အကျိုးအတွက် အလွန် လိုအပ်ချက်ဖြစ်နေကြောင်းကိုလည်း ဟူကျင်တောင်းက ပြောဆိုခဲ့သည်။

*[Ref: Scholarly Debate over Chinese Foreign Policy]*

mgyoe.com

mgyoe.com

# တရုတ်နိုင်ငံ၏ ပဓာနအကျိုးစီးပွားနှင့် နိုင်ငံတကာသို့ တုံ့ပြန်မှု

အမေရိကန် အင်အားကျဆင်းလာမှုနှင့် တရုတ်နိုင်ငံ၏ အင်အား ကြီးထွားလာမှုသည် တရုတ်နိုင်ငံအား အမေရိကန်နိုင်ငံကို အညာကိုင်နိုင်ခွင့် ပို၍ ရှိလာစေသည် ဆိုသည့်အချက်ကို သောဂျင်းက အကဲစမ်းနေကြောင်း ထောက်ပြချက်များကို ၂၀၀၉ ခုနှစ် စောစောပိုင်း ကာလဖြစ်ရပ်များတွင် တွေ့ရသည်။ တရုတ်နိုင်ငံသည် အမေရိကန်၏ စီးပွားရေးကို တိုက်ရိုက်စိန်ခေါ်ရန် ရည်ရွယ်ချက် မရှိပါဟု ငြင်းဆိုထားပါသော်လည်း တရုတ်၏ အမျိုးသားရေးအကျိုးနှင့် ပတ်သက်၍ ပဓာနကျသည်ဟု မြင်သော အရေးအရာကိစ္စများကို ထဲထဲဝင်ဝင်၊ ထက်ထက်သန်သန် ကာကွယ်ရန် ဆန္ဒရှိကြောင်း ယင်းအချက်များက ဖော်ပြသည်။ ထို့အပြင် တရုတ်နိုင်ငံ၏ အဓိက အမျိုးသားရေးစီးပွားကို အနက်ဖွင့်ဆိုချက်မှာ အရှင်ဖြစ်နေပုံရပြီး ပြန့်ကားလာနေဟန်လည်း ရှိသည်။ တရုတ်နိုင်ငံ၏ သြဇာအာဏာ တည်မြဲရေးနှင့် နယ်မြေနယ်နိမိတ်အလုံးစုံ တစ်လုံးတစ်ဝတည်း ပေါင်းစည်းရေးသည် ယင်း၏ ပဓာနရည်ရွယ်ချက်အဖြစ် ထာဝရတည်လာခဲ့ပြီး ယခင်က တရုတ်သည် တိဘက်၊ Xinjiang နှင့် ထိုင်ဝမ်ကို အဓိကထားခဲ့သည်။ သို့သော် ၂၀၁၀ ပြည့်နှစ် နွေဦးပေါက်ရာသီတွင် အမေရိကန်အကြီးတန်းအရာရှိများနှင့် စကားပြောဆိုရာတွင် တရုတ်အကြီးတန်းအရာရှိများသည် တောင်တရုတ်ပင်လယ်ကို တရုတ်နိုင်ငံ၏ ပဓာနအမျိုးသားစီးပွားရေးတစ်ခုအဖြစ် ရည်ညွှန်းပြောဆိုမှုပြုခဲ့ပါသော်လည်း ယင်းသဘောထားကို တရားဝင်ဖွင့်ဆိုခြင်း မရှိသေးချေ။

mgyoe.com

mgyoe.com

ထိုသဘောထားကို တရားဝင်ခံယူလာခဲ့လျှင်လည်း ယင်းတွင် တရုတ်နယ်နိမိတ် သတ်မှတ်ချက်နှင့် ယင်းနယ်နိမိတ်သတ်မှတ်ချက်ပေါ်တည်မှီသော သီးသန့် စီးပွား ရေးဇုန်အဖြစ် ခံယူချက်မျှသာဖြင့် ပြီးမြောက်မည်လား သို့မဟုတ် တောင်တရုတ် ပင်လယ် တစ်ပြင်လုံးကို တရုတ်ပိုင်အဖြစ် သတ်မှတ်ခြင်းဖြစ်မည်လား မသဲကွဲချေ။ တရုတ်နိုင်ငံ အင်အားကြီးထွားလာသည်နှင့်အမျှ ယင်း၏ မဟာအင်အားကြီးနိုင်ငံ အဆင့်သို့ တက်လှမ်းရန်အတွက် နိုင်ငံရပ်ခြားမှ စွမ်းအင်ရင်းမြစ်များပို၍ လိုအပ် သည်နှင့်အမျှ ယင်း၏ပဓာနအကျိုးစီးပွားစာရင်းသည်လည်း လိုက်လျောညီထွေ ပို၍ ရှည်လျားလာနိုင်သည်။

ယင်း၏ ပဓာန အကျိုးစီးပွားနှင့် ပတ်သက်သောကဏ္ဍများတွင် တရုတ် နိုင်ငံ၏ ထဲထဲဝင်ဝင် စီးစီးပိုးပိုး ဆက်ဆံ ပြောဆိုပြုမူပုံများစွာကို သာဓကအဖြစ် ဤသို့ မြင်နိုင်သည်။

*

## ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလက တရုတ် (တိုင်ပေ) အား အမေရိကန်နိုင်ငံမှ လက်နက် ဒေါ်လာ ၆ • ၄ ဘီလီယံဖိုးမျှ ရောင်းချခဲ့ခြင်းနှင့် ပတ်သက်၍ ဘေဂျင်း၏ တုံ့ပြန်မှု

ယခင် လုပ်ဆောင်နည်းအတိုင်းပင်လျှင် တရုတ်နိုင်ငံသည် တရုတ်–အမေရိ ကန် စစ်ရေးအပြန်အလှန် ဖလှယ်ရေးနှင့် စီစဉ်ထားသော အဏုမြူလက်နက် မပြန့်ပွားရေးနှင့် နိုင်ငံတကာ လုံခြုံရေးဆွေးနွေးပွဲများကို ရပ်ဆိုင်းလိုက်သည်။ သို့သော် ဤတစ်ကြိမ်တွင် တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ) သို့ လက်နက် ရောင်းချခဲ့သော အမေရိကန်ကုမ္ပဏီများကို စီးပွားရေးပိတ်ဆို့မှု ပြုရန်လည်း ခြိမ်းခြောက်ခဲ့သည်။ သို့တိုင်အောင် ဤသည်ကို ဥပဒေလမ်းကြောင်းအရ အထ မြောက်အောင် စည်းကြပ်မှု မပြုခဲ့ချေ။ တရုတ်နိုင်ငံသည် ၂၀၁၀ ပြည့်နှစ်၊ ဇွန်လတွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး ရော်ဘတ်ဂိတ်က အလည်အပတ် လာရောက် မည့်ကိစ္စကို ပယ်ဖျက်လိုက်သော်လည်း ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလတွင် ဂိတ်ကို လက်ခံခဲ့သည်။

*

mgyoe.com

mgyoe.com


## တောင်တရုတ်ပင်လယ်နှင့် ပင်လယ်ဝါရှိ တရုတ်အထူးစီးပွားရေးဇုန် (EEZ) များတွင် ချထားသော အမေရိကန်သမုဒ္ဒရာ ထောက်လှမ်းရေးသင်္ဘောများကို ၂၀၀၉ ခုနှစ် နွေဦးပေါက်ရာသီတွင် တရုတ်နိုင်ငံမှ နှောင့်ယှက်မှု

တရုတ်ရေတပ်နှင့် ကမ်းရိုးတန်းစောင့်ရေယာဉ်များသည် အန္တရာယ် ဖြစ်စေလောက်သော စစ်ဆင်ရေးပုံစံများဖြင့် အမေရိကန်ရေတပ်သင်္ဘောများဖြစ်သော USNS Impeccable နှင့် USNS Victorious ၏ ခရီးစဉ်များကို အခါခါ အနှောင့်အယှက် ပြုခဲ့သည်။ တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံ၏ စွပ်စွဲချက်များကို ငြင်းဆိုခဲ့ပြီး နိုင်ငံတစ်နိုင်ငံ၏ EEZ တွင် အခြားနိုင်ငံ၏ ရေတပ်သင်္ဘောများ လှုပ်ရှားမှုကို ပိတ်ပင်တားဆီးရန် တရားဥပဒေအကြောင်းခံမရှိဆိုသော အမေရိကန်နိုင်ငံ၏ ကြေညာချက်နှင့် ပင်လယ်သမုဒ္ဒရာကို တရားဝင်အသုံးပြုနေသော အခြားသူများ၏ အခွင့်အရေးနှင့် လုံခြုံရေးကို အလေးထားခြင်းမှာ နိုင်ငံတကာဥပဒေအရ လိုအပ်ချက်များကို တရုတ်နိုင်ငံက ချိုးဖောက်ခဲ့သည်ဆိုသော အမေရိကန်နိုင်ငံ၏ ကန့်ကွက်ချက်ကိုလည်း ပယ်ချလိုက်သည်။

*

## တောင်ကိုရီးယားစစ်သင်္ဘော (Cheonan) နစ်မြုပ်ခံရပြီးနောက်တွင် ပင်လယ်ဝါနှင့် ဂျပန်ပင်လယ်တွင် အမေရိကန်-တောင်ကိုးရီးယား ရေတပ် လေ့ကျင့်ခန်းများ ပူးတွဲပြုလုပ်မည့် အစီအစဉ်ကို တရုတ်က တုန့်ပြန်သတိပေးမှုများ

ကိုရီးယားကျွန်းဆွယ် ကမ်းလွန်တွင် ပြုလုပ်မည့် စစ်ရေးလေ့ကျင့်ခန်းနှင့် ပတ်သက်၍ အချိန်၊ နေရာ အတိအကျနှင့် ပါဝင်မည့် သင်္ဘောအရေအတွက်ကို တရားဝင် ကြေညာချက် မထုတ်ပြန်ခင်တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက 'ပင်လယ်ဝါနှင့် တရုတ်နိုင်ငံ၏ အခြား ကမ်းရိုးတန်းဆိုင်ရာ ရေပြင်များအတွင်းသို့ နိုင်ငံခြား စစ်သင်္ဘောများနှင့် တပ်မတော်လေယာဉ်များဝင်ရောက်၍ တရုတ်နိုင်ငံ၏ လုံခြုံရေးနှင့် အကျိုးစီးပွားပေါ် သက်ရောက်မှုရှိသည့်လုပ်ရပ်များ ဆောင်ရွက်ခြင်းကို ကျွန်ုပ်တို့ အလေးအနက် ဆန့်ကျင်ပါသည်' ဟု ကြေညာပြောဆိုခဲ့သည်။

*

mgyoe.com

mgyoe.com


## ဂျပန်နိုင်ငံက ပိုင်ဆိုင်သည်ဟု အမည်ခံထားသော Semkaku-Diaoyutai ကျွန်းများအနီး ရေပိုင်နက်တွင် ငါးဖမ်းနေခဲ့သော ငါးဖမ်းသင်္ဘောတစ်စီး၏ ကပ္ပတိန်ကို ဂျပန်နိုင်ငံက ဖမ်းဆီးထိန်းသိမ်းထားပြီးနောက်တွင် တရုတ်ဆိပ်ကမ်းများမှ ဂျပန်နိုင်ငံသို့ ပို့ဆောင်နေခဲ့သော rare earths အပါအဝင် ကုန်ပစ္စည်းများကို ပို့ဆောင်မှုကြန့်ကြာအောင် တရုတ်နိုင်ငံလုပ်ဆောင်မှုများ

ဘေဂျင်းသည် ဂျပန်နိုင်ငံသို့ Rare Earths တင်ပို့မှုများကို ပိတ်ပင်ခြင်း မရှိပါဟု ငြင်းဆိုခဲ့ပါသော်လည်း တရုတ်အရာရှိများသည် မှောင်ခိုတင်ပို့မှုကို ဟန့်တားရန်ဟု အကြောင်းပြချက်ဖြင့် အကောက်ခွန်ဌာန စစ်ဆေးမှုများ တင်းကျပ်ထားကြောင်း ဝန်ခံခဲ့ကြသည်။ ထိုကျွန်းများသည် အမေရိကန်–ဂျပန် လုံခြုံရေး သဘောတူစာချုပ် အတိုင်းအတာအတွင်းကျရောက်သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီရောဒ်ဟမ်ကလင်တန်က ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဆာဂျေမေဟာရာ (Seiji Maehara) ထံသို့ ပေးပို့ခဲ့သည့် သဝဏ်လွှာကြေညာချက်ကိုလည်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်က ပယ်ချလိုက်သည်။

*

## ၂၀၁၀ ပြည့်နှစ် ဇူလိုင်လတွင် ဟန်နွိုင်းမြို့တွင် ကျင်းပခဲ့သော ASEAN Regional Forum အာဆီယံဒေသဆိုင်ရာအစည်းအဝေးတွင် တောင်တရုတ်ပင်လယ်နှင့် ပတ်သက်၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကလင်တန်နှင့် အခြားနိုင်ငံ ဆယ့်တစ်နိုင်ငံမှ ကိုယ်စားလှယ်များ၏ ကြေညာချက်များကို တရုတ်နိုင်ငံမှ တုန့်ပြန်မှု

ဘေဂျင်းသည် ထိုကြေညာချက်အား တရုတ်နိုင်ငံက ထွေထွေပြားပြား အရှင်ခံနေကြသော နိုင်ငံများနှင့် အပြန်အလှန် ဆွေးနွေး ညှိနှိုင်းမှုပြုလိုသော ဒေသန္တရပဋိပက္ခကို ဝင်ရောက်စွက်ဖက်ချက်အဖြစ် မြင်ခဲ့သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ယန်ဂျေချီ (Yang Jie chie)သည် တောင်တရုတ်ပင်လယ်နယ်နိမိတ်များဆိုင်ရာ ပဋိပက္ခများတွင် ပြင်ပအင်အားများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ဒေသန္တရဇာတ်ကောင်များကို သတိပေးခဲ့သည်။ အစည်းအဝေးတွင် ယန်က တရုတ်က နိုင်ငံကြီးတစ်နိုင်ငံ၊ တခြားနိုင်ငံတွေက နိုင်ငံငယ်လေးတွေ၊ ဒီအချက်ကို မငြင်းနိုင်ဘူး' ဟု ပြောကြားခဲ့ကြောင်း အစည်းအဝေးတွင် တက်ရောက်သူများက ပြောကြားခဲ့သည်။

*

mgyoe.com

m g

**တရုတ်နိုင်ငံတွင်း၌ အကျဉ်းကျနေသော တရုတ်လူမျိုး အတိုက်အခံသမား Liu Xiaolo အား နိုဘယ်လ်ငြိမ်းချမ်းရေးဆုချီးမြှင့်မှု ကြေညာပြီးနောက် တရုတ်နိုင်ငံ၏ ဆောင်ရွက်ချက်များ**

ဘေဂျင်းသည် ဆုပေးပွဲသို့တက်ရောက်သည့် ကိုယ်စားလှယ်များ၏ မိခင်နိုင်ငံများကို အပျက်သဘောဆောင်သောလုပ်ရပ် တုံ့ပြန်ခံရမည်ဟု ခြိမ်းခြောက်ခဲ့သည်။ နော်ဝေနိုင်ငံနှင့် ပြုလုပ်နေခဲ့သော လွတ်လပ်စွာ ကုန်သွယ်ခွင့် အစည်းအဝေးကို ရပ်ဆိုင်းလိုက်သည်။ နော်ဝေ ငါးဖမ်းလုပ်ငန်းနှင့် ကမ်းရိုးတန်းရေးရာဌာနမှ အကြီးတန်းအရာရှိတစ်ဦးနှင့် ဆွေးနွေးပွဲ နှစ်ပွဲ ဖျက်သိမ်းလိုက်သည်။

သို့တိုင်အောင် အာဏာဟန်ချက်တွင် ဘေဂျင်း အသာစီးရနေသည်ဟု အကဲဖြတ်ချက်ပေါ်အခြေခံ၍ တရုတ်၏အပြုအမူပုံစံများ ပို၍ စီးစီးပိုးပိုး ရှိလာသည်ဟု ကောက်ချက်အကြွင်းမဲ့ချလောက်အောင်လည်း အထောက်အထား မခိုင်လုံချေ။ အခြားပြည်တွင်းနိုင်ငံရေးအကြောင်းတရားများလည်း ရှိနိုင်သေးသည်။ ယင်းတွင် ၂၀၁၂ ခုနှစ် ခေါင်းဆောင်အရိုက်အရာဆက်ခံရေးအတွက် အာဏာလုပွဲများ ပြင်းထန်လာသည့်အနေတွင် ဟူဂျင်တောင်း၏ ရပ်တည်မှု၊ အရပ်ဖက်–စစ်ဖက် ဆက်ဆံရေး တင်းမာလာမှုနှင့် တရုတ် လုံခြုံရေးအကျိုးကျေးဇူးများကို ကာကွယ်ရန်အတွက် ကြီးမားလာနေသော ပြည်တွင်းဖိအားကို မည်သို့ တုံ့ပြန်မှုပြုရမည်မှန်း ခေါင်းဆောင်ပိုင်းမှ ရေရာသေချာခြင်း မရှိမှုများလည်း ပါဝင်နိုင်သည်။

*[Ref: Scholarly Debate over Chinese Foreign Policy]*

mgyoe.com

mgyoe.com

## အမေရိကန်နိုင်ငံ၏ တုံ့ပြန်မှုကို ဆန်းစစ်ခြင်း

တရုတ်နိုင်ငံ စီးစီးပိုးပိုးဟန်ရှိလာခြင်းသည် တရုတ်နိုင်ငံက အင်အားဟန်ချက် ရွေ့နေပြီဟု အကဲဖြတ်မိခြင်းအပေါ် အနည်းနှင့်အများ တည်နေပြီဆိုလျှင် အမေရိကန်နိုင်ငံ၏ ပြတ်ပြတ်သားသား တုံ့ပြန်မှုက တရုတ်တို့အား မူဝါဒပြန်လည်တွက်ဆမှု ပြုစေမည်။ ဘေဂျင်းသည် အမေရိကန် အင်အား၏ ပို၍ ရေရှည်ခံနိုင်စွမ်းရှိသည့် ကဏ္ဍများကို သဘောကျပြီး အာရှနှင့် ပစိဖိတ်ဒေသတို့တွင် မဟာမိတ်အင်အားမြှင့်တင်ရန် အမေရိကန်ခြေလှမ်းနေမှုများ၊ အခြေခံ အဆောက်အအုံတည်ဆောက်မှုနှင့် ဗိသုကာကဏ္ဍတွင် တက်ကြွစွာပါဝင်မှုနှင့် တောင်တရုတ်ပင်လယ်တွင် ဩဇာပို၍ ညောင်းအောင် ဆောင်ရွက်မှုများကို တရုတ်များက သေချာစွာ စောင့်ကြည့်နေသည်။ ဥပမာ ၂၀၁၀ ပြည့်နှစ် ဇူလိုင်လ အာဆီယံဒေသဆိုင်ရာ အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီး ကလင်တန်သည် အမေရိကန်နိုင်ငံ၏ မူဝါဒအသစ်ကို ကြေညာခဲ့သည်။ ယင်းမူဝါဒအသစ်တွင် အာဆီယံနှင့် တရုတ်တို့အား တောင်တရုတ်ပင်လယ်တွင် ပို၍ထိန်းကွပ်မှုရှိသောပြုရပ်ကို ကျင့်သုံးရေးနှင့် ပတ်သက်၍ သဘောတူညီမှုရယူရန် တိုက်တွန်းခဲ့ပြီး ယုံကြည်မှုတည်ဆောက်မှု ဆွေးနွေးပွဲများကို ကမကထ ပြုပေးမည်ဟု ကမ်းလှမ်းခဲ့သည်။ အမေရိကန်ပြည်ထောင်စုသည် တောင်တရုတ်ပင်လယ်တွင် ဆက်လက် ငြိမ်းချမ်းတည်ငြိမ်နေရေး၊ လွတ်လပ်စွာကူးသန်းသွားလာခွင့်၊ အာရှအဏ္ဏဝါဘုံဒေသသို့ လမ်းပွင့်ရေးနှင့် အပြည်ပြည်ဆိုင်ရာဥပဒေကို လေးစားလိုက်နာရေးတို့နှင့်ပတ်သက်၍ အမေရိကန်နိုင်ငံ၏အမျိုးသားအကျိုးစီးပွားကို ထောက်ရှုစရာရှိသည်ဟု ယူဆပါကြောင်း

mgyoe.com

mgyoe.com

ကလင်တန်က ပြောကြားခဲ့သည်။

ဆန်ကာကူကျွန်းသည် ၁၉၆၀ အမေရိကန်–ဂျပန် လုံခြုံရေး စာချုပ်အပိုဒ် (၅)အောက်တွင် အကျုံးဝင်နေပါကြောင်း။ ၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီး ကလင်တန်က အတည်ပြုပြောကြားခဲ့သည်။ အိုဘားမားအစိုးရသည် ၂၀၁၁ ခုနှစ် ပင်လယ်ပြင်ဥပဒေဆိုင်ရာ ကုလသမဂ္ဂ အစည်းအဝေးတွင် ထိုအချက်ကို ဆောင်းပေးအတည်ပြုရန် ရည်ရွယ်ကြောင်း ဖော်ပြခဲ့သည်။ ဒေသတွင်း၌ အမေရိကန်တည်ရှိရေးကို ထပ်မံအတည်ပြုသော ထို တာဝန်ခံအမြင်တို့သည် တရုတ်အား ပို၍ ရဲတင်းသော နိုင်ငံခြားရေး မူဝါဒကို ကျင့်သုံးရန် ပြည်တွင်းမှ ထောက်ခံပံ့ပိုးအားကို ပြောင်းလဲပစ်နိုင်သည်။ တရုတ်နိုင်ငံ ခေါင်းဆောင်များသည် ဘေဂျင်း၏ ရည်ရွယ်ချက်များနှင့် ပတ်သက်၍ တရုတ်၏ အိမ်နီးချင်းများက သံသယပွားနေမှုကိုလည်း ကောင်းစွာသတိချပ်မိသည်။ ထို သံသယကြောင့် အချို့သော နိုင်ငံများသည် တရုတ်၏ ဖိအားကို ခုခံကာကွယ်နိုင်ရန်အတွက် ညွန့်ပေါင်းအဖွဲ့များတည်ရန် ကြိုးကုပ်မှုပြုလာခဲ့သည်။ ထိုပြုရပ်တို့က တရုတ်နိုင်ငံ ထွန်းကားလာခြင်းသည် ဒေသန္တရဆိုင်ရာ အပျက်အကျိုးဆက်များ ဖြစ်စေမည်မဟုတ်ဟု ဆယ်စုနှစ်ပေါင်းများစွာ တရုတ်က ဖော်ကျူးပြသနေချက်ကို ဒေါက်ပြုတ်သွားစေနိုင်သည်။

၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် နိုင်ငံတော်အကြံပေးပုဂ္ဂိုလ် တစ်ဦးဖြစ်သူ Dai Tsingguo ရေးသားခဲ့သောအက်ဆေးသည် တရုတ်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် ပတ်သက်၍ ယခင် အာမခံချက်ကို ပြန်လည်ဆန်းသစ်ရန် အချက်ပေးချက်တစ်ရပ် ဖြစ်နိုင်သည်။ ထိုအက်ဆေးတွင် တရုတ်နိုင်ငံ၏ 'ငြိမ်းချမ်းစွာ ဖွံ့ဖြိုးရေး' မဟာဗျူဟာကို ထပ်မံအတည်ပြုပြီး မည်သည့်အခါမှ ကမ္ဘာကို လွှမ်းမိုးသိမ်းပိုက်ရန် ကြိုးစားမည်မဟုတ်ကြောင်း သစ္စာပြုခဲ့သည်။ Dai သည် တိန့်ရှောက်ဖိန်၏ လမ်းညွှန်ချက်ကို အောက်ပါအတိုင်း ပိုင်ပိုင်စိုးစိုး အနက်ဖွင့်ဆိုခဲ့သည်။ "တရုတ်နိုင်ငံသည် ဆက်လက် နှိပ်ချနေပြီး ဦးဆောင်ဦးရွက်ဆောင်ရွက်ခြင်း၊ အလံဝှေ့ယမ်းခြင်း၊ ချဲ့ထွင်ရန် ကြံစည်ခြင်းနှင့် အုပ်စုခေါင်းဆောင်အဖြစ် ခံယူမှုကို သတိချပ်သည့်အပြင် ရှောင်ရှားမှုပြုရမည်" သို့တိုင်အောင် တိန့်ရှောက်ဖိန်၏ စကားသည် မျက်မှောက်ကာလ တရုတ်နိုင်ငံခြားရေးမူဝါဒအတွက် လမ်းညွှန်ချက်အဖြစ် တည်၊ မတည်ဆိုသည့်အချက်ကိုမူ Dai က သိသိသာသာ ရှောင်ရှား၍ ယင်းသည် "ငြိမ်းချမ်းစွာ ဖွံ့ဖြိုးမှုလမ်းကြောင်းကိုလျှောက်လှမ်းရေး စိတ်ကူးနှင့် လိုက်လျောညီထွေရှိသည်" ဟုသာ ဖော်ပြခဲ့သည်။

mgyoe.com

သို့တိုင်အောင် တရုတ်နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ဤအပြောင်းအလဲများသည် အပြောသက်သက် သို့မဟုတ် နည်းဗျူဟာဆိုင်ရာကိစ္စများလည်း ဖြစ်နိုင်သည်။ တရုတ်နိုင်ငံသည် အင်အားကွာဟချက်ကို လျင်မြန်စွာဖြည့်ဆည်းနေသည်နှင့် Multipolar ကမ္ဘာတစ်ခုဖွံ့ဖြိုးရေး အရှိန်အဟုန်မြင့်လာနေပြီဟူသော အကဲဖြတ်ချက်များပေါ် အခြေခံလျက် တရုတ်နိုင်ငံသည် ပို၍ထဲထဲဝင်ဝင်ရှိသော စီးစီးပိုးပိုးရှိသော နိုင်ငံခြားရေးမူဝါဒကို ဆက်လက်ကျင့်သုံးနိုင်ကောင်းသည်။ အချိန်ကြာသောအခါတွင် ဘေဂျင်း၏ ကြီးထွားလာနေသော ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုသည် အမေရိကန်၏ အကျိုးစီးပွားနှင့် အမြဲတစေ အံဝင်ခွင်ကျ မရှိသော အနေမျိုးဖြင့် တရုတ်နိုင်ငံ ပွင့်ပွင့်လင်းလင်းလုပ်ကိုင်သည့်အဖြစ်သို့ ဆိုက်ရောက်စေနိုင်သည်။ အထူးသဖြင့် မည်သို့အနက်ဖွင့်ဆိုထားသည်ပင်ဖြစ်စေ အမေရိကန် နိုင်ငံကတရုတ်နိုင်ငံ၏ အဓိက အကျိုးစီးပွားကို စိန်ခေါ်မှုပြုနေသည်ဟု အမြင် ရှိလာပါကတရုတ်၏အပြုအမူသည် အနာဂတ်တွင် ပို၍အကြမ်းဖက်လာနိုင် သည်။

ဘေဂျင်းက ယင်း၏ ပဓာန အကျိုးစီးပွားဟု သတ်မှတ်သည့်ကိစ္စများတွင် ပို၍ စီးစီးပိုးပိုး သဘာဝကိုပြသသည့်အပြင် တရုတ်နိုင်ငံသည် နိုင်ငံတကာ ငွေကြေးစနစ်အသစ်ကို ပုံဖော်ရာတွင် ယင်း၏ကြီးထွားလာနေသော စီးပွားရေး ဩဇာ၊ ငွေကြေးရင်းမြစ်များနှင့် ပထဝီဝင်နိုင်ငံရေးဆိုင်ရာ ဩဇာတို့ကို အသုံးချ၍ ယင်း၏လုပ်ပိုင်ခွင့်ကို ချဲ့ထွင်နိုင်သည်။ သမားရိုးကျအားဖြင့် အမေရိကန် အင်အားသမားဖြစ်သော Wang Jisi ပင်လျှင် တရုတ်နိုင်ငံသည် ယင်း၏ အင်အား ကြီးထွားလာသည်နှင့်အမျှ လက်ရှိအခင်းအကျင်းကို ပြောင်းလဲရန် တောင်းဆိုမှုပြုပြီး ဦးဆောင်ဦးရွက်မှုပြုရန် ပို၍ကြိုးပမ်းမှုပြုလာမည်ဟု မကြာခင်ကာလက ဆိုညွှန်ပြခဲ့သည်။ တရုတ်–အမေရိကန် ကစားပွဲတွင် ဘောလုံးသည် တရုတ်ခြေထဲ ရောက်နေသည့်အချိန်ပို၍များနေပြီး အမေရိကန်ကွင်းတစ်ဝက်သို့ ဘောလုံးကန်ထည့်သည့် အကြိမ်များ ပို၍ပို၍ များပြားလာပေမည် ဟု Wang က ရေးသားခဲ့သည်။

ဤသည်မှာ အမေရိကန်ပြည်ထောင်စုအတွက် ပဓာန မူဝါဒနှင့် ပတ်သက်၍ အကျပ်ရိုက်ချက်ပင် ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသည် အမေရိကန်အင်အားကျဆင်းနေပြီဟူသော တရုတ်အကဲဖြတ်ချက်ကို အဟန့်အတား ပြုရန်အတွက် ဒေသတွင်းကိစ္စများတွင် ထက်သန်တက်ကြွစွာ ဆက်လက် ပါဝင်ပတ်သက်ရန် လိုအပ်သည်။ သို့သော် ဘေဂျင်းအား အမေရိကန်နိုင်ငံ၏ နာလန်ထ စွမ်းအားကို အမှတ်ရစေရန် အမေရိကန်ကပြုလုပ်သောကိစ္စများကို တရုတ်တို့က သူတို့၏အမျိုးသားအကျိုးစီးပွားကို ခြိမ်းခြောက်ချက်များအဖြစ် မြင်နိုင်သည်။ ဤအကျိုး

mgyoe.com

ရလဒ်သည် တရုတ်–အမေရိကန်၏ တင်းမာမှုကို သိသိသာသာ တိုးမြှင့်စေနိုင်ပြီး တပြန်တလဲအနေဖြင့် ဆက်ရွေးမှုမပြုချင်သော ဒေသန္တရဆိုင်ရာနိုင်ငံများ၏ သောကကို ပို၍ မြင့်မားစေနိုင်သည်။ ထို့ကြောင့် အမေရိကန်ပြည်ထောင်စုသည် တရုတ်နိုင်ငံ၏ ရန်ငြိုးဖွဲ့မှု ကင်းစေပြီး ယင်းအစား ဘောဂျင်းအား ပူးပေါင်းမှု ပြုလာအောင်စေ့ဆော်မည့်နည်းလမ်းဖြင့် ယင်း၏အင်အားကို ပြသရန် သတိထားရမည်။ အာရှတွင် အမေရိကန်နှင့် တရုတ်နိုင်ငံတို့ အကြွင်းမဲ့ စစ်ဖြစ်နိုင်သည့် အနေအထားသို့ ဆိုက်ရောက်စေမည့် ပြိုင်ဆိုင်မှုမျိုး ရှောင်ရှားနိုင်အောင် အစွမ်းကုန်ကြိုးစားရမည်။

တရုတ်နိုင်ငံ၏ ရေတို အကဲဖြတ်ချက်နှင့် မူဝါဒများ မည်သို့ပင်ဖြစ်စေ ဘောဂျင်း၏ ရေရှည်ရည်မှန်းချက်မှာ ယင်း၏အမျိုးသားရေးအင်အားကို တစ်လုံးတစ်ဝတည်း တိုးမြှင့်ရန်နှင့် ယင်းကို အင်အားကြီးနိုင်ငံတစ်နိုင်ငံအဖြစ် ပြန်တည်ရေးပင် ဖြစ်သည်။ တရုတ်၏ စစ်ရေးနှင့် စီးပွားရေးအင်အားများ ကြီးထွားလာသည်နှင့်အမျှ နိုင်ငံတကာရေးရာကဏ္ဍများတွင် ကုပ်ကုပ်လေးနေရန်ဟူသော မဟာဗျူဟာမြောက် လမ်းညွှန်ချက်ကို လိုက်နာခြင်းသည် တရုတ်၏အကျိုးစီးပွားကို အထောက်အကူပြုခြင်း မရှိတော့ဟု ကာလကြာသောအခါတွင် တရုတ် ခေါင်းဆောင်များက ကောက်ချက်ချလာပေမည်။ တရုတ်နိုင်ငံခြားရေးမူဝါဒများသည် မလွဲမသွေပင် ပြင်းထန်လာမည်၊ ပိုင်ပိုင်စိုးစိုး ရှိလာမည်။ သို့သော် တရုတ်နိုင်ငံသည် ကမ္ဘာ့အညတရများကို ကာကွယ်ရန် ကမ္ဘာ့ကုန်စည်ပစ္စည်းများ ဖြည့်ဆည်း ပေးရန်နှင့် ယေဘုယျအားဖြင့် လက်ရှိ အပြည်ပြည်ဆိုင်ရာစနစ်ကို အားဖြည့်ရန် ယင်း၏ ကြီးထွားလာနေသော ဩဇာကို သုံးမည်လော၊ အခြားနိုင်ငံများကို ခုတုံးလုပ်၍ တရုတ်၏ လုံခြုံရေး အကျိုးစီးပွားကို အားဖြည့်ရန် အမေရိကန်နိုင်ငံကို ယင်း၏ မဟာမိတ်များနှင့် တွဲဖက်များ၏ အကျိုးကို ဆန့်ကျင်သော နည်းလမ်းများဖြင့် အပြည်ပြည်ဆိုင်ရာ စနစ်ကို ပြုပြင်ရန် ကြိုးပမ်းမည်လောဟူသော အချက်ကို စောင့်ကြည့်ရမည် ဖြစ်သည်။

*7(Ref : Analyzing the US Power by Craig S.Cohen)*

mgyoe.com

mgyoe.com

# အမေရိကန် မူဝါဒချမှတ်ရေး

ဘေဂျင်းသည် လာမည့်အချိန်ကာလ အနည်းဆုံး ငါးနှစ်မှ ဆယ်နှစ်အထိ ကာလအတွင်းတွင် အမေရိကန်နိုင်ငံနှင့် ကောင်းမွန်စွာဆက်ဆံရေးကို ကြိုးကုပ်ဆောင်ရွက်ရန် အလားအလာ ရှိသည်။ အမေရိကန်နှင့် တရုတ်နိုင်ငံကြား စီးပွားရေးနှောင်ကြိုးများက ထူထပ်သည်။ တရုတ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးမှုပုံစံသည် ပို့ကုန်အပေါ်တွင် အဓိက အမှီသဟဲပြုသည်။ ထိုအရေးနှင့် ပတ်သက်၍ အမေရိကန်ဈေးကွက်နှင့် ဥရောပသမဂ္ဂသည် အလွန် ပစိပစပ် များသည်။ တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံ၏ အာမခံစာချုပ်များကို ပမာဏများစွာ ဝယ်ယူ ရင်းနှီးမြှုပ်နှံမှုပြုထားပါသောကြောင့် အမေရိကန်ဒေါ်လာ ကသောင်းကနင်း ဖြစ်ပါက တရုတ်ပြည်၏ ငွေကြေးအခြေအနေလည်း ပြင်းထန်စွာ ဒဏ်သင့်မည့် လျင်မြန်စွာ အရှိန်မြင့်လာနိုင်ပြီး တရုတ်နိုင်ငံ ခေတ်မီအောင် ကြိုးကုပ်နေမှုကို နောက်ပြန်ရပ်သွားစေနိုင်သော စစ်ရေး ထိပ်တိုက်ရင်ဆိုင်မှုတစ်ရပ် အမေရိကန်နိုင်ငံနှင့် မဖြစ်ပွားစေရန်မှာ တရုတ်နိုင်ငံ၏ အဓိကအရေးအဖြစ် ဆက်လက်တည်ရှိနေသည့် အမေရိကန်၏ အင်အားလျော့ကျနေသည့် နောက်ခံကြောင်းတရားထောက်လျက်ပင် အမေရိကန်နိုင်ငံသည် တစ်ခုတည်းသော ကမ္ဘာ့ မဟာအင်အားအဖြစ် နောက်ဆယ်စုနှစ် တစ်လျောက် ဆက်လက်တည်တံ့ရန် အလားအလာရှိနေပြီး တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံ၏ အကျိုးစီးပွားအတွက်အရေးပါသည်ဟု သတ်မှတ်သောကဏ္ဍများတွင် အမေရိကန်နိုင်ငံနှင့် အတိုင်းအတာတစ်ခုအထိ ပူးပေါင်းပါဝင်မည်ဖြစ်ပြီး အပြန်အလှန်တင်းမာမှုများကို ချုပ်ထိန်းထားနိုင်လောက်အောင်

mgyoe.com

သဘောထားကွဲပြားမှုများကို ခန့်ခွဲထားနိုင်ပေမည်။ ထို့အပြင် ဘေဂျင်းသည် အမေရိကန်နိုင်ငံအား မဟာမိတ်နိုင်ငံအဖြစ် ဆက်လက် ရပ်တည်စေပြီး တရုတ်နိုင်ငံအား မလွဲမသွေ ရန်သူအဖြစ်မြင်၍ တရုတ်နိုင်ငံ၏ တိုးတက်မှုနှင့် တရုတ်နိုင်ငံ၏ တည်ငြိမ်မှုအပြင် တရုတ်ကွန်မြူနစ်ပါတီ၏ အုပ်ချုပ်မှုကိုပါ ဒေါက်ဖြုတ်သောမူဝါဒကျင့်သုံးသည့်အနေသို့ မဆိုက်ရောက်အောင် ဟန့်တားရန် ကြိုးစားပေမည်။

တရုတ်နိုင်ငံနှင့် အခြားထွက်ပေါ်စ စီးပွားရေးများ၏ တိုးတက်မှုနှုန်း မြင့်မားခြင်းနှင့် အမေရိကန်စီးပွားရေး တိုးတက်မှုနှုန်းနှေးကွေးမှုသည် အင်အားချိန်ခွင်တွင် အမေရိကန်၏ အဆင့်ကျဆင်းမည်ဖြစ်ကြောင်း တွက်ဆနိုင်သည်။ အမေရိကန်နိုင်ငံအနေဖြင့် ကြုံဆုံနေရသော စိန်ခေါ်ချက်ကား အမေရိကန်နိုင်ငံအင်အားကျဆင်းခြင်းသည် ရှေ့တန်း တပ်စခန်းများ ဖြန့်ကျက်ချထားခြင်း မရှိနိုင်လောက်အောင် အင်အားချိနဲ့ပြီး ဒေသန္တရ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို အာမခံမှု မပြုနိုင်သောအနေအထားသို့ အမေရိကန်သက်ဆင်းသွားပြီဟု တရုတ်နိုင်ငံနှင့် အာရှရှိ အခြားနိုင်ငံများ ဆန္ဒစောစွာ မမြင်အောင် ကာကွယ်ရန်ပင် ဖြစ်သည်။ Multi-polarကမ္ဘာတစ်ခု တဖြည်းဖြည်းနှင့် စနစ်တကျ ပေါ်ပေါက်လာခြင်းသည် အမေရိကန်နှင့် ယင်း၏မဟာမိတ်များအပြင် တရုတ်နိုင်ငံကိုပါ များစွာ အကျိုးပြုနိုင်ပြီး တရုတ်နှင့် အမေရိကန်ကြား စစ်ခင်းရသည့်အနေအထိ ယှဉ်ပြိုင်မှုဖြစ်ထွန်းရန် မလိုချေ။

အာရှတွင် အမေရိကန်နိုင်ငံ၏ ခေါင်းဆောင်မှု အခန်းကဏ္ဍကို စောင့်ထိန်းထားခြင်းသည် တရုတ်နိုင်ငံ၏ တိုးတက်မှု ငြိမ်းချမ်းစွာဖြစ်ထွန်းရန်နှင့် အမေရိကန်၏ အကျိုးစီးပွားကို တတ်နိုင်သမျှ အနည်းဆုံး ထိခိုက်မှုဖြင့် အထမြောက်စေရန် အာမခံချက်၏ သော့ချက် ဖြစ်သည်။ ဒေသတွင်းရှိ နိုင်ငံအများစုသည် အမေရိကန်နိုင်ငံအား အာရှ–ပစိဖိတ်ဒေသတွင် ခိုင်ခိုင်မာမာ တက်တက်ကြွကြွ ဆက်လက်ရပ်တည်မှု ရှိစေချင်သည်။ ထိုသို့ ဖြစ်စေလိုချင်မှုမှာ တစ်စိတ်တစ်ပိုင်းအားဖြင့် တရုတ်နိုင်ငံ ကြီးထွားလာမှုက သူတို့ အကျိုးစီးပွားကို ခြိမ်းခြောက်မှု ပြုလာနိုင်မှုအား အဟန့်အတား ပြုရန်ဖြစ်သည်။ သို့တိုင်အောင် တစ်ချိန်တည်းမှာပင် သူတို့သည် အမေရိကန်နိုင်ငံသည် ဒေသန္တရကို ဦးစားပေး အလေးထားမှုပြုပြီး ကတိကဝတ်အတိုင်း ဆောင်ရွက်ဖွမ်းပါမည်လားကို ဒွိဟ ဖြစ်မိကြသည်။ အာရှတွင်းရှိ အမေရိကန် မဟာမိတ်များနှင့် မိတ်ဆွေများ၏ စိုးရိမ်ကြောင့်ကြစိတ်ကို နှစ်သိမ့်ရင်း တစ်ချိန်တည်းမှာပင် အမေရိကန်နိုင်ငံသည် တရုတ်နိုင်ငံကို မဟာဗျူဟာနည်းကျကျ ဝိုင်းဝန်းပိတ်ဆို့ထားရန် ရည်သန်နေသည်ဟု တရုတ်တို့

mgyoe.com


စိုးရိမ်ကြောင့်ကြ စိတ်ကို ဖြေသိမ့်ရန်မှာ အမေရိကန်မူဝါဒချမှတ်သူများ၏ ပဓာန အရေးပင် ဖြစ်ပေမည်။ အမေရိကန်နိုင်ငံသည် ယင်း၏ မဟာမိတ်များ အင်အားဖြည့်တင်း၊ မဟာမိတ်ပြုမှု တိုးချဲ့၊ ဖက်စပ်လုပ်ငန်းများ တည်ထောင်၊ ဒေသတွင်းဘက်စုံအဖွဲ့အစည်းများ၏ စွမ်းအားပမာဏကို ဖြည့်ဆည်းမှု ပြုနေစဉ် တစ်ချိန်တည်းမှာပင် အပြည်ပြည်ဆိုင်ရာစနစ်အတွင်း၌ တရုတ်၏ ဩဇာ မလွဲမသွေ တိုးပွားသည့်တိုင်အောင် အပြည်ပြည်ဆိုင်ရာစနစ်တွင် တရုတ်နိုင်ငံ ငြိမ်းချမ်းစွာ ပါဝင်ပေါင်းစပ်သွားရေးကို ဆက်လက်တိုက်တွန်း အားပေးနေရမည်။

အမေရိကန်နိုင်ငံ စစ်အင်အားကို ဆက်လက်စောင့်ထိန်း၍ စစ်စခန်းများ ဖွင့်လှစ်ထားရန် မဖြစ်မနေ လိုအပ်ပါသော်လည်း Hard Power ကို လွန်လွန်ကျူးကျူး အလေးထားမှုသည် အမှားယွင်းတစ်ခု ဖြစ်နိုင်သည်။ အမေရိကန်နိုင်ငံသည် ယင်း၏ အကျိုးကို မြှင့်တင်ရန်အတွက် Hard Power နှင့် မကြာမကြာပင် Smart Power ဟု ညွှန်းဆိုလေ့ရှိသော Soft Power ကို ပေါင်းစပ်၍ ဆက်လက် အသုံးပြုသင့်သည်။ ဒေသတွင်းနိုင်ငံများသည် အမေရိကန်စစ်အင်အား ရှိနေသေးစေလိုသော်လည်း ချောက်ချားဖွယ်ကောင်းလောက်အောင် အင်အားကြီး မနေစေလိုချေ။ ကမ္ဘာကြီးကို နှစ်ဦးတစ်စုအစီအစဉ်ဖြင့် အမေရိကန်နှင့် တရုတ်နိုင်ငံက ပူးတွဲစီမံနိုင်သည်ဟု စိုးရိမ်ကြောင့်ကြ စိတ်များ အများအားဖြင့် လွင့်ပါးပြီးဖြစ်သောကြောင့် အမေရိကန် –တရုတ် ရင်ဆိုင်တိုက်ခိုက်မှုကို စိုးရိမ် ကြောင့်ကြစိတ် လျင်မြန်စွာ အစားထိုး ဝင်ရောက်လာနိုင်သည်။

စစ်အင်အားနှင့် အမေရိန်ကန် လူနေမှုအဆင့်အတန်း ဆွဲဆောင်မှုများ သက်သက်က အာရှဒေသ၏ ပင်မနယ် ပရိဝုဏ်တွင် အမေရိကန်နိုင်ငံ၏ အဓိက အခန်းကဏ္ဍကို ဆက်လက်ထိန်းသိမ်းထားရန် အလားအလာ မရှိလှခဲ့ချေ။ တရုတ်နိုင်ငံ၏ ဗိုလ်ကျနိုင်မှုအတိုင်းအတာသည် ASEAN နိုင်ငံများအတွက် ကြောင့်ကြစရာ အကြောင်းတစ်ရပ် ဖြစ်ပေမည်။ သို့သော် တရုတ်နိုင်ငံ၏ ဆွဲဆောင်မှု ရှိလောက်အောင် မျိုးမျိုးမြတ်မြတ်ရှိလှသော ကုန်သွယ်ရေးသဘောတူညီချက်များမှ တဆင့် တရုတ်နိုင်ငံနှင့် ဒေသန္တရ စီးပွားရေးပူးပေါင်းမှုသည် ဒေသကို အမေရိကန်နှင့် ပိုလှမ်းအောင်နှင့် တရုတ်နိုင်ငံနှင့် ပို၍ နီးစပ်အောင် တွန်းပို့နေသည်။ အာရှနိုင်ငံများကို အမေရိကန် နိုင်ငံသို့ ဆွဲဆောင်သော ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး မဟာဗျူဟာမရှိပါလျှင် ဤအတိုင်းသာ ဆက်လက် ဖြစ်နေရပေမည်။ ကုန်သွယ်ရေး မူဝါဒများကို လွတ်လပ်ခွင့်ပြုရန်အတွက် အမေရိကန်ပြည်တွင်း နိုင်ငံရေးထောက်ခံချက်ရရှိရန် ခက်ခဲကောင်း ခက်ခဲမည်ဖြစ်သော်လည်း ဤမူဝါဒများ

mgyoe.com

mgyoe.com

မရှိပါလျှင် အာရှတွင် အမေရိကန်နိုင်ငံ အခရာဖြစ်ရေးမှာ အတော်ပင် ဒွိဟ ဖြစ်စရာ ကိစ္စ ဖြစ်လေမည်။ အမေရိကန်နိုင်ငံသည် အာရှ–ပစိဖိတ်ဒေသအတွက် တစ်လုံး တစ်ဝတည်းသော အပြန်အလှန်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာနှင့် မူဝါဒတစ်ခု ချမှတ်သင့်ပေသည်။ ဤသည် အမေရိကန် အိတ်စပို့လုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများကို အကျိုးပြုရုံသာမက တရုတ်နိုင်ငံအပါအဝင် အမေရိကန် နိုင်ငံနှင့် ကုန်သွယ်မှုပြုလိုသော အခြားနိုင်ငံများနှင့်လည်း ဆက်ဆံရေး ခိုင်မာစေ မည်။ ထိုကဲ့သို့သော ဆက်ဆံရေးများသည် ဒေသတွင်း၌ အပြန်အလှန် လေးစားမှု ပို၍ ဖွံ့ဖြိုးစေပြီး အပြန်အလှန်ရပ်တည်မှုကို ပို၍ နက်ရှိုင်းစေမည့် အမေရိကန်– ကိုရီးယား လွတ်လပ်စွာ ကုန်သွယ်ခွင့်သဘောတူညီချက်ကို ပြန်လည် အတည်ပြု ခြင်း၊ ပစိဖိတ်တစ်ခွင် ဖက်စပ်ဆောင်ရွက်မှုလုပ်ငန်းစဉ်ကို အစစ်အမှန် နိုင်ငံရေး ငွေပင်ငွေရင်းဖြင့် အားဖြည့်ခြင်းနှင့် ထိုင်ဝမ်နိုင်ငံနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေခံပုံစံ သဘောတူညီချက်ကို အပြီးသတ်ခြင်းသည် လာမည့်ငါးနှစ်တာ ကာလ တွင် ဒေသတွင်း၌ ယင်း၏ ရပ်တည်မှုအား ဖြစ်စေရန်အတွက် အမေရိကန်နိုင်ငံ လှမ်းရမည့် အခိုင်အမာ ခြေလှမ်းသုံးလှမ်းပင် ဖြစ်သည်။

အာရှဒေသတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ထိန်းသိမ်းရေးနှင့် အမေရိကန် အကျိုးစီးပွားလုံခြုံရေးအတွက် သော့ချက်များသည် အမေရိကန်၏ ခေါင်းဆောင်မှု စွမ်းရည်ကို တည်တံ့အောင် စောင့်ထိန်းရေးနှင့် အမေရိကန်နိုင်ငံ၏ ရပ်တည်စွမ်းကို ဒေသခံများ၏ ယုံကြည်မှုကို အားဖြည့်ပေးရန်ပင် ဖြစ်သည်။ အကြမ်းဖက်သမား များ၏ ခြိမ်းခြောက်မှု၊ လူအများစု သေကြေ ပျက်စီးစေနိုင်သော လက်နက်များ ပြန့်ပွားမှု၊ ရာသီဥတု ပြောင်းလဲမှု သို့မဟုတ် ဆင်းရဲမွဲတေမှုကို ဖြေရှင်းရန် ကြိုးပမ်းမှု ပြဿနာတွင် ဒေသခံနိုင်ငံများ အောင်မြင်အောင် ပံ့ပိုး ဖြည့်ဆည်းရာတွင် အမေရိကန် နိုင်ငံသည် တက်တက်ကြွကြွ ပါဝင်မှုပြုရမည်။ ဤသို့ပြုခြင်းဖြင့် အမေရိကန်နိုင်ငံ သည် အာရှဒေသတွင် လက်နက်ပြိုင်ပွဲ အသစ်သို့ ဦးတည်နိုင်သော အမေရိကန် နိုင်ငံ အင်အားကျဆင်းမှု အမြင်၊ ဒေသတွင်းနိုင်ငံများကြား အယုံကြည်တန်မှု မြင့်မားနေခြင်းနှင့် တွက်ဆချက် မှားယွင်းမှုကိုပင် တန်ပြန်နိုင်ပေမည်။

*(Ref : Analyzing the US Power by Craig S.cohen)*

mgyoe.com

mgyoe.com

# တရုတ်နိုင်ငံ၏ စီးပွားရေးပုံစံကို စီးပွားရေးပညာရှင်များဖြင့် သုံးသပ်ခြင်း

ကမ္ဘာ့ စီးပွားရေးအပေါ်တွင် အမေရိကန်နိုင်ငံသြဇာ၏ လတ်တလော အဆင့်လမ်းကြောင်းနှင့် ပတ်သက်၍ တရုတ်စီးပွားရေးပညာရှင်များနှင့် စီးပွားရေး လုပ်ငန်းခေါင်းဆောင်များကြားတွင် အခြေအတင် သဘောထား အတော်နည်းပါး နေသည်။ လွန်ခဲ့သော နှစ်နှစ်တာကာလတွင် အဓိကပုဂ္ဂိုလ်များသည် အမေရိ ကန်၏ စီးပွားရေးသြဇာကို ကျဆင်းနေသည်ဟု မြင်ခဲ့ကြပြီး တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုပုံစံကို ယုံကိုးစိတ်တိုးပွားလာကြောင်း ဖော်ပြခဲ့ကြသည်။ ယခင်က အမေရိကန်နိုင်ငံ ငွေကြေးစနစ် တည်ငြိမ်မှု၊ အာရှငွေကြေး အကျပ် အတည်းကာလ လွန်ပြီးနောက် ဈေးကွက်အသစ်များ ရရှိလာမှုနှင့် အမေရိကန်နိုင်ငံ စီးပွားရေး အခြေအနေကောင်းလာမှုတို့သည် တရုတ်အစိုးရအား ယင်း၏ နိုင်ငံခြားတင်ပို့ ကုန်ကြောင့် ရရှိသော အမြတ်အစွန်း ပမာဏအတော်များများကို အမေရိကန် ငွေကြေးဈေးကွက်များနှင့် အမေရိကန်ငွေကြေးစာချုပ်များတွင် ရင်းနှီးမြှုပ်နှံမှု ပြုစေခဲ့သည်။ တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် ငွေကြေးဆိုင်ရာ ပြုပြင်ပြောင်းလဲ ရေးကိစ္စ အတော်များများကို အမေရိကန်စနစ်ပေါ် တည်မှီပုံဖော်ထားခဲ့သည်။ ထို့ကြောင့် ၂၀၀၈ ခုနှစ် နှောင်းကာလနှင့် ၂၀၀၉ ခုနှစ် စောစောပိုင်းကာလတွင် အမေရိကန်နိုင်ငံ၏ အခြေခံ အဆောက်အအုံ ပြိုပျက်မှုများသည် ဘေဂျင်းအတွက် အထိတ်တလန့် ထောက်ရှုစရာ ကိစ္စများ ဖြစ်ခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ဒါဗိုစ်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့စီးပွားရေး ဖိုရမ်တွင် ဝန်ကြီးချုပ် ဝမ်ကြားပေါင်က အမေရိ ကန်စနစ်သည် အမြတ်အစွန်းနောက် မျက်ကန်းလိုက်ရင်းဖြင့် ငွေကြေးဆိုင်ရာ

mgyoe.com

အခြေခံ အဖွဲ့အစည်းများကို လွန်ကျူးစွာ တိုးချဲ့ခဲ့ခြင်း၊ ငွေကြေးဆိုင်ရာ ကဏ္ဍတွင် အစိုးရ၏ ကြီးကြပ်ကွပ်ကဲမှု မလုံလောက်ခြင်းနှင့် ကာလကြာမြင့်စွာ စုဆောင်းမှု နည်းပြီး သုံးစွဲမှု မြင့်မားခဲ့သော ဖွံ့ဖြိုးမှုပုံစံကို ထိန်းသိမ်းရန် မတတ်နိုင်ခြင်းတို့ကြောင့် ကမ္ဘာ့ငွေကြေး အကျပ်အတည်းနှင့် ပတ်သက်၍ တာဝန်ရှိသည်ဟု ဆိုခဲ့ခြင်းသည်ကား အားလုံး၏ အမြင်ကို ကိုယ်စားပြု ပြောနေဟန် ရှိခဲ့သည်။ တရုတ်နိုင်ငံ၏ ငွေကြေးနှင့် ကုမ္ပဏီလုပ်ငန်းကဏ္ဍ ထိပ်တန်းဌာနများတွင် ငွေကြေးဆိုင်ရာ အကျပ်အတည်းသည် ဝါရှင်တန်၏ သဘောထားနှင့် အမေရိကန် မောင်းနှင်သော နိုင်ငံတကာ စီးပွားရေးအဆောက်အအုံကို ထောက်ခံမှုနှင့် အထင်ကြီးမှု၏ နောက်ဆုံးဂုဏ်သိက္ခာကို တိုက်ဖျက်လိုက်သည်။ ဤအမြင်ကို ရောင်ပြန်ဟပ်လျက် CICIR ဒုဥက္ကဋ္ဌ ဝယ်ဇီဘန်က ၂၀၀၉ ခုနှစ် စောစောပိုင်းတွင် အောက်ပါအတိုင်း ရေးသားခဲ့သည်။

"ငွေကြေး အကျပ်အတည်းသည် အမေရိကန် ဟန်ခေတ်သစ် လွတ်လပ်သော စီးပွားရေး ဈေးကွက်ပုံစံ၏ ချို့ယွင်းချက်များနှင့် အစိုးရ၏ မျက်စိမှောက်မှု၊ စည်းမျဉ်းသတ်မှတ်မှုနှင့် ကွပ်ကဲမှုတို့ကို အလေးအနက် ပြန်လှန် သုံးသပ်မှုပြုရန် နိုင်ငံတကာ အသိုက်အမြုံကိုလည်း တွန်းနေသည်။ အမေရိကန် နိုင်ငံအပါအဝင် ဖွံ့ဖြိုးပြီး နိုင်ငံများက ဈေးကွက်ကိုဆယ်ရန်အတွက် တစ်ဦးနှင့်တစ်ဦး မဟာမိတ်ဖွဲ့ခြင်းသည် ဝါရှင်တန်၏ အထွေထွေသဘောထားမှ ပြည်တွင်းအမြင် ကင်းပသွားစေခဲ့ပြီး ဖြစ်သည်။ "

နိုင်ငံတော် ညွှန်ကြားကွပ်ကဲသော အရင်းစနစ်ပေါ် အခြေခံသော တရုတ်ဖွံ့ဖြိုးရေးပုံစံသည် တရုတ်စီးပွားရေး သင်ခန်းစာများကို အရေးပါမှု နည်းသွားစေသည်ဟု တရုတ်စီးပွားရေးပညာရှင်များက ယေဘုယျ ယုံကြည်ကြသည်။ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ ငွေကြေးအကျပ်အတည်းကာလအလယ်တွင် အမေရိကန် စီးပွားရေးနှင့် နိုင်ငံရေးခေါင်းဆောင်များ အစည်းအဝေးတစ်ခုတွင် ဟောပြောစဉ် ဒုဝန်ကြီးချုပ် ဝမ်ကျိရှန်က ထောက်ပြခဲ့သကဲ့သို့ပင် ကျွန်တော်တို့၏ သင်ဆရာများတွင် ပြဿနာအချို့ ရှိနေသည်မှန်း ကျွန်တော်တို့ သိလာခဲ့ပြီဟု ခံယူကြသည်။ သို့သော် တရုတ်စီးပွားရေးတိုးတက်မှု အရှိန်ပြန်ရလာပြီး GDP ကိန်းဂဏန်းနှစ်လုံး ကြီးထွားနှုန်းအဆင့်သို့ ချဉ်းကပ်မှု တစ်ဖန် ပြုပြန်သည့်တိုင်အောင် တရုတ်ဝေဖန်ရေးဆရာများသည် တရုတ်နိုင်ငံက ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးအဖြစ် ဂျပန်နိုင်ငံကို ကျော်တက်မှု၏ အရေးပါချက်ကို မှန်းထားသည်။ ဖွံ့ဖြိုးဆဲ စီးပွားရေးအဖြစ် ယင်း၏ အနေအထားကို ဇောင်းပေးလျက် တရုတ်နှင့် အခြား ဦးဆောင်ဦး

mgyoe.com

 mgyoe.com 

ရှက် ဖွံ့ဖြိုးပြီး စီးပွားရေးများနှင့် တစ်ဦးချင်း GDP ပမာဏ အတော်အတန် ကွာဟချက်ကို ထောက်၍ အမေရိကန်နိုင်ငံ၏ စုစုပေါင်း စီးပွားရေးအင်အားသည် လာမည့်ဆယ်စုနှစ် များစွာတိုင်အောင်ပင် တရုတ်နိုင်ငံထက် ဆက်လက်သာနေမည်ဟု ဆိုကြသည်။

*

## တရုတ်ပြည်သူလူထု၏ အမေရိကန်ဆိုင်ရာအမြင်များ

တရုတ် ပြည်သူလူထုသည် နိုင်ငံတကာ ဆိုင်ရာအဆင့် အစီအစဉ်တွင် ရွေ့လျားမှုရှိမည်ဟု မျှော်ရည်ထားကြောင်းကို ကောင်းစွာသိရှိထားကြသည်။ တရုတ်နိုင်ငံက ဝင်ရိုးတစ်ခုအဖြစ် ရပ်တည်မှုရှိလာမည့် ဝင်ရိုးစုံညီ ကမ္ဘာသို့ ဦးတည်သည့် ဤအရွေ့သည် တရုတ်ပြည်ကို အကျိုးဖြစ်စေမည်ဟုလည်း သဘောပေါက် ထားကြသည်။ သို့သော် အမေရိကန်၏ အင်အားပေါ် တရုတ်၏ သဘောထားမှာ ရှုပ်ထွေးပေသည်။ မကြာမတင် ကာလက စစ်တမ်းများသည် အမေရိကန်၏ တန်ဖိုး၊ ယဉ်ကျေးမှု၊ မူဝါဒနှင့် အခြေခံအဆောက်အအုံများကို စသကဲ့သို့ Soft Power ကဏ္ဍများကို အထင်ကြီး အားကျမှု မြင့်မားတိုးမြင့်၍ လာနေသည်ဟုပင် ဖော်ပြခဲ့သည်။ အမေရိကန် ပြည်ထောင်စုကို ခြုံငုံအကောင်းမြင်သည့် တရုတ်အရေအတွက်သည် ၂၀၁၀ ပြည့်နှစ်တွင် ၅၈ ရာခိုင်နှုန်း ရှိခဲ့ကြောင်း Pew Global Attitudes Project က တွေ့ရှိခဲ့သည်။ ယင်းသည် ခြောက်နှစ်တာ စစ်တမ်းကောက်ယူချက်တွင် အဆင့်မြင့်ဆုံး ဖြစ်ခဲ့ပြီး စပိန်၊ အင်ဒိုနီးရှားနှင့် မက္ကဆီကိုနိုင်ငံများမှ ရလဒ်နှင့် နှိုင်းယှဉ်သာခဲ့သည်။ အလားတူပင် အမေရိကန်နိုင်ငံသည် နိုင်ငံတကာဆိုင်ရာ မူဝါဒဆုံးဖြတ်ချက်များ ချမှတ်ရာတွင် တရုတ်နိုင်ငံ၏ အကျိုးကို အတော်ကြီး သို့မဟုတ် တော်တော်ပင် ထည့်သွင်းစဉ်းစားထားသည်ဟု ယူဆသူ အရေအတွက်သည် လွန်ခဲ့သော နှစ်အနည်းငယ်က ၄၄ ရာခိုင်နှုန်းမှနေ၍ ၇၆ ရာခိုင်နှုန်းအထိ တိုးတက်သွားသည်ကို တွေ့ရသည်။ ကမ္ဘာ့ရေးရာနှင့် ပတ်သက်၍ အမေရိကန်သမ္မတက မှန်ကန်စွာ ဆောင်ရွက်မှုပြုမည်ဟူသော အမြင်ရှိသူတို့ အရေအတွက် ခုန်ပျံတက်လာသည်ကိုလည်း တွေ့ရသည်။ ယခင် ၃၀ ရာခိုင်နှုန်းမှနေ၍ ၂၀၀၈ ခုနှစ်တွင် ဘားရက်အိုဘားမား ရွေးကောက်ခံရပြီးနောက်တွင် ၆၂ ရာခိုင်နှုန်းသို့ ခုန်တက်ခဲ့သည်။ ထိုအချက်များ ကို စုပေါင်း အနက်ကောက်ရပါလျှင် နိုင်ငံတကာစနစ် အတွင်း၌ အမေရိကန်နိုင်ငံ ၏ ဂုဏ်သိက္ခာနှင့် ဩဇာကို ယုံကြည်မှု ပြန်လည်ရှိလာသည်ဟု ဖော်ပြဟန်ရှိနေ သည်။

mgyoe.com

mgyoe.com

သို့သော် အားအပြင်းဆုံးနှင့် ဆက်စပ်မှုအရှိဆုံး ကိန်းဂဏန်း စာရင်းဇယားများသည် တရုတ်နိုင်ငံ၏ အင်အားပေါ် တရုတ်ပြည်သူတို့အမြင်နှင့် ပတ်သက်သည့် စစ်တမ်းကောက်ယူမှုကို ဖြေကြားခဲ့သူ ၉၇ ရာခိုင်နှုန်း နီးပါးက သူတို့တိုင်းပြည်၏ အနေအထားကို ကောင်းသည်ဟု မြင်ခဲ့ကြပြီး ၈၇ ရာခိုင်နှုန်းသည် တရုတ်နိုင်ငံ၏ ခြုံငုံ ဦးတည်ချက်ကို ကျေနပ်မိကြသည်။ အခြားမည်သည့် နိုင်ငံမှာမှ ထိုသို့ ကိုယ့်တိုင်းပြည်ကို ကိုယ် ယုံကြည်မှုမျိုး မတွေ့ရချေ။ တရုတ် စစ်တမ်းဖြေပုဂ္ဂိုလ်များသည် ယင်းတို့ စုစုပေါင်း စီးပွားရေးအခြေအနေနှင့် ကုန်သွယ်ရေး အကျိုးအမြတ်ကိုလည်း နှစ်ထောင်းအားရဖြစ်ရပါကြောင်း ဖြေကြားခဲ့ကြသည်။

မည်သည့် နိုင်ငံသည် ကမ္ဘာ့ ဦးဆောင်ဦးရွက် စီးပွားရေးအင်အား ဖြစ်သနည်းဟု မေးမြန်းခံရသောအခါတွင် စစ်တမ်းဖြေကြားသူ ၄၅ ရာခိုင်နှုန်းက အမေရိကန်ပြည်ထောင်စုဟု တုံ့ပြန်ခဲ့ကြသည်။ ယင်းပမာဏသည် ယခင်နှစ်များနှင့် အကြမ်းဖျင်း နှိုင်းယှဉ်သာသည်။ သို့သော် ၂၀၁၀ ပြည့်နှစ်တွင် ၃၆ ရာခိုင်နှုန်းက တရုတ်ပြည်ဟု တုံ့ပြန်ခဲ့သည်။ ယင်းသည် ၂၀၀၈ ခုနှစ်တွင် ၂၁ ရာခိုင်နှုန်းမှ တက်လာသော အဆင့်ဖြစ်သည်။

၂၀၀၉ ခုနှစ်တွင် Lowy Institute မှ ပြုလုပ်ခဲ့သော စစ်တမ်းကမှ နိုင်ငံငါးနိုင်ငံထဲတွင် အမေရိကန်နိုင်ငံအား တရုတ်နိုင်ငံ၏ လုံခြုံရေးကို အကြီးဆုံးခြိမ်းခြောက်ချက်အဖြစ် ယူဆကြကြောင်း တွေ့ရှိခဲ့သည်။ စစ်တမ်း ဖြေကြားသူများသည် ပြည်နယ်ခွဲထွက်ရေး သမားများကို အမေရိကန်နိုင်ငံက ပံ့ပိုးမှု၊ တရုတ် (တိုင်ပေ) ကို ထောက်ခံမှု၊ ဂျပန်နှင့် ကိုရီးယားနှင့် ဒေသန္တရ မဟာမိတ်ပြုထားမှု စသည်ဖြင့် ထွေထွေပြားပြား အကြောင်းလုပ်ရပ်များကို သက်သေအဖြစ် ထောက်ပြခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် တရုတ် လူမျိုးအများစုက ဂေဟာစနစ် ဆိုင်ရာ ကိစ္စရပ်များ၊ အစားအစာနှင့် ရေရှားပါးမှုနှင့် ဂျပန်နိုင်ငံ အဏုမြူလက်နက်များ ပိုင်ဆိုင်လာရန် အလားအလာ စသော ပြည်တွင်းနှင့် ဒေသန္တရအရေးများကို အမေရိကန်ပြည်ထောင်စု၏ လုပ်ရပ်ထက်ပို၍ တရုတ်နိုင်ငံ လုံခြုံရေးကို ခြိမ်းခြောက်နေသော ကိစ္စရပ်များအဖြစ် မြင်ကြသည်။ ဤနေရာတွင် ကျွန်တော်တို့ မြင်တွေ့ရသော အခြား မျက်နှာစာကား တရုတ်နိုင်ငံက တစ်ဟုန်ထိုး ကြီးထွား သြဇာကြီးမားလာမည်ကို ပံ့ပိုးသည့်တိုင်အောင် အိမ်နားရှိ ကြီးမားသောနှင့် မဖြေရှင်းနိုင်သေးသော အရေးများကို ကြောင့်ကြခြင်းပင် ဖြစ်သည်။

*[Ref: Increasing by confident in Chinese Model]*

mgyoe.com

mgyoe.com

## တရုတ် - အမေရိကန် ဆက်ဆံရေးစစ်တမ်း

တရုတ်နိုင်ငံ၏ စစ်တမ်းများကို သံသယ ဖြစ်စရာအကြောင်း အတော်ခိုင်ခိုင်လုံလုံ ရှိလေသည်။ သတင်းဌာနများကဲ့သို့ပင် အစိုးရပိုင်မီဒီယာများသည် ဝါဒ ဖြန့်ချိရေး လက်တံများသာ ဖြစ်ကြသည်။ သို့သော် တရုတ်နိုင်ငံတွင် ကောက်ယူခဲ့သော ထိုစစ်တမ်းများသည် အသွင်တူပုံ ရှိနေသည်။ ၂၀၀၅ ခုနှစ်တွင် တရုတ် အစိုးရပိုင်သတင်းစာဖြစ်သော Huanqiu Shinbao (Global Times) သတင်းစာသည် အမေရိကန်နိုင်ငံကို သာမန် (မြို့ပြ) တရုတ်လူမျိုးများ မည်သို့မြင်သည်ကို ပထမဦးဆုံးအကြိမ် နှိုက်နှိုက်ချွတ်ချွတ် စစ်တမ်းကောက်ယူခဲ့သည်။ စစ်တမ်း ဖြေသူများသည် အကြမ်းဖျင်းအားဖြင့် အမေရိကန်ကို ပြိုင်ဖက်တစ်ဦးအဖြစ် မြင်သူများနှင့် လုပ်ဖော်ကိုင်ဖက်အဖြစ် မြင်သူများအဖြစ် ကွဲသွားခဲ့သည်။

တရုတ်–အမေရိကန် ဆက်ဆံရေးကို ကျေနပ်ပါသည်ဟု ဆိုညွှန်းသူ ၇၀ ရာခိုင်နှုန်း ရှိခဲ့သည့်တိုင်အောင် အမေရိကန်နိုင်ငံသည် သူ့အင်အားကို အသုံးပြု၍ တရုတ်နိုင်ငံကို ချုပ်ထိန်းနေသည်ဟု ယုံကြည်သူ ထက်ဝက် ၅၇ ရာခိုင်နှုန်းမက ရှိခဲ့သည်။ စစ်တမ်း ဖြေကြားသူတို့သည် အမေရိကန်၏ ယဉ်ကျေးမှု၊ သိပ္ပံနှင့် နည်းပညာ၊ တရားရေးစနစ်နှင့် စနအင်အားကို အထင်ကြီး အားကျခဲ့ပါသော်လည်း လူ့ အခွင့်အရေး ကိစ္စတွင် အမေရိကန်နိုင်ငံက ဝင်ရောက် ပတ်သက်နေသည့် အဓိကအကြောင်းမှာ တရုတ်နိုင်ငံကို မတည်မငြိမ် ဖြစ်အောင်ပြုရန် သို့မဟုတ် ဆိုးပုံပေါက်စေရန် ဖြစ်သည်ဟုလည်း အများအပြား ယုံကြည်ခဲ့ကြသည်။ ထိုစီမံကိန်းတွင် ပါဝင်ခဲ့သော တရုတ်သုတေသီများကမူ ထိုစစ်တမ်းအဖြေသည်

mgyoe.com

mgyoe.com


အမေရိကန်နိုင်ငံကို အချစ် – အမုန်း ရှုထောင့်မှမြင်ကြောင်း ရှုပ်ထွေးသော သဘော သဘာဝကို ပြသသည်ဟု ကောက်ချက် ချခဲ့ကြသည်။ အမေရိကန်၏ နိုင်ငံခြားရေး မူဝါဒထက် အမေရိကန် လူထု၊ ယဉ်ကျေးမှုနှင့် စီးပွားရေးဆောင်ရွက်မှုများ၏ အမြင်ကြည်လင်မှု တို့ကို ဖြစ်ခဲ့သည်ဟု ဆိုသည်။

၂၀၀၆ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်တွင် ထပ်မံစစ်တမ်း ကောက်ယူချက်များ သည်လည်း အလားတူ ခံစားချက်များကို ဖော်ပြခဲ့သည်။ အမေရိကန်နိုင်ငံကို ပြိုင်ဖက်အဖြစ် မြင်မှုရှိနေခဲ့သေးသည့် တိုင်အောင် အများစုက အကောင်းမြင်ခဲ့ကြပြီး အမေရိကန်နှင့် တရုတ်၏ အနာဂတ် ဆက်ဆံရေးနှင့် ပတ်သက်၍ အကျိုးမျှော်မှန်း မှု ရှိခဲ့ကြသည်။ သို့သော် အချက်နှစ်ချက်ကို သတိချပ်သင့်သည်။ ၂၀၀၅ ခုနှစ် ၂၀၀၇ခုနှစ်ကြားကာလအတွင်း တရုတ် (တိုင်ပေ)နှင့် ပတ်သက်၍ အမေရိကန် ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့ စစ်မက် ဖြစ်ပွားလိမ့်မည်ဟု ယုံကြည်သူ အရေ အတွက်သည် နှစ်ဆယ်ရာခိုင်နှုန်းတက်၍ ၇၀ ရာခိုင်နှုန်းသို့ ရောက်ခဲ့ပြီး အမေရိကန် နိုင်ငံသည် မဟာအင်အားကြီး နိုင်ငံတစ်နိုင်ငံအဖြစ် ရေရှည် ဆက်လက် တည်တံ့ နေဦးမည်ဟု ယုံကြည်သူ ၂၈ ရာခိုင်နှုန်းမှ နေ၍ ၁၆ ရာခိုင်နှုန်းသာ ရှိခဲ့တော့ သည်။ တရုတ် အကဲဖြတ်ရေးသမားများသည် ဤဝိရောဓိ ကျပုံရှိသော အဖြေ ရလဒ်များအား တရုတ်နိုင်ငံ၏ ကိုယ်ပိုင်အင်အားကို ယုံကြည်မှုရှိကြောင်းနှင့် တရုတ်၊ အမေရိကန် ဆက်ဆံရေးအတွင်းမှပင် တရုတ်နိုင်ငံ အကျိုးအမြတ် ရရှိ အောင် ဆောင်ရွက်နိုင်မည်ဟု ဘေဂျင်း၏ စွမ်းရည်ကို ယုံကြည်မှုရှိကြောင်း ပြဆို ချက်ဟု မြင်ကြသည်။ တရုတ်လူထုသည် အခြေခံအားဖြင့် တရားသေအမြင် ရှိသေးကြောင်း သုတေသီ နီဖန်က ဆိုညွှန်းခဲ့သည်။ အီရတ်နိုင်ငံ အတွင်း ပြဿနာ များကြောင့် Soft Power အထူးသဖြင့် အင်အားစုစည်းမှု သို့မဟုတ် ပြဿနာ ဖြေရှင်းစွမ်း ကျဆင်းမှုကို အမေရိကန်၏ ရေရှည် တည်တံ့စွမ်းကို ဒွန်တွဲ မြင်မှု ရှိသည်ဟု ဆိုသည်။ စာကြောင်းများကြားတွင် ဖတ်ရှုကြည့်လိုက်ပါလျှင် တစ်ခု တည်းသော မဟာအင်အားနှင့် အင်အားကြီးများစွာ ဘောင်ခွင်အတွင်း ယုံကြည် ချက်ကို ကျွန်တော်တို့ မြင်နိုင်သည်။ တရုတ်နိုင်ငံ၏ အောင်မြင်မှုကြောင့် ပို၍ တန်းတူညီမျှသော ဆက်ဆံရေး ထိုက်တန်လာသည်။ သို့သော် တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံပေါ် အရိပ်မိုးနိုင်စွမ်း မရှိသေးချေ။ နောက်ပိုင်းနှစ်များ၏ စစ်တမ်း အဖြေရက်များ မှတ်တမ်းတင်ထားခြင်း မရှိချေ။

သို့သော် ပို၍ကြမ်းတမ်းသော သို့မဟုတ် ဝေဖန်ပုတ်ခတ် အားပြင်းသော လမ်းကြောင်းကို ဆော်ဩသူများ တွေ့နိုင်ပါသော်လည်း ယင်းတို့ ကျယ်ကျယ်

mgyoe.com

mgyoe.com


ပြန့်ပြန့် မရှိလှသည့်တိုင်အောင် သူတို့အသံသည် တရုတ်ပြည်သူလူထု၏ သိစိတ်အတွင်း အရေးပါသော လှုပ်ရှားမှုတစ်ရပ်ကို အရိပ်အယောင်ပြသည်။ အထူးသဖြင့် တရုတ် လူငယ်အများစုက ဟိတ်ဟန်ကင်းမှုနှင့် ပို၍ပြင်းထန်သော အမျိုးသားရေးစိတ်ဓာတ်နှင့် နိုင်ငံရေးအကြောင်းများ အခြေအနေ ဆွေးနွေးရာ အင်တာနက်ပေါ်တွင် အမေရိကန်နိုင်ငံနှင့် ပတ်သက်လျှင် တရုတ်၏ အောက်ကျို့သည့်ဟန်ကို မလိုလား ဒေါသဖြစ်သည့် အငွေ့အသက်များ ပိပြင်စွာ တွေ့မြင်နိုင်သည်။ ဥပမာ–၂၀၀၉ ခုနှစ်၊ အောက်တိုဘာလတွင် Huamqiu Shilao သည် Onlineစစ်တမ်းကောက်ယူမှုတစ်ခုတွင် ၇၈ ရာခိုင်နှုန်းသည် အမေရိကန်နိုင်ငံနှင့် ကုန်သွယ်ရေးပဋိပက္ခ နောင် အနာဂတ်တိုင်အောင် သက်တမ်းကြာမြင့်ပြီဟု ယုံကြည်ကြောင်းဖော်ပြခဲ့သည်။ အမေရိကန်နိုင်ငံ၏ ကုန်သွယ်မှုကာကွယ်ရေးဝါဒများကို တရုတ်နိုင်ငံက မည်သို့ တုံ့ပြန်သင့်သနည်းဟု မေးမြန်းချက်ကိုမူ ပြတ်ပြတ်သားသားပြန်လည်တိုက်ခတ်သည့် မူဝါဒတစ်ခုချမှတ်ရန် ၈၉ ရာခိုင်နှုန်းက အကြံပြုခဲ့သည်။ ၁၀ ရာခိုင်နှုန်းခန့်သာ ဆွေးနွေးညှိနှိုင်းမှုပြုရန် အကြံပြုခဲ့သည်။ တိဗက်နှင့် တရုတ် (တိုင်ပေ) ကဲ့သို့သော နယ်မြေမပြိုကွဲရေးနှင့် ပတ်သက်သောကိစ္စများ အပါအဝင် အဓိကအကျိုးများကို ကာကွယ်ရေးအတွက် ဘေဂျင်းအစိုးရသည် ကျွန်ထက်ပို၍ အကြမ်းဖက်သင့်သည်ဟု အကြံပြုချက်များလည်း ရှိသည်။

ထိုအမြင်များကို ထည့်တွက် စဉ်းစားစရာ ဖြစ်သလောက်ပင် ယင်းကို တရုတ်ပြည်သူလူထု အများစု၏ သဘောထား သို့မဟုတ် တရုတ်မူဝါဒပေါ် ဩဇာညောင်းမှုရှိသည်ဟု ယူဆခြင်း မပြုမိရန် လိုအပ်သည်။ ပထမ သုံးသပ်ရမည်မှာ ချက်တင်ခန်းများနှင့် အင်တာနက်မှ ဆွေးနွေးပြောဆိုကြခြင်းကို တရုတ်အစိုးရက ကြားဖြတ် နားထောင် စိစစ်ထိန်းချုပ်လေ့ရှိသည်ဆိုသည့် အချက်ပင်။ တရုတ်နိုင်ငံ (သို့မဟုတ်) တရုတ် ကွန်မြူနစ်ပါတီကို လွန်ကျူးစွာ ပုတ်ခတ်ထားသည်ဟု ယူဆသောအချက်များကို ဖယ်ရှားလေ့ရှိပြီး နိုင်ငံတော်၏ ဝန်ထမ်းစောင့်ကြည့်ပုဂ္ဂိုလ်များက မကြာမကြာ ကြားဖြတ်ဝင်၍ ဆွေးနွေးမှုကို ပုံသွင်းလေ့ရှိသည်။ ဒုတိယတစ်ချက်မှာ ဘရုတ် ကွန်မြူနစ်ပါတီသည် ယင်းကိုယ်တိုင်၏ တရားဝင်အနေအထားကို ကျားကန်ရန် အားထုတ်သည့်အနေဖြင့် အမျိုးသားရေး စိတ်ဓာတ်များကို ဆော်ဩလေ့ ရှိတတ်သည်။ ပါတီကို သစ္စာစောင့်သိရေးကို မျိုးချစ်စိတ်ထက်သန်ရေးလှုံ့ဆော်မှုဖြင့် အစားထိုးတက်သည်။

တတိယအချက်ကား အကျယ်လောင်ဆုံး (သို့မဟုတ်) အစွန်းရောက်ဆုံး သဘောထားသည့် အာရုံစိုက်မှု အခံရဆုံး ဖြစ်သော်လည်း အကျယ်ပြန့်ဆုံး ကိုယ်

mgyoe.com

mgyoe.com


စားပြုချက် ဖြစ်ချင်မှ ဖြစ်ပေမည်။ အမေရိကန်နိုင်ငံမှာကဲ့သို့ပင် တရုတ်နိုင်ငံသားများသည် လူကိုယ်တိုင် ပြောဆိုသည်ထက် Onlineပေါ်တွင် အမြင် ပို၍ ပြင်းထန်ခက်ထန် မာကြောနေနိုင်သည်။ နောက်ဆုံးတစ်ချက် ပြောရလျှင်မူ ဤဆွေးနွေးချက်များတွင် အမေရိကန်၏ အင်အား အတိုင်းအတာနှင့် အရေးပါမှုနှင့် ပတ်သက်၍ အမြင်များ အတော်ထွေပြားသောကြောင့် တရုတ် Onlineအသိုက်အမြုံတွင် မည်သည့်အမြင်မှ လွှမ်းမိုးနေခြင်း မရှိဟုပင် ကောက်ချက်ချရပေမည်။

မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံ မူဝါဒချမှတ်သူများသည် အင်တာနက်နှင့် ချက်တင်ခန်းများမှ ပေါ်ပေါက်လာသည့် ပြည်သူ့ သဘောထားကို ပို၍ အလေးထားနေသည်ဟု ဆိုသည်။ ဆင်ဟွာ သတင်းစာသည် အင်တာနက် ခန်းများတွင် အပြင်းအထန် ဆွေးနွေးနေကြသည့်အကြောင်းများကို တရုတ်ထိပ်တန်း ခေါင်းဆောင်ကြီးထံသို့ နေ့စဉ်အစီရင်ခံရန် တာဝန်ယူထားရသည်။ ထို့အပြင် တရားဝင်မဟုတ်သေးသော သရုပ်ဆောင် အသစ်များသည် လူချင်း သိကျွမ်းမှု၊ အင်တာနက်မီဒီယာများနှင့် အဖွဲ့အစည်းဆိုင်ရာ စေ့ဆော်မှုမှ စသော အလွတ်သဘော လမ်းကြောင်းများမှတစ်ဆင့် ဩဇာညောင်းအောင် အောင်မြင်မှု ပြိုင်ဆိုင်နေကြသည်ဟု Stockholm International Peace Research Institute (SIPRI) ၏ အစီရင်ခံစာ တစ်ခုက ဆိုသည်။

ရာထူးဌာန အဆင့်ဆင့်မှ တရုတ် အရာရှိများကမူ ပြည်သူ့သဘောထားကို နိုင်ငံခြား မူဝါဒ ချမှတ်ရေးထံသို့ လမ်းကြောင်းပြောင်းသွင်းလေ့ရှိသည်ဟု ဆိုသည်။ ပြည်သူ့သဘောထားကို လျစ်လျူရှုပါလျှင် ပါတီ၏ တရားဝင်ရပ်တည်မှု အားပျော့သွားမည်ဟု ညွှန်းဆိုဟန် ရှိသည်။ သို့သော် ဤလုပ်ငန်းစဉ်ကို မည်သို့ဆောင်ရွက်သည်နှင့် တရုတ် ခေါင်းဆောင်များက လူထု သဘောထားကို အမှန်တကယ် မည်မျှ အတိုင်းအတာအထိ ထည့်တွက်သည် ဆိုသည့်အချက်ကား မသဲကွဲချေ။ ထို့အပြင် ထိပ်တန်းခေါင်းဆောင်အုပ်စုသည် ပါတီ၏ ဝါဒ ဖြန့်ချိရေးစနစ်မှတစ်ဆင့် ပြည်သူ့ သဘောထားကို ပုံသွင်းရန်နှင့် တိုင်းတာရန် ကြံဆကြောင်းကိုလည်း အသိအမှတ်ပြုရမည်။ ပါတီဝါဒ ဖြန့်ချိရေးစနစ်သည် အရာရာကို သိမြင်နိုင်စွမ်းရှိသည့်တိုင်အောင် လူအများစု မည်သည့်အရာကို ကြားရမြင်ရ စဉ်းစားသုံးသပ်ရမည်ကို ချမှတ်ရာတွင် တိတ်တိတ်ဆိတ်ဆိတ် လက်ဖောင်းထက်လှသည်ဟုပင် ဆိုရမည်။

*[Ref : Increasing by confident in Chinese Model]*

mgyoe.com

mgyoe.com

## အမေရိကန်နိုင်ငံ၏ အာရှမဏ္ဍိုင် အလှည့်အပြောင်း

ဝါရှင်တန်သည် ယင်း၏ စွမ်းအင်၊ စွမ်းအားရင်းမြစ်များနှင့် အာရုံ စူးစိုက်မှုကို အရှေ့အလယ်ပိုင်းဒေသနှင့် ဥရောပမှနေ၍ အာရှသို့ တစ်ပတ်လှည့် ရွေ့ပြောင်းလိုက်ပြီဟု ဆိုသည်။ အနာဂတ်တွင် အမေရိကန်နိုင်ငံ၏ ကြွယ်ဝချမ်းသာမှု၊ လုံခြုံရေးနှင့် ကမ္ဘာလုံးဆိုင်ရာ ဩဇာရရှိရေးအတွက် ထိုဒေသ၏ အသက်တမျှ အရေးပါမှု တိုးမြင့်လာနေကြောင်း အသိအမှတ်ပြု သဘောပေါက်စွာ ဆောင်ရွက်ချက်တစ်ရပ် ဖြစ်သည်ဟု ဆိုရမည်။ ကံဆိုးစွာပင် ထို အရွေ့အပြောင်း ဆောင်ရွက်မှုကြောင့် တရုတ်နိုင်ငံနှင့် အပြန်အလှန် သံသယဖြင့် ရှုမှုပို၍ ရှိလာခဲ့ရပြီး ထိုဒေသတစ်ခွင် တည်ငြိမ်မှုကို ထိပါးလာစေနိုင်သည်ဟု ယူဆနိုင်သည်။ ၉/၁၁ လွန်နောက်ပိုင်း အမေရိကန်အစိုးရ၏ နိုင်ငံခြားရေးမူဝါဒ အရွေ့အပြောင်းကြောင့် ဆယ်စုနှစ် တစ်စုစာမျှ တည်ငြိမ်ခဲ့သော တရုတ် အမေရိကန် ဆက်ဆံရေးတို့ နိဂုံးချုပ်ကိန်းဆိုက်လာသည်။

၉/၁၁ လွန်ကာလတွင် ဝါရှင်တန်သည် (ဂျော့ဒဗလျူဘုရှ် ၏ စကားဖြင့် ဆိုရပါလျှင်) တရုတ်နိုင်ငံအား ခြိမ်းခြောက်စွာ ထကြွလာနေသော မဟာဗျူဟာပြိုင်ဘက်အဖြစ် ရှုမြင်ရာမှ ရှင်းရှင်းကြီး ပြောင်းရွှေ့၍ အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့် ရာသီဥတု ပြောင်းလဲမှုသည် ကမ္ဘာ့စီးပွားရေး မတည်ငြိမ်မှုအထိ ထွေထွေပြားပြား သမားရိုးကျ ပြဿနာများကို ဖြေရှင်းရန်အတွက် တရုတ်နှင့် အမေရိကန်၏ ပူးပေါင်းဆောင်ရွက်ရေး အဆင့်များကို သိသိသာသာ မြှင့်တင်ခဲ့သည်။ ဝါရှင်တန်၏ ဤ အနေပြောင်းမှုသည် အနာဂတ်တွင် ရန်လိုသော တရုတ်နိုင်ငံ ပေါ်

mgyoe.com

mgyoe.com
ပေါက်လာနိုင်ခြေကို အရံအတားပြုသည့် အနိမ့်စားစစ်ဆင်ရေး အစုအခံများ ပြုရင်းဖြင့် ပို၍ ကြီးကျယ်သော တရုတ်–အမေရိကန် ဆက်ဆံရေး တည်ရန်ဟူသော အမေရိကန်နိုင်ငံ၏ စောစောပိုင်းရေရှည်ရပ်တည်မှုနှင့် ပြည်လည်သဟဇာတကျသွားသည်။

မကြာမတင်ကာလက သမ္မတအိုဘားမားနှင့် နိုင်ငံခြားရေးဝန်ကြီး ကလင်တန်တို့ ပစိဖိတ်တောင်ပိုင်းနှင့် အနောက်ပိုင်းသို့ အလည်အပတ်သွားရောက်၍ ဘက်ပေါင်းစုံ စီးပွားရေးနှင့် လုံခြုံရေးဆက်စပ်သော ကဏ္ဍများတွင် အမေရိကန် ပါဝင်မှု ချဲ့ထွင်ခြင်းနှင့် ဝါရှင်တန်၏ သမားရိုးကျ စစ်ရေး မဟာမိတ်များ ခိုင်မာအောင် ဆောင်ရွက်ခြင်းဖြင့် အမေရိကန် ပြည်ထောင်စုသည် နိုးထလာသော တရုတ်နိုင်ငံနှင့် ပတ်သက်၍ ၉/၁၁ မဟာဗျူဟာသဘောထားသို့ နောက်ကြောင်းပြန်သွားရန် ရည်ရွယ်ကြောင်း ယခုအချက်က ပြနေသည်။ ဤ သဘောထားသည် ဒေသတစ်ခွင်တွင် တရုတ်အင်အားနှင့် ဩဇာပျံ့နှံ့ရေးကို အတိအကျ ဟန်ချက်ညီရန်နှင့် ချုပ်ထိန်းမှုပြုရန်ကို ဦးစားပေးသည်။

ဤ ဆောင်ရွက်ချက်များသည် အရှေ့တောင်အာရှနိုင်ငံများနှင့် ဂျပန်နိုင်ငံဖြင့် ရေကြောင်းပိုင်နက်ဆိုင်ရာ ပဋိပက္ခများစွာ ဖြစ်နေသော တရုတ်နိုင်ငံ၏ နိုင်လိုမင်းထက် အပြုအမူများနှင့် ပတ်သက်၍ ဒေသတွင်းစိုးရိမ်ကြောင့်ကြမှုများ တိုးပွားနေမှုနှင့် အမေရိကန် ကျဆင်း၊ ကသောင်းကနင်း ဖြစ်နေပြီဟူသောအမြင်ကို တုံ့ပြန်ရန် လိုအပ်နေမှုအရ ဆောင်ရွက်ချက်ပင် ဖြစ်သည်။

အာရှနှင့် ပတ်သက်၍ ဝါရှင်တန်၏ ရပ်တည်မှုကို ရှင်းရှင်းလင်းလင်း၊ ပြတ်ပြတ်သားသား အာမခံ အတည်ထပ်မံပြုရန် လိုအပ်ပါသော်လည်း ယင်းသည် လိုချင်သော သက်ရောက်အားကို ဖြစ်ပေါ်နေစေခြင်း မရှိချေ။ ထိုဒေသသို့ မကြာမတင်ကာလက သမ္မတအိုဘားမားရောက်ရှိခိုက်တွင် တရုတ်နိုင်ငံအား နိုးကြွားလာနေသော အင်အားတစ်ခုအဖြစ် ကြိုဆိုသင့်ကြောင်း ဆိုညွှန်းမှုများ ပြုခဲ့ပြီး အခြားအင်အားများနှင့် တရုတ်နိုင်ငံ၏ ပဋိပက္ခတွင် အမေရိကန်နိုင်ငံသည် ဘက်မလိုက် ရပ်တည်မှုပြုရန် ရည်ရွယ်ကြောင်း အထပ်ထပ်အခါခါ ပြောကြားခဲ့သော်လည်း နိုင်ငံခြားရေးဝန်ကြီး ကလင်တန်နှင့် အမေရိကန် အစိုးရ၏ အခြားထိပ်တန်းအရာရှိကြီးများသည် အနည်းဆုံး ၂၀၁၀ ပြည့်နှစ်၊ နှစ်လယ်ကာလလောက်ကတည်းကပင် တစ်ဘာသာခြားနားသော စကားများ ပါလာခဲ့ကြသည်။ မှတ်မှတ်သားသားဖြစ်စရာ အကောင်းဆုံးအချက်ကား ရေကြောင်းပိုင်နက်များဆိုင်ရာ ပဋိပက္ခများ ဘေဂျင်းနှင့် ဖြစ်ပွားနေသည့် ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် ဂျပန်တို့၏
mgyoe.com